# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (3-6-2015) (၈၂၂၀)


**မျက်မှောက်လောက ကြီးပွားကြောင်း တရားလေးပါး**

* ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
* အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
* ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
* သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

မိုးကုတ်
၂ ဒသမ ၂၈ လက်မ
ဇောင်းတူ
၁ ဒသမ ၅၀ လက်မ
ဂန့်ဂေါ
၁ ဒသမ ၄၂ လက်မ
ကျိုက္ခမီ
၁ ဒသမ ၁၈ လက်မ

## ဒေါက်တာနေဇင်လတ်၏ အမျိုးသားတိုးတက်ရေးပါတီနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၇/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်
၁၃၇၇ ခု၊ နယုန်လပြည့်ကျော် ၁ ရက်

**ဒေါက်တာနေဇင်လတ်၏ အမျိုးသားတိုးတက်ရေးပါတီနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်ခြင်း**

၁။ အမျိုးသားတိုးတက်ရေးပါတီ ထူထောင်ခဲ့သော နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာနေဇင်လတ်အား နိုင်ငံတော်သမ္မတနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်သော်လည်းကောင်း ဆက်စပ်ပတ်သက်မှုမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၅)ဖြင့် တာဝန်မှ အနားယူခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့၊ ယခင်အဖွဲ့ဝင် ဒေါက်တာနေဇင်လတ် နာယကအဖြစ် ထူထောင်ထားသော အမျိုးသားတိုးတက်ရေးပါတီသည် နိုင်ငံတော်သမ္မတနှင့် သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်သော်လည်းကောင်း လုံးဝပတ်သက်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

## နေရာကွက်ကျား မိုးရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

# ဆီးဂိမ်းပြိုင်ပွဲ မြန်မာယူ-၂၃ ဘောလုံးအသင်း ပွဲဦးထွက် အနိုင်ရ




(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအုပ်စုအဖွင့် ဘောလုံးပွဲစဉ်တွင် မြန်မာ ယူ-၂၃ ဘောလုံးအသင်းက အင်ဒိုနီးရှား ယူ-၂၃ ဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ စင်ကာပူရောက် မြန်မာပရိသတ် ၃၀၀၀ ကျော်က စည်းကမ်းရှိစွာဖြင့် အားပေးခဲ့ကြပြီး မြန်မာအသင်းအနိုင်ရမှုအတွက် ဝမ်းသာပီတိ ဤသို့ဖြစ်ခဲ့ကြသည်။ *(သတင်း စာမျက်နှာ - ၈)* (ဓာတ်ပုံ - မြန်မာဘောလုံးချစ်မြတ်နိုးသူများ)

# ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ယာဉ်လိုင်းများ ယာဉ်စီးခပိုတောင်းခံမှု ပိုမိုရဲတင်းလာ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ၅၀ ကျပ်နှင့် ၁၀၀ ကျပ်တန် ဘတ်စ်ကားအများစုမှာ ဘတ်စ်ကားခကို နှစ်ဆပိုမိုတောင်းခံမှုများရှိနေကြောင်း ခရီးသွားများက ပြောသည်။

မထသမှ သတ်မှတ်ထားသော ခရီးစဉ်အပိုင်းဖြတ် သတ်မှတ်ဈေးနှုန်းအတိုင်းမဟုတ်ဘဲ ယာဉ်နောက်လိုက်များက ကျပ် ၅၀ ခရီးကို ကျပ် ၁၀၀၊ ကျပ် ၁၀၀ ခရီးကို ကျပ် ၂၀၀ ဖြင့် ၎င်းတို့ စိတ်ကြိုက်ယာဉ်စီးခများကို တောင်းခံနေကြောင်း နေ့စဉ်ခရီးသွားများက ပြောသည်။

ပုံမှန်ဈေးဆိုပါက (၅၇)ယာဉ်လိုင်းစီးလျှင် ကျုံးကြီးမှ ဆူးလေ ကျပ် ၅၀၊ ဆူးလေမှဂန္ဒီ ကျပ် ၅၀ ဖြစ်ရမည့်အစား ကျုံးကြီးမှ ပန်းဆိုးတန်း ကျပ် ၁၀၀၊ ပန်းဆိုးတန်းကျော်လျှင် ကျပ် ၂၀၀ တောင်းကြကြောင်း၊ သက်ကြီးရွယ်အိုများကိုလည်း မချေမငံပြောဆိုပြီး တောင်းကြောင်း၊ ယခင်က လသာမှ ဖြတ်ကွေ့တတ်သည့် (၅၇)ယာဉ်လိုင်းအချို့သည် လိုင်းပိတ်ခံရမည့် စည်းကမ်းချက်ကြောင့် လသာမှ ဖြတ်ကွေ့ခြင်းမရှိတော့ကြောင်း၊ ယခုလည်း ယင်းကဲ့သို့ ထိရောက်ပြင်းထန်သည့် စည်းကမ်းများဖြင့် တင်းကျပ်မှသာ ယာဉ်စီးခပိုမိုတောင်းခံခြင်းကို တားမြစ်နိုင်မည်ဖြစ်ကြောင်း (၅၇)ယာဉ်လိုင်းကို နေ့စဉ် စီးနေရသူ ဝန်ထမ်းတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့မှာပြေးဆွဲနေတဲ့ အထူးလိုင်းမဟုတ်တဲ့ ယာဉ်လိုင်းတော်တော်များများက ယာဉ်စီးခပိုတောင်းနေကြတယ်။ သူတို့က တစ်မှတ်တိုင်၊ နှစ်မှတ်တိုင်စီးလည်း ငွေကျပ် ၁၀၀ တောင်းတာပဲ။ ကျပ် ၅၀ ပေးစီးလို့မရဘူး။ ကျပ် ၂၀၀ တန်ခရီးကိုလည်း ကျပ် ၃၀၀ တောင်းတယ်။ တချို့ဆို ကျပ် ၃၀၀ မပေးနိုင်လို့ပြန်ပြောတော့ ယာဉ်နောက်လိုက်က ကားကို ရပ်ခိုင်းပြီး ရောက်တဲ့နေရာမှာ ခရီးသည်ကို ဆင်းခိုင်းတယ်။ ဒီအပြုအမူကို တိုင်တန်းဖို့ဆိုတာလည်း သူတို့မလုပ်နိုင်ကြဘူး။ နောက် ကားကို ဂိတ်ဆုံးထိမသွားဘဲ ဂတ်(စ်)ဖြည့်ဖို့၊ ကားပြင်ဖို့တို့ကို အကြောင်းပြပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




ကြေးမုံ စာတည်းရှုထောင့် ၃-၆-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# လူ့စွမ်းအားအရင်းအမြစ်များ ထုတ်ဖော်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာရေးတွင် နိုင်ငံ၏ အမာခံအင်အားလူသားအရင်းအမြစ်များက အဆုံးအဖြတ်ပေးသွားသည်။ မြေပေါ်မြေအောက်သယံဇာတနည်းပါးသော အာရှ၏ စီးပွားရေးကျားဟု တင်စားထားသည့် စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများမှာ နည်းပညာစွမ်းအားနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးသည့်နိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများမှာ မိမိတို့နိုင်ငံကဲ့သို့ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါကြွယ်နေမည်ဆိုပါလျှင် မည်မျှဖွံ့ဖြိုးဝေစည်ရှိနေမည်ကို ခန့်မှန်းတွက်ချက်၍ပင် ရနိုင်မည်မဟုတ်ပါ။

နိုင်ငံတစ်နိုင်ငံ၌ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၏ ဘူမိနက်သန်မူလနေရာမှန်မှာ ပညာရေးပင်ဖြစ်ပါသည်။ ၂၁ ရာစုကို ပညာခေတ်ဟု အားလုံးက လက်ခံထားပြီးဖြစ်ရာ ဤရာစုတွင် နောက်ချန်ကျန်မနေရစ်ရန် ပညာရေးကို အဆင့်မြှင့်တင်ကြိုးပမ်းလာကြရပါပြီ။ ပညာရေးတွင် ကမ္ဘာနှင့်အဝန်းအပြိုင်အဆိုင် ရှိလာနေကြချိန် မိမိတို့နိုင်ငံသည်လည်း အင်တိုက်အားတိုက်နှင့် ရှိလာနေပါပြီ။

ပညာရေး၏ အခြေခံမူလအစ အခြေခံပညာကို အုတ်မြစ်ခိုင်မာမှုရှိလာစေရန် သူငယ်တန်းမှသည် တက္ကသိုလ်ဝင်တန်းထိ အခြေခံပညာသင်ကြားကြရမည့် ကလေးများအားလုံးကျောင်းရောက်ရှိရေးတွင် နိုင်ငံတော်နှင့်အတူ မိဘ၊ ဆရာများဘက်ကလည်း ကိုယ်စီတာဝန်ရှိကြပါသည်။ တစ်နိုင်ငံလုံးဆင်းရဲချမ်းသာမရွေး အခြေခံပညာသင်ကြားခွင့်ရအောင် နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။ ဤလုပ်ဆောင်ပေးချက်သည် အခြေခံပညာအခြေခိုင်မာမှုရှိလာစေရေးအတွက် ကြီးမားသောအထောက်အကူဖြစ်ပေသည်။

တစ်ဖက်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ကလေးများ တဖြည်းဖြည်းလျော့နည်းပပျောက်ပြီး တစ်နိုင်ငံလုံးမှကလေးများ စာသင်ခန်းသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ နိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၏ မူလဌာန အခြေခံပညာအခြေခိုင်မာလာပြီဆိုသည်နှင့် ဆင့်ကဲဖြစ်စဉ် အဆင့်မြင့်ပညာသည်လည်း ဖွံ့ဖြိုးဝေစည်ကာ နိုင်ငံ့သားကောင်းရတနာလေးများ ပေါ်ထွန်းလာပါမည်။ လူ့စွမ်းအားအရင်းအမြစ်များနှင့် အနာဂတ်နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်းလာနိုင်ပါမည်။

ယခုတစ်ဖန် အခြေခံပညာအဆင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်လာနေပါပြီ။ အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း)အောင်သော ကလေးတိုင်း လျှောက်ထားနိုင်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များကို တစ်နိုင်ငံလုံးသို့ အသိပေးခေါ်ယူနေပါပြီ။ မိမိတက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းမှာ လျှောက်လွှာတင်သွင်းနိုင်ပြီး သင်တန်းကာလတွင် ကျောင်းသားတစ်ယောက်အား တစ်လကျပ် ၃၀၀၀၀ ထောက်ပံ့ပေးဦးမည်။ နှစ်နှစ်သင်တန်း ထူးချွန်စွာအောင်မြင်ပါက နည်းပညာတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိမည်။ ရိုးရိုးသာအောင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာအစိုးရစက်မှုလက်မှု သိပ္ပံများ၏ မူဘောင်အတိုင်း တက်ရောက်ခွင့်ရရှိမည်ဟု သိရသည်။

သင်တန်းများတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်များရရှိစေရန် စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်းသင်ကြားပေးမည်ဆိုထားရာ အနာဂတ်လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်တက်လာမည်မှာ အသေအချာဖြစ်ပါသည်။ ကျောင်းအပ်ခြင်းကို ၂၅-၅-၂၀၁၅ မှ ၂၁-၆-၂၀၁၅ အထိ သတ်မှတ်ထားရာ ၁-၆-၂၀၁၅ ကျောင်းဖွင့်ချိန်အမီ လျှောက်ထားနိုင်ဖို့ လိုအပ်ပါသည်။

ယခုဖွင့်လှစ်သည့် အစိုးရနည်းပညာအထက်တန်းကျောင်းများကဲ့သို့ တစ်ချိန်ချိန်မှာ အခြေအနေပေးပါက နည်းပညာအလယ်တန်းကျောင်း ဖွင့်လှစ်ပေးလာနိုင်ပါလျှင် မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိရာ ကျေးလက်ဒေသပညာရေးတွင် စတုတ္ထတန်းအထိ ပညာသင်ကြားပြီးနောက် ကျောင်းနားလိုက်ရသော မျိုးဆက်သစ်ကလေးများအတွက် ကြီးစွာအထောက်အကူဖြစ်စေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ။

# အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါများ တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေလက်ခံမှုဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂**

Partners Meeting on GFATM Principal Recipient Transition အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကမ္ဘာ့ရန်ပုံငွေကို အဓိကလက်ခံသူအဖြစ် ဆောင်ရွက်ရန်ပြင်ဆင်ရာ၌ လိုအပ်သည့် စီမံချက်များအပါအဝင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ရန်၊ ဘဏ္ဍာငွေနှင့် နည်းပညာအရင်းအမြစ်များကို မိတ်ဖက်အဖွဲ့အစည်းအားလုံးမှ ပူးပေါင်းပြီး ပံ့ပိုးဆောင်ရွက်နိုင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကမ္ဘာ့ရန်ပုံငွေကို အဓိကလက်ခံသူအဖြစ်ဆောင်ရွက်ရန် ပြင်ဆင်ရာ၌ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက အမှာစကားပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ကမ္ဘာ့ရန်ပုံငွေကို ကျန်းမာရေးဝန်ကြီးဌာနမှ အဓိက လက်ခံစိစစ်ခန့်ခွဲသူအဖြစ်ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ ၅ ရာခိုင်နှုန်း ကျွမ်းကျင်သူတစ်ဦးမှ တာဝန်ရှိသူက ကနဦးဖွဲ့စည်းပုံ ဆန်းစစ်ခြင်းလုပ်ငန်းမှ တွေ့ရှိချက်များကိုလည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ရန်ပုံငွေကို အဓိကလက်ခံသူအဖြစ် ဆောင်ရွက်ရန် ပြင်ဆင်သည့်အချိန်ကာလတွင် လိုအပ်သည့် အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးကြကြောင်း သိရသည်။

(ကြေးမုံ)


# ပထမပြန်စာမေးပွဲ ဘာသာပြန်ကျမ်းစာများ အသစ်ပြဋ္ဌာန်း

**နေပြည်တော် ဇွန် ၂**

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲ ဘာသာပြန် ပြဋ္ဌာန်းကျမ်းစာများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်က လေးနှစ်လျှင် တစ်ကြိမ် ပြောင်းလဲပြဋ္ဌာန်းခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပထမကြီးတန်းအတွက် ဇာတက အဋ္ဌကထာ ပဏ္ဏာသနိပါတ်အစမှ အသီတိနိပါတ် မဟာသုတသောမဇာတ်အဆုံးအထိ ဇာတ်ပေါင်း ၁၂ ဇာတ်၊ ပထမလတ်တန်းအတွက် စတုက္ကနိပါတ်၊ စူဠကုဏာလဝဂ်အစမှ ဆက္ကနိပါတ်အဆုံးထိ ဇာတ်ပေါင်း ၅၅ ဇာတ်နှင့် ပထမငယ်တန်းအတွက် ပရောသတဝဂ် အစမှ ဧကနိပါတ် အဆုံးထိ ဇာတ်ပေါင်း ၂၀ တို့ကို သတ်မှတ်ပြဋ္ဌာန်းထားကြောင်းနှင့် အဆိုပါ ပြဋ္ဌာန်းကျမ်းစာအသစ်များကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ်အရောင်းဆိုင်နှင့် သက်ဆိုင်ရာ ပိဋကကျမ်းစာအရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သာသနာရေးဦးစီးဌာနက သိရသည်။

(ကြေးမုံ)

❑❑




## ရွှေဈေး၊ စက်သုံးဆီဈေးနှုန်း

**ရန်ကုန် ဇွန် ၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၆၈၀၀ | - | ၇၁၇၈၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၆၈၀၀ | - | ၇၁၇၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

## ပညာရဲရင့် ပွဲလယ်တင့်

**အမှားပြင်ကြော်ငြာခြင်း**
၇-၂-၂၀၁၅ရက် ကြေးမုံစာမျက်နှာ(၁၅)တွင် ဒေါ်ဥမ္မာသိန်း အမည်ပေါက် ကြော်ငြာရာတွင် ဒေါ်စောဥမ္မာဟု မှားယွင်းကြေညာမိပါသဖြင့် ဒေါ်ဥမ္မာသိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အလက(၉)၊ အဋ္ဌမတန်းမှ မောင်သန့်ဇင်ဝင်း၏ဖခင်အမည်မှန်မှာ မင်းမင်း(ခ)မောင်မြင့်ကြည် [၁၄/ဒဒရ(နိုင်)၁၁၄၅၄၅]ဖြစ်ပါကြောင်း။
မောင်မြင့်ကြည်

**QQ 3 Taxi**
တလက်ကိုင် အိမ်ပေး၊ စပေါ်(၂) သိန်း၊
(၁)ရက် ၈၀၀၀။
ရုံးချိန်အတွင်း
Ph:09-73015884

**အမြန်ရောင်းမည်**
ငပလီ လင်းသာရွာကမ်းခြေနှင့် လမ်းလျှောက်လျှင် ၁၀မိနစ်ခန့်၊ ၀. ၅ဧက၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၄၂၀၉၀၃၃၁၊ ၀၉-၇၉၈၆၁၄၉၁၈

**အမြန်ငှားလိုပါသည်**
ရန်ကင်း၊ ဗဟန်း၊ ပုလဲကွန်ဒိုအနီး၊ ကမာရွတ်မြို့နယ်၊ (၁၅)သိန်း/(၅၀)သိန်း ဝန်းကျင်ရှိ လုံးချင်းအိမ်၊ ကွန်ဒို၊ တိုက်ခန်းများရှိပါက ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ဆက်သွယ်ပါရန်။
MS real-estate agency
အမှတ်(၇၇)၊ A-2 ၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး။
Ph: 09-33216031, 09-420778166

**KMD Education Services**
ISO | NCC | University of Greenwich | SQA | LCCI | City & Guilds | Huawei | Microsoft Official Learning Partner



နိုင်ငံတကာအသိအမှတ်ပြု IT Professional တစ်ယောက်ဖြစ်လိုလျှင် ကမ္ဘာ့အဆင့်ထူးချွန်ကျောင်းသား / သူများ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

အပါတ်စဉ်တန်းခွဲသစ်များ စုံစမ်းအပ်နှံနိုင်ပါသည်။

(ပန်းဆိုးတန်း) ဖုန်း - ၃၈၁၀၃၅၊ ၃၈၁၁၂၉
(မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆၊ ၅၀၂၂၃၃
(လှည်းတန်းသမ်း) ဖုန်း - ၂၂၅၅၅၅၊ ၂၃၀၁၈၀
(သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၊ ၃၈၄၆၄၃
(တာမွေ-၁/၂) ဖုန်း - ၅၄၁၃၂၈/ ၅၄၆၆၀၀
(လှည်းတန်း-၁/၂) ဖုန်း - ၅၂၄၄၀၀/ ၅၀၂၂၁၀
(ကမ္ဘာ့အေး) ဖုန်း - ၆၆၀၈၈၇

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် ၄၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃) ရက်မြောက်နေ့ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားပြီး တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် ၄၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချေးငွေလျာထားချက်ဖြစ်သည့် ၂၀၁၅ မိုးချေးငွေအတွက် ငွေကျပ် (၁၀၅၆ ဒသမ ၂၆) ဘီလီယံ၊ ၂၀၁၅ ဆောင်းချေးငွေအတွက် ငွေကျပ်(၂၈၃ ဒသမ ၁၃) ဘီလီယံနှင့် ၂၀၁၆ မိုးကြိုချေးငွေအတွက် ငွေကျပ် (၅၈ ဒသမ ၃၇) ဘီလီယံ စုစုပေါင်းငွေကျပ်(၁၃၉၂ ဒသမ ၇၆)ဘီလီယံ ရရှိရေးအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် ပြည်ထောင်စု အစိုးရအဖွဲ့တို့သို့ တင်ပြတောင်းခံခဲ့ရာ မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ် (၈၀၀)ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် (၄၀၀)ဘီလီယံ စုစုပေါင်းကျပ် (၁၂၀၀)ဘီလီယံ ထုတ်ချေးခွင့်ရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျပ်(၄၀၀)ဘီလီယံ ထုတ်ချေးခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ အရလည်းကောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၁၃ အရလည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ် ချေးငွေအတွက် ကျပ် (၄၀၀) ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်ရရှိရေး အတည်ပြုခွင့်ပြုပေးနိုင်ပါရန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေဖြစ်သည့် မိုးချေးငွေ၊ ဆောင်းချေးငွေနှင့် မိုးကြိုချေးငွေများကို ထုတ်ချေးပေးခဲ့ပါကြောင်း၊ ငွေချေးငှားရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ (၉၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် (၄၀၀) ဘီလီယံချေးယူရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

**(သတင်းစဉ်)**



# တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်အခြေစိုက် ဟားဗက်တက္ကသိုလ်အုပ်ချုပ်မှု ပညာရပ်ဆိုင်ရာ ကနေဒီကျောင်း (HARVARD Kennedy School)၊ အက်ရှ်စင်တာ (ASH Center) မြန်မာဌာနမှ Mr.Thomas J.Vallely အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် Mr. Thomas J.Vallely က မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ နိုင်ငံရေးအရ လေ့လာနေသော Proximity Designs အဖွဲ့၏ လေ့လာတွေ့ရှိချက်များကို အခြားနိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ဆွေးနွေးသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိနိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် နောက်ခံသမိုင်းကြောင်းပေါ်မူတည်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

**(မြဝတီ)**

# အာဆီယံလူမှုသစ်တောကွန်ရက်အဖွဲ့(ASFN) (၆)ကြိမ်မြောက်ညီလာခံကျင်းပ

**နေပြည်တော် ဇွန် ၂**

အာဆီယံ လူမှုသစ်တောကွန်ရက်အဖွဲ့(ASFN)(၆)ကြိမ်မြောက်ညီလာခံ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် အင်းလေးခေါင်တိုင် ဟူပင်ဟိုတယ်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရာသီဥတုပြောင်းလဲမှုသည် အာဆီယံနိုင်ငံများတွင် ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် ကမ်းရိုးတန်းနှင့် တောင်ပေါ်ဒေသများတွင်ဖြစ်ပေါ်နေပြီး မီးခိုးမြူများ၊ တောမီးများ၊ ပူပြင်းခြောက်သွေ့ခြင်းများနှင့် တိုင်ဖုန်းမုန်တိုင်းများသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော ဆိုးကျိုးအထောက်အထားများဖြစ်ကြောင်း၊ အဆိုပါ အန္တရာယ်နှင့် ဆိုးကျိုးများကို အနည်းဆုံးဖြစ်အောင်လျှော့ချကာ မြေ၊ သစ်တော၊ ရေနှင့် အဏ္ဏဝါ သယံဇာတများအား ရေရှည်တည်တံ့ပြီး ထိရောက်အကျိုးရှိအောင် အသုံးချ၍ စားနပ်ရိက္ခာဖူလုံရေး ရည်မှန်းချက်ကို အထောက်အကူပြုရန်ဖြစ်ကြောင်း၊ ASFN သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အထောက်အပံ့၊ ASEAN – Swiss လူမှုသစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(ASFCC)၏ အထောက်အပံ့တို့နှင့် ရည်မှန်းချက်အောင်မြင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုညီလာခံ၏ ဆွေးနွေးအကြံပြုချက်များဖြင့် သစ်တောသယံဇာတအပေါ်မှီခို အသက်ရှင်ရသော ဒေသခံများအတွက် အကျိုးဖြစ်စေမည့်ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုရရှိရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ညီလာခံကို ဇွန် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး (၉)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကိုဇွန် ၄ ရက်မှ ၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံ ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် Global CC advisor Dr. Jurgen Blaser, RECOFTC-ASFCC Director Dr.Tint Lwin Thaung, Head of ASFN Secretariat Ms. Sagita Arhidani နှင့် Senior Advisor ASFCC Dr. Doris Capistrano တို့နှင့်တွေ့ဆုံပြီး အာဆီယံလူမှုသစ်တောကွန်ရက်ဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❖ **ရန်ကုန်မြို့မှ**

ခရီးသည်တွေကို ခရီးမဆုံးခင်ဆင်းခိုင်းတာတွေလည်းရှိတယ်။ ကျေနပ်မှုမရှိရင်တိုင်တန်းပါဆိုလို့ ကားမှာရေးထားတဲ့ နံပါတ်တွေကိုဆက်တော့ ဒါကသူတို့နဲ့မဆိုင်လို့ တခြားနံပါတ်ကို ဆက်ပါဆိုပြီးလွှဲတယ်။ အဲဒီလိုပဲ ဟိုလွှဲဒီလွှဲနဲ့ နောက်ဆုံးဖုန်းဘေလ်ကုန်တာပဲ အဖတ်တင်သွားတယ်” ဟုနေ့စဉ် လှိုင်သာယာမှ မြို့ထဲသို့ လာရောက် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ယင်းသို့ဖြစ်နေရခြင်းမှာ ပြည်သူများအတွက်လည်း တိုင်တန်းနိုင်သော Hotline သီးသန့်မရှိခြင်း၊ ထိရောက်သောပြစ်ဒဏ်များ မချမှတ်ခြင်း၊ ၅၄၁၉၀၅၊ ၂၉၁၂၈၄၊ ၂၉၁၂၈၅ စသည့် ဖုန်းနံပါတ်များသို့ တိုင်ကြားလျှင်လည်း ထိရောက်မှုမရှိခြင်းတို့ကြောင့် ယာဉ်နောက်လိုက်များ ပိုမိုရဲတင်းလာခြင်းဖြစ်ကြောင်း လေ့လာသူများကသုံးသပ်သည်။

**ကျော်ခိုင်(လမ်းမတော်)**



ဂျာမနီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော ဒေါ်ယဉ်ယဉ်မြင့် မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဂျာမနီနိုင်ငံသမ္မတ H.E.Mr. Joachim Gauck ထံသို့ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

# ဖျူးမြို့နယ်၌ မိုးစပါးချေးငွေ ထုတ်ချေး

**ဖျူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖျူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ ကျောက်ကြီး၊ အုတ်တွင်းမြို့နယ်တို့တွင် မိုးစပါးအများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်ပြီး ယခုနှစ် မိုးရာသီတွင် ပုံစံ (၇) ရရှိပြီး မိုးစပါးစိုက်ဧက ၁၀၆၇၅၅ စိုက်ပျိုးကြမည်ဖြစ်သည်။

ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးရေးအတွက် လယ်လုပ်သူတောင်သူလယ်သမားများ ငွေကြေးအခက်အခဲမရှိစေရန်နှင့် လယ်ယာလုပ်ငန်းများကို စိတ်အေးချမ်းသာစွာ လုပ်ဆောင်နိုင်ရေးအတွက် ယခင်နှစ်များနှင့် မတူမိုးစပါးချေးငွေများကို စိုက်ပျိုးချိန်အမီ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ဆောလျှင်စွာ ကြိုတင်ချေးငွေများထုတ်ပေးလျက်ရှိရာ ဖျူးမြို့နယ်အတွင်းရှိ တောင်သူ ၁၇၆၈၇ ဦးတို့အား မိုးစပါးချေးငွေပေါင်း ငွေကျပ် ၁၀၆၇၅၅၀၀၀၀၀ ထုတ်ချေးပေးမည်ဖြစ်ရာ ဇွန် ၁ ရက် နံနက်ပိုင်းမှစ၍ ဖျူးမြို့နယ် လိပ်သေကျေးရွာအုပ်စုအတွင်းရှိ လယ်သမားများအား တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**(ဖျူးမြင့်ဦး)**

# ယန်စီမြစ်အတွင်း ခရီးသည်တင်သင်္ဘောနစ်မြုပ် ကယ်ဆယ်ရေးလုပ်ငန်း ဝန်ကြီးချုပ်လီ ကြီးကြပ်



**ပေကျင်း ဇွန် ၂**

တရုတ်နိုင်ငံ ယန်စီမြစ်၏ ဟူပဲ့ပြည်နယ်မြစ်ကြောင်း လမ်းပိုင်းအတွင်း ခရီးသည်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ဝန်ကြီးချုပ် လီကွေ့ကျန်းသည် လူပေါင်း ၄၀၀ကျော် လိုက်ပါလာခဲ့သော အဆိုပါသင်္ဘော နစ်မြုပ်ခဲ့သည့်နေရာသို့ လေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒေါင်းဖန်စီကျင်း (အရှေ့တိုင်းငွေကြယ်ပွင့်) အမည်ရှိ ခရီးသည်တင်သင်္ဘောသည် ယန်စီမြစ်အတွင်း ခုတ်မောင်းနေစဉ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ရကြောင်း ယန်စီမြစ်ရေကြောင်းသွားလာရေး အုပ်ချုပ်မှုအဖွဲ့က ပြောကြားသည်။

ဇွန် ၁ ရက် ည ၉ နာရီခွဲတွင် သင်္ဘောနစ်မြုပ်ခဲ့ပြီး ဇွန် ၂ ရက် နံနက်ပိုင်းအထိ လူ ၁၀ ဦးကို ကယ်တင်ပေးနိုင်ခဲ့သည်။

ခရီးသည်များ၏ အသက်ကို ကယ်တင်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် ကယ်ဆယ်ရေးနှင့် အရေးပေါ်လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများကို ဝန်ကြီးချုပ်လီက ညွှန်ကြားခဲ့သည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ကောင်စီက အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပေးရန် ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

အဆိုပါသင်္ဘောပေါ်တွင် ခရီးသည် ၄၀၅ ဦး၊ ခရီးသွားလုပ်ငန်းအေဂျင်စီမှ ဝန်ထမ်းငါးဦးနှင့် ရေယာဉ်ဝန်ထမ်း ၄၇ ဦး လိုက်ပါလာခဲ့ သည်။ တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ် မြို့တော်နန်ကင်းမှ နိုင်ငံအနောက်တောင်ပိုင်း ချုံကင်းမြို့သို့ ဦးတည်မောင်းနှင်နေစဉ် သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ။**

# MERS ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် နှစ်ဦးသေဆုံး

**ဆိုးလ် ဇွန် ၂**

အသက်ရှူလမ်းကြောင်းပိတ်ဆို့မှုဆိုင်ရာ ရောဂါတစ်မျိုးဖြစ်သည့် MERS ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် လူနှစ်ဦးသေဆုံးခဲ့ရကြောင်း ယနေ့သတင်းများအရသိရသည်။

အဆိုပါဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် သေဆုံးမှုသည် တောင်ကိုရီးယားနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ဖြစ်သည်။

ရောဂါကူးစက်ခံရသူ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးသည် မကြာသေးမီက အရှေ့အလယ်ပိုင်းသို့ အလည်အပတ်သွားရောက်ခဲ့ပြီး ရောဂါကူးစက်ခံရကာ သေဆုံးခဲ့သည်။ နောက်ထပ်ရောဂါကူးစက်ခံရသူ အသက် ၇၁ နှစ်အရွယ် အမျိုးသားတစ်ဦးသည်လည်း ထပ်မံအသက်ဆုံးရှုံးခဲ့ရပြန်သည်။

ရောဂါကူးစက်မှုအများဆုံးနိုင်ငံများမှာ ဆော်ဒီအာရေဗျနိုင်ငံနှင့် အခြားသော အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်ကြသည်။ တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သောလကစပြီး ရောဂါကူးစက်ခံရသူ ၂၅ ဦးရှိပြီဖြစ်သည်။

ရောဂါပျံ့နှံ့မှုအန္တရာယ်ကို ထိန်းချုပ်နိုင်ရန် ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံခဲ့သူများကို သီးခြားခွဲထားကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ် ဆော်ဒီအာရေဗျနိုင်ငံတွင် ပထမဆုံးအကြိမ်ရောဂါကူးစက်ခံရကာ သေဆုံးမှုစတင်ခဲ့သည်။ ရောဂါကူးစက်မှုလက္ခဏာများမှာ ဖျားနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ အဆုပ်ရောင်ခြင်းနှင့် ကျောက်ကပ်အလုပ်လုပ်မှုရပ်ဆိုင်းခြင်းတို့ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ဗိုင်းရပ်စ်ပိုးကူးစက်မှုနှုန်းသည် ၁၁၆၇ ဦး ခန့်ရှိပြီး ၄၇၉ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း ဥရောပရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာကဆိုသည်။

အရှေ့အာရှတွင် ဧပြီလက ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် မလေးရှားနိုင်ငံသားတစ်ဦး သေဆုံးခဲ့ရသည်။

ရောဂါကူးစက်ခံရသူအနေဖြင့် သေဆုံးနိုင်မှုနှုန်းထားမှာ ၂၇ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

**ဆင်ဟွာ။**




## မြောက်ကိုရီးယား၏ ရေငုပ်သင်္ဘောရန်ကာကွယ်ရေး တောင်ကိုရီးယားရေတပ် စစ်ရေးလေ့ကျင့်

**ဆိုးလ် ဇွန် ၂**

မြောက်ကိုရီးယားရေငုပ်သင်္ဘောများ စိမ့်ဝင်ထိုးဖောက်လာမှု တားဆီးနိုင်ရေးအတွက် တောင်ကိုရီးယားရေတပ်က ဇွန် ၁ ရက်မှ စတင်ကာ သုံးရက်ကြာစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို နိုင်ငံတောင်ပိုင်းကမ်းလွန်ရေပြင်၌ ပြုလုပ်လျက်ရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇွန် ၁ ရက်တွင် ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယာရေတပ်မှ တန်ချိန် ၇၀၀၀ ရှိ အေဂျစ်အမျိုးအစား ဖျက်သင်္ဘောတစ်စင်းနှင့် အခြားစစ်ရေယာဉ် ၁၀ စင်း၊ ပင်လယ်ပြင်ကင်းလှည့်လေယာဉ်များနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရဟတ်ယာဉ်များပါဝင်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုင်ခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြောက်ကိုရီးယား၏ ရေငုပ်သင်္ဘောများ စိမ့်ဝင်ထိုးဖောက်နိုင်ဖွယ်ရှိမှုကို တားဆီးကာကွယ်နိုင်ရေးအတွက် တောင်ကိုရီးယားရေတပ်၏ စွမ်းဆောင်မှုကိုမြှင့်တင်နိုင်ရန် စစ်ရေးလေ့ကျင့်မှုပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ဂျေဂျူးကျွန်း၏ အရှေ့ဘက် ပင်လယ်ရေပြင်၌ ယင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ယင်းရေတပ်စစ်ရေးလေ့ကျင့်မှုနှင့် ဆက်စပ်လျက် တောင်ကိုရီးယားတပ်ဖွဲ့များက ဇွန် ၁ ရက်မှစတင်ကာ ကျည်အစစ်များသုံး၍ စစ်ရေးလေ့ကျင့်မှုကိုနှစ်ရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ကျိုဒို။**

# အိန္ဒိယရေတပ်မှစစ်ရေယာဉ်နှစ်စင်း အင်ဒိုနီးရှားသို့ အလည်အပတ်ရောက်ရှိ

**ဂျကာတာ ဇွန် ၂**

အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် ဇွန် ၂ ရက်တွင် ဂျကာတာမြို့သို့ ဆိုက်ရောက်လာကြောင်း အင်ဒိုနီးရှား သတင်းဌာနများက သတင်းထုတ်ပြန်သည်ဟု ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပဲ့ထိန်းဒုံးကျည်တပ်ဖျက်သင်္ဘော အိုင်အင်န်အက်စ် ရန်ဗီယာနှင့် ရေယာဉ်စုလောင်စာနှင့် ထောက်ပံ့ရေးပစ္စည်းတင်ရေယာဉ် အိုင်အင်န်အက် ရှက်ကီတို့ ဂျကာတာသို့ ဆိုက်ရောက်လာခဲ့ကြသည်။

အိန္ဒိယစစ်ရေယာဉ်များ၏ အလည်အပတ်ခရီးစဉ်အတွင်း အင်ဒိုနီးရှားရေတပ်စစ်ရေယာဉ်များနှင့် ပုံမှန်ပူးတွဲကင်းလှည့်လုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။

အိန္ဒိယနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံ ရေတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် အိန္ဒိယစစ်ရေယာဉ်များ လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း နှစ်နိုင်ငံရေတပ်စစ်ရေယာဉ်များ ပူးတွဲစစ်ရေးလေ့ကျင့်ရန်အတွက် စီစဉ်ဆောင်ရွက်ထားသည်။

အဆိုပါအိန္ဒိယစစ်ရေယာဉ်များသည် စင်ကာပူနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားသို့ ဆိုက်ရောက်လာခြင်းဖြစ်ကာ ယင်းမှတစ်ဆင့် ဩစတြေးလျ၊ မလေးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

**ဆင်ဟွာ။**

**ပြည်တွင်းရေးရာ**

## မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ
## မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀၀ နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များသည် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာနှင့် မကွေကျေးရွာအကြားရှိ ငှက်ပျောတောအနီးတွင် တောင်ကြီးဘက်မှ ရန်ကုန်ဘက်သို့ သန်းလွင် မောင်းနှင်လာသော ယာဉ်အမှတ် YGN 6J/---- MARK II ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀၀၊ LLAMA.CAL 7.65 mm အမျိုးအစား ပစ္စတိုတစ်လက်၊ ယင်းကျည် ၅ တောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် သန်းလွင်(ခ)ထွန်းထွန်းနိုင် (၄၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သန်းလွင် (ခ) ထွန်းထွန်းနိုင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဟိုပုံးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀ နှင့် ဘိန်းဆီခဲ ၁ ဒသမ ၃၇၁ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်က ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟိုပုံး-လွိုင်လင်သွားကားလမ်း မိုင်တိုင်အမှတ်(၁၂၉/၄)တွင် လွိုင်လင်မြို့ဘက်မှ ဟိုပုံးမြို့ဘက်သို့ အမျိုးသားတစ်ဦး မောင်းနှင်လာသော ယာဉ်အမှတ် YGN 6D/---- SURF အမျိုးအစား ယာဉ်ကို ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ မိုင်တိုင်အမှတ်(၁၂၉/၁) အနီး လမ်းဘေးဝဲဘက်၌ တစောင်းအနေအထားဖြင့် လဲကျနေသောယာဉ်ကိုသာတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀၊ ဘိန်းဆီခဲ ၁ ဒသမ ၃၇၁၇၂ ကီလိုနှင့် ခွန်အုန်းမောင် အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်တို့ကို သိမ်းဆည်းရမိခဲ့သည်။





ခွန်အုန်းမောင်အား သိမ်းဆည်းရမိ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

မေ ၃၁ ရက်တွင် မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခွန်အုန်းမောင်နေထိုင်သည့် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ဟွေတောက်ကျေးရွာအုပ်စု နောင်စွမ့်ကျေးရွာသို့ သွားရောက်ရှာဖွေရာ ညနေ ၃ နာရီတွင် ချိုခမ်းကျေးရွာအလယ်ရှိ ညောင်ပင်အနီးတွင် ခွန်အုန်းမောင် (၅၁)နှစ်အား ယာဉ်အမှတ် 9E/---- မစ်ဆူဘီရှီ အမျိုးအစား ဒိုင်နာကန်တာယာဉ်ကို မောင်းနှင်လာစဉ် ပြန်လည်ဖမ်းဆီးရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

# တောင်ကြီးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၈ ပြား နှင့် ဘိန်းဆီခဲ သုည ဒသမ ၀၀၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးနှင့် မူးယစ်တပ်ဖွဲ့စု(၁၀၃) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ သစ်တောရပ်ကွက် တောင်ခြေလမ်းနေ ကျင်တိုင်ချွင်၏နေအိမ်ကိုရှာဖွေရာ ကျင်တိုင်ချွင်၊ မလီချွင်းဖုံနှင့် သန်းထွန်းတို့ သုံးဦးအားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၈ ပြားနှင့် ဘိန်းဆီခဲ သုည ဒသမ ၀၀၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)



# လှည်းတန်းမီးပွိုင့်အနီး ယာဉ်ရှစ်စီး ဆင့်ကဲတိုက်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီး အင်းစိန်လမ်းမကြီးပေါ်တွင် ဇွန် ၂ ရက် နံနက် ၇ နာရီခွဲခန့်က မော်တော်ယာဉ် ရှစ်စီး ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

ကမာရွတ်မြို့နယ် အင်းစိန်လမ်းအတိုင်း လှိုင်မြို့နယ်ဘက်မှ ယာဉ်မောင်း ခင်မြင့် (၄၈)နှစ် မောင်းနှင်လာသော 2G/---- စစ်မှုထမ်းဟောင်းယာဉ်လိုင်း ခရီးသည်တင် မီနီဘတ်စ် အပြာရောင်ယာဉ်သည် စံရိပ်ငြိမ် (၂) လမ်းထိပ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဉ်မောင်း ဦးမျိုးမင်း မောင်းနှင်လာသော CC/---- ကယ်ရီနားအဖြူရောင် အငှားယာဉ်အား ဝင်ရောက်တိုက်မိကာ ဆက်လက်၍ ဦးစိုးအောင် မောင်းနှင်လာသော ယာဉ်အမှတ် 2H/---- ဘတ်တာ မီးခိုးရောင် ကိုယ်ပိုင် ယာဉ်၊ ဦးစိုးမြင့်သန်း မောင်းနှင်လာသော 7E/---- တိုရိုတာ Granvia မီးခိုးရောင် ကိုယ်ပိုင်ယာဉ်၊ ဦးအောင်ကြည် မောင်းနှင်လာသော BB/---- ပရိုဘောက် အဖြူရောင် အငှားယာဉ်၊ ဦးသိန်းထွန်း မောင်းနှင်လာသော 7F/---- အေဒီဗင် အဖြူရောင် အငှားယာဉ်၊ ဦးကျော်ဝင်းဌေး မောင်းနှင်လာသော 7D/---- ပရိုဘောက် အဖြူရောင် ကိုယ်ပိုင်ယာဉ်၊ ဦးတင်ထွန်းအောင် မောင်းနှင်လာသော 2C/---- (၄၈)ယာဉ်လိုင်း ဟီးနိုးဘတ်စ် ခရီးသည်တင် ဖြူပြာရောင်ယာဉ်တို့အား အဆင့်ဆင့်တိုက်မိခဲ့၍ ယာဉ်ရှစ်စီး ပျက်စီးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုအား ယာဉ်မှုစစ် ရဲအုပ်ဇော်ဝေလင်းက ကမာရွတ်မြို့မရဲစခန်းတွင် ယာဉ်(ပ) ၂၅/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

(၀၄၈)



# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ချုံနွယ်များရှင်းလင်း

**မြန်အောင် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ စည်ပင်သာယာရေးကော်မတီမှ မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ချုံနွယ်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရှေ့ဆောင်လူငယ်ပရဟိတအဖွဲ့လူငယ်များစုပေါင်း၍ မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက် ဇမ္ဗူကျက်သရေဘုရားကြီး ဘေးပတ်ဝန်းကျင်တွင် ချုံနွယ်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းဖော်ခြင်းကို စုပေါင်းကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝင်းဗိုလ်)

## အများသိစေရန်

တာချီလိတ်မြို့၊ ၄/၁၁၈၊ဆန်ဆိုင်း(ခ)ရပ်ကွက်နေ မဖိန်းဟွား[၁၃/ကလတ(နိုင်)၀၂၆၀၈၃] ၏ လွှဲအပ်ကြေညာချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ မဖိန်းဟွားနှင့် ဦးရန်ဖူကွမ်း[၁၃/ကခန(နိုင်)၀၅၁၀၇၃] တို့သည် ၂၀၀၁ ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာ ယခုအချိန်တွင် (၁၃) နှစ်အရွယ်သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါလင်မယားနှစ်ဦးမှစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သဖြင့် တာချီလိတ်မြို့ရန်အောင်မြေ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအားဆော့၏ ရှေ့မှောက်တွင်ကွာရှင်းပြတ်စဲကြပြီး လင်မယားလက်ထက်ပွားပိုင်ဆိုင်မှုအရပ်ရပ်မှာ ကျွန်မ မဖိန်းဟွား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းပိုင်ဆိုင်မှုအရပ်ရပ်အား လင်မယား(၂)ဦးတစ်ဝက်စီ ခွဲဝေရယူကြရန် သဘောတူညီခဲ့ပါသည်။သို့ဖြစ်ပါ၍ ဖော်ပြပါလင်မယား(၂)ဦးလက်ထက်ပွားပစ္စည်းများဖြစ်သောအခါ ဗုဒ္ဓကျောင်းလမ်း၊ ရန်အောင်မြေ(၂)၊ ရန်အောင်မြေရပ်ကွက်ရှိ(အလျား ၆၅ ပေ အနံ၆၅ပေ)၊ အကျယ်အဝန်းရှိမြေကွက်ပေါ်တွင် (၂)ထပ်တိုက်နှင့်လေးခန်းတွဲတိုက်တန်းလျားအား မဖိန်းဟွားမသိရှိဘဲ အမည်ပြောင်းခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောနန္ဒာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၈၂)၊ တာချီလိတ်မြို့။**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၂) (၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်)

| | | |
|---|---|---|
| ၁။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - ၄-၆-၂၀၁၅ရက်(နံနက် ၉း၃၀နာရီ) |
| ၂။ | တင်ဒါပိတ်မည့် ရက်/အချိန် | - ၉-၆-၂၀၁၅ရက်(မွန်းလွဲ ၁း၀၀နာရီ) |
| ၃။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - ၉-၆-၂၀၁၅ရက်(မွန်းလွဲ ၂း၀၀နာရီ) |
| ၄။ | တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ | - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃ |
| ၅။ | အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ | |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## ရေကူး(မရမ်းကုန်းမြို့နယ်)၊ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ
## (၁၀၀ပေ×၄၈ပေ)အမိုးပြန်လည်ပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေကူး(မရမ်းကုန်းမြို့နယ်) ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ(၁၀၀ပေ×၄၈ပေ) အမိုး ပြန်လည်ပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) (၁၀၀'-၀"X ၄၈'-၀") R.C.C(၂)ထပ် အဆောက်အအုံ၏ အမိုးမိုးခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၅ရက်မှစတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၅ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) Detail, Measurement BQ ကုန်ကျစရိတ်အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏအထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile
(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်လိုင်စင်မိတ္တူ

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်းအမှတ်-၀၆၇-၇၉၀၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၃၇၇**

# ရခိုင်ပြည်နယ် အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးကသာလျှင် အဖြေဖြစ်ပါသည်



## ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန

လွန်ခဲ့သည့်ရက်များအတွင်း၌ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်ရန် ကြိုးစားရင်း အတိဒုက္ခရောက်နေကြရသည့် လူထောင်ပေါင်းများစွာအတွက် တစ်ကမ္ဘာလုံးက စိုးရိမ်ပူပန်မှု တိုးပွားလာလျက်ရှိပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ထိုလူများ အတိဒုက္ခရောက်နေရခြင်းကို ကိုယ်ချင်းစာ၍ စိုးရိမ်ပူပန်မိပါသည်။ ပင်လယ်အတွင်းမှ ထိုလူများကို ရှာဖွေကယ်တင်နိုင်ရေးမှာ တစ်ကမ္ဘာလုံး၏ တာဝန်ဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိလာသည့် ထိုလူများကို တပ်မတော်(ရေ)၏ အကူအညီဖြင့် အလျင်အမြန်ရှာဖွေကယ်ဆယ်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လိုအပ်သလိုပေးနိုင်ရန် ဆောင်ရွက်နေပါသည်။ ပထမဆုံးနှင့် အဓိကအကျဆုံးမှာ ပင်လယ်အတွင်း မျောပါနေသူများကို ရှာဖွေကယ်ဆယ်၍ လူသားချင်း စာနာထောက်ထားသည့် အကူအညီများ အလျင်အမြန်ပေးရန်ပင် ဖြစ်ပါသည်။

ထို့အပြင် ရေရှည်အတွက်မျှော်၍ နည်းဗျူဟာများကိုလည်း စဉ်းစားကြရမည် ဖြစ်ပါသည်။ လူကုန်ကူးမှု၊ တရားမဝင်ခိုးသွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာရသည့် ယခုပြဿနာသည် အချိန်တိုအတွင်း လွယ်ကူစွာပြီးဆုံးသွားလိမ့်မည်မဟုတ်ပါ။ ထို့အပြင် ထိုသူများအား ပိုမိုကောင်းမွန်သည့် ဘဝပိုင်ဆိုင်ရေးဆိုသည့် မျှော်လင့်ချက် ဖြစ်ပေါ်စေပြီး အန္တရာယ်အလွန်ကြီးမားလှသည့် ရေလမ်းခရီးကိုဖြတ်ကျော်စေရန် အဓိကတွန်းအားပေးနေသည့် ဆင်းရဲမွဲတေမှုသည်လည်း လွယ်လွယ်နှင့် ပျောက်ကွယ်သွားဦးမည်မဟုတ်ပေ။ ထို့ကြောင့် ယခုပြဿနာအတွက် ရေရှည်မျှော်မှန်းစဉ်းစားရန် လိုအပ်သည်ဟု ဆိုရခြင်းဖြစ်ပါသည်။

အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့် နည်းပညာပေါက်ကွဲမှု၊ ဆိုက်ဘာရာဇဝတ်မှုများ၏ ခြိမ်းခြောက်မှုများ၊ တစ်ဖက်တွင်လည်း ရာသီဥတုများ ပြောင်းလဲဖောက်ပြန်ခြင်းစသည့်အခြင်းအရာများဖြင့် ကျွန်တော်တို့၏ ကမ္ဘာကြီးသည် လွန်ခဲ့သည့် ၂၅ နှစ်ခန့် လောက်နှင့်နှိုင်းစာလျှင်ပင် အလွန်ကွာခြားလာခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိနိုင်ငံများသည် ၂၁ ရာစု၏ စိန်ခေါ်မှုအသစ်များကို အမှီလိုက်ပါရန်ကြိုးပမ်းလျက်ရှိပြီး အချို့နိုင်ငံများက အောင်မြင်သလို အချို့နိုင်ငံများကတော့ ကျရှုံးကျန်ရစ်ခဲ့ကြပါသည်။

ယနေ့ခေတ် ကမ္ဘာကို ပုံဖော်ဖန်တီးနေသည့် အဓိကသော့ချက်တစ်ခုမှာ ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေးအခြေအနေ မတူညီမှုပင်ဖြစ်ပါသည်။ ထိုအချက်ကြောင့် ပင်လျှင် ကမ္ဘာ့လူသားသန်းပေါင်းများစွာသည် ယင်းတို့အတွက် ပိုမိုကောင်းမွန်သည့် ဘဝရပ်တည်မှုနှင့် အခွင့်အလမ်းများကို ရှာဖွေကြရန် ၎င်းတို့၏ နေရပ်ဇာတိကို စွန့်ခွာကာ အခြားနိုင်ငံများသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။ ထိုသို့ ရွှေ့ပြောင်းနေထိုင်ရန် ကြိုးပမ်းရာ၌ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များကိုပင် အမှုမထားနိုင်တော့ဘဲ စွန့်စားထွက်ခွာနေကြသည့်ဖြစ်ရပ်များကို အမေရိကန်-မက္ကဆီကို နယ်စပ်၊ မြေထဲပင်လယ်ဒေသမှ စတင်ကာ ဘင်္ဂလားပင်လယ်အော်အထိ တွေ့ရမည်ဖြစ်ပါသည်။ ထိုသို့ ပြောင်းရွှေ့ထွက်ခွာနေကြခြင်းသည် ပိုမိုကြီးမားလာမည့် စိန်ခေါ်မှုကြီးတစ်ရပ်သာဖြစ်ပါသည်။ ဤစိန်ခေါ်မှုကို အမှီလိုက်နိုင်ခြင်း၊ မလိုက်နိုင်ခြင်း၊ တုံ့ပြန်နိုင်ခြင်း၊ မတုံ့ပြန်နိုင်ခြင်းဆိုသည်မှာ နိုင်ငံများ၏ တိုးတက်အောင်မြင်မှုအပေါ်တွင်သာ မူတည်လိမ့်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စစ်အုပ်ချုပ်ရေးပုံစံမှ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသို့ လျှောက်လှမ်းရာလမ်းပေါ်တွင် အချိန်ကာလအားဖြင့် (၄)နှစ်သက်တမ်းရှိခဲ့ပြီဖြစ်ပါသည်။ ထိုခရီးလမ်းမှာ လွယ်ကူလှသည်တော့ မဟုတ်ပါချေ။ ဒီမိုကရေစီ အသွင်ကူးပြောင်းရန် ကြိုးပမ်းရင်း အောင်မြင်မှုမရဘဲ ကျရှုံးသွားသည့် နိုင်ငံများ အများအပြားရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ စနစ်ကျင့်သုံးခြင်းမှာလည်း ကတိမ်းကပါးဖြစ်သွားနိုင်သည်ဆိုသည့်အချက်ကို ကျွန်တော်တို့ အစိုးရသစ်အနေဖြင့် သိရှိသဘောပေါက်နားလည်ခဲ့ပါသည်။ ကျွန်တော်တို့အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး မအောင်မြင် မဖြစ်စေရဟူသော စိတ်ပိုင်းဖြတ်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ကြိုးပမ်းရာတွင် ဆိုင်ရာအကျိုးစီးပွားများကို ထိန်းညှိပေးရန်၊ ငြိမ်းချမ်းစွာပြောင်းလဲရန်နှင့် ကျွန်တော်တို့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် မြေပြင်တွင် လက်တွေ့ဖြစ်ပေါ်နေသည့် အရှိတရားများကို ချိတ်ဆက်လုပ်ကိုင်ခဲ့ရပါသည်။ လေးနှစ်တာကာလအတွင်း ကျွန်တော်တို့အနေဖြင့် နိုင်ငံရေးဖြေလျှော့မှုများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးများ၊ ဆယ်စုနှစ်များစွာ ရပ်တန့်နေခဲ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံတကာနှင့် ပုံမှန်ဆက်ဆံရေးပြည်လည်ထူထောင်ရေးများ အပြင် များပြားလှသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြစ်ပွားနေသည့်ပဋိပက္ခများ ရပ်တန့်နိုင်ရန်တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်အများအပြားကို လုပ်ဆောင်ခဲ့ရပါသည်။

ကျွန်တော်တို့၏ ကြိုးပမ်းမှုတိုင်းအတွက် မည်သူမဆို အကြံပြုချက်များပေးနိုင်ရန် လမ်းဖွင့်ပေးထားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးဝေဖန်မှုများကို ကြိုဆိုလက်ခံပါသည်။ နှစ်ပေါင်းများစွာ စစ်အုပ်ချုပ်ရေးဖြင့် စခန်းသွားခဲ့ရသည့်အခြေအနေမှ ကျွန်တော်တို့၏ နိုင်ငံနှင့်လူ့အဖွဲ့အစည်းကို ဆွဲထုတ်ရန် ကြိုးပမ်းရာတွင် ပြင်ပမှ ကျွန်တော်တို့၏ မိတ်ဆွေများကို မီးလောင်ရာလေပင့်မလုပ်ဘဲ မီးငြိမ်းသတ်ရန် ရေသာယူလာခဲ့ပေးပါဟု မေတ္တာရပ်ခံလိုပါသည်။ လက်ညှိုးထိုးအပြစ်တင်မည့်အစား ကျွန်တော်တို့နိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာကို လက်တွေ့ကျကျနှင့် အမှန်တကယ်ပြေလည်စေမည့် နည်းလမ်းများဖြင့် လက်တွဲကူညီကြရန်လည်း မေတ္တာရပ်ခံလိုပါသေးသည်။

ကျွန်တော်တို့နိုင်ငံ၏ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်အတွင်းက ဆိုးရွားလှသော အဓိကရုဏ်းများဖြစ်ပွားခဲ့ကာ တစ်ရာကျော်သေဆုံးပြီး အစ္စလာမ်ဘာသာနှင့် ဗုဒ္ဓဘာသာ နှစ်ဖက်အသိုက်အဝန်းမှ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။ ပြဿနာတစ်ခု၊ အဖြစ်ပျက်တစ်ခုအပေါ် အခြေခံပြီး ခံစားချက်များ ပြင်းထန်လာကာ အကြမ်းဖက်မှုကို ဦးတည်စေခဲ့သည့် အခြေအနေများကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါသည်။ ယခုအခါတွင်မူ အခြေအနေများပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် အကြမ်းဖက်မှုအသစ်များ ထပ်မံပေါ်ပေါက်မလာအောင် တားဆီးနိုင်ရုံမျှမက အကြမ်းဖက်မှုများ ဖြစ်ပွားရန်လှုံ့ဆော်သည့် ပြဿနာ၏ ရေသောက်မြစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ စိတ်ဝင်စားသူ မည်သူကိုမဆို ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာ၍ ကောက်ချက်ချစေလိုပါသည်။ လက်ရှိအချိန်တွင်မူ ရခိုင်ပြည်နယ်၌ နိုင်ငံတကာထောက်ပံ့ကူညီရေးအဖွဲ့အစည်း ၂၀ ကျော်က လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများ ကောင်းစွာ သိရှိထားပြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့အနေဖြင့် ယခုအခါတွင် ပထမဦးဆုံးခြေလှမ်းဖြစ်သည့် လူ့အသိုက်အဝန်းအတွင်း ပြန်လည်နေရာချထားရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်မှာ မည်မျှခက်ခဲနက်နဲပြီး အကဲဆတ်၍ထိလွယ်ရှလွယ်ရှိသည်ဆိုသည့် အကြမ်းဖက်မှုများဖြစ်ပွားအပြီး ပုံမှန်အခြေအနေသို့ရောက်ရှိအောင် ပြန်လည်တည်ဆောက်ရသည့်လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ဖူးသည့် အတွေ့အကြုံရှိသူတိုင်း ကောင်းစွာနားလည် သဘောပေါက်နိုင်ကြပါသည်။

လှေစီးဒုက္ခသည်များအရေးဘက်သို့ ဆက်ပါဦးမည်။ ပင်လယ်တွင်းမျောပါလျက်ရှိသည့် လှေစီးဒုက္ခသည်များကို ရှာဖွေကယ်ဆယ်ရန်မှာ ပထမဦးဆုံးနှင့် အရေးပေါ်အဖြစ် လတ်တလောလုပ်ဆောင်ရမည့် ကိစ္စဖြစ်ပါသည်။ လုပ်ဆောင်ရမည့်ကိစ္စမှာ ထိုသို့ကူကယ်ရာမဲ့ဖြစ်နေသည့် လူသားများအပေါ် ပစ်မှတ်ထား၍ အမြတ်ထုတ်နေသော လူကုန်ကူးဂိုဏ်းများနှင့် မှောင်ခိုဂိုဏ်းများကို ဖြိုခွင်းရန်မှာ ကာလလတ်အနေဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့ဖြိုခွင်းရန်မှာလည်း ဒေသတွင်းနှင့် နိုင်ငံတကာကပူးပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်မည်ဟု ကျွန်တော့်အနေဖြင့် ယုံကြည်မိပါသည်။ လက်ရှိပြဿနာမှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏အကျိုးဆက်သာဖြစ်သည်ဟူသည့် ရှုမြင်မှုမျိုးဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံတည်းကိုသာ အပြစ်တင်နေမည့်အစား နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ယခုပြဿနာကို ရေရှည်ဖြေရှင်းနိုင်ရန် လက်တွေ့ကျသည့်နည်းလမ်းဖြင့် ကူညီထောက်ပံ့ခြင်းကသာလျှင် ပိုမိုကောင်းမွန်လိမ့်မည်ဖြစ်ပါသည်။ ယခုလက်ရှိကြုံတွေ့နေရသည့် ပြဿနာမှာ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်မှုနှင့် ၎င်းတို့၏ အတိဒုက္ခကြုံတွေ့နေရမှုများဖြစ်ပါသည်။ ထိုကိစ္စရပ်များမှာ ဒေသတွင်း ပြဿနာတစ်ရပ်ဖြစ်၍ နှစ်နိုင်ငံချင်း၊ ဒေသတွင်း နိုင်ငံများအချင်းချင်း ပူးပေါင်းဖြေရှင်းရမည်ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းနိုင်ရန်လည်း နိုင်ငံတကာအကူအညီ များစွာမှပင်လိုအပ်ပါသည်။

ရှေ့ဆက်လုပ်ဆောင်နိုင်မည့် လက်တွေ့ကျသည့်နည်းလမ်းများကို စဉ်းစားရာတွင် ကျွန်တော်တို့အနေဖြင့် သမိုင်းကြောင်းများကိုလည်း သိရှိရန်လိုအပ်ပြီး လက်ရှိ အရွေ့များကိုလည်း ဘက်ပေါင်းစုံမှ စဉ်းစားရန်လိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော်တို့၏ စိတ်ကူးစိတ်သန်းများနှင့် မျှော်မှန်းချက်များကိုလည်း လက်တွေ့မြေပြင်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များနှင့်ယှဉ်၍ အစမ်းသပ်ခံနိုင်သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကိုလည်း စဉ်းစားရန် လိုအပ်ပါသေးသည်။ မြန်မာနိုင်ငံသည် သမိုင်းကြောင်းအရရော လက်ရှိအခြေအနေအရပါ လွန်စွာမှပင် အကဲဆတ်၍ အထိခိုက်မခံသော အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရပါသည်။ ယင်းမှာ ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှ ပြည်သူများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ ၅၃ သန်းကျော်နှင့်လည်း သက်ဆိုင်နေသည့်ကိစ္စ ဖြစ်ပါသည်။

ဤကိစ္စများအတွက် ဖြေရှင်းရန် မျှော်လင့်ချက်ထားနိုင်ပါသည်။ သို့သော် ကမ္ဘာတစ်ဝန်းအနေဖြင့် အပြစ်တင်နေမည့်အစား လက်တွေ့ကျသည့် အဖြေရှာမှုပြုလုပ်ရန် လိုလားမှုရှိရပါလိမ့်မည်။ ရေရှည်အတွက်မူ ကျွန်တော်တို့၏ ပြည်သူများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင်ပင် အသက်မွေးဝမ်းကျောင်းမှုအတွက် တိုးတက်မှုများ၊ ဝင်ငွေတိုးမြှင့်ရေးများနှင့် လူမျိုးမရွေး ဘာသာမရွေး လူတိုင်းအတွက် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများကို ဖန်တီးနိုင်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် စနစ်တကျလုပ်ဆောင်နိုင်သည်နှင့်အမျှ ရွှေ့ပြောင်းနေထိုင်မှု၊ အထူးသဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများ ပပျောက်သွားမည် ဖြစ်ပါသည်။

သို့ရာတွင် ထိုသို့ဖန်တီးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှု၊ ငါးဖမ်းလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် အခြားချက်ချင်းဖွံ့ဖြိုးတိုးတက်နိုင်မည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။ သန်းပေါင်းများစွာသော ရင်းနှီးမြှုပ်နှံမှုများသည် အပြောင်းအလဲကို အမှန်တကယ်ဖြစ်ထွန်းစေနိုင်ပါသည်။ လှေစီးဒုက္ခသည်များ အရေးနှင့်စပ်လျဉ်း၍ ပြစ်တင်ဝေဖန်နေကြသူများအားလုံးအား အပြစ်တင်မည့်အစား လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးရေးမဟာဗျူဟာများတွင် ကူညီပေးနိုင်ရန် မေတ္တာရပ်ခံလိုပါသည်။ အလှူအတန်းနှင့် အထောက်အပံ့ကို အခြေခံသော ကူညီမှုများအစား ရင်းနှီးမြှုပ်နှံမှုကိုအခြေခံသော ကူညီမှုများကသာ ရခိုင်ပြည်နယ်ရှိ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

တစ်ကမ္ဘာလုံးအနေဖြင့် လက်ရှိအခြေအနေတွင် လူသားချင်းစာနာထောက်ထားမှုများ အရေးတကြီးလိုအပ်နေမှုအပေါ် အာရုံစိုက်လေ့ရှိကြပါသည်။ ကျွန်တော်တို့လိုအပ်သည်မှာ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ၊ ပြီးသည်နှင့် လက်တွေ့ကျသည့် မဟာဗျူဟာများကို အလျင်အမြန် ရှာဖွေရန်နှင့် ရခိုင်ပြည်နယ်အတွက် အလုံးစုံ လွှမ်းခြုံမှုရှိပြီး ရေရှည်ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်ရေးသာ ဖြစ်ပါသည်။

***(အထက်ဖော်ပြပါ ဆောင်းပါးသည် ဇွန် ၁ ရက်နေ့တွင်ထုတ်ဝေသည့် Nikkei Asian Review မဂ္ဂဇင်းတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၏ Inclusive Growth Key for Peace in Myanmar ဆောင်းပါးအား စာရေးသူ၏ ခွင့်ပြုချက်ဖြင့် မြန်မာဘာသာသို့လျော်အောင် ပြန်ဆိုဖော်ပြထားခြင်းဖြစ်ပါသည်။)***



Inclusive growth key for peace in Myanmar

SOE THANE

Over the past few days, the world has been increasingly concerned with the plight of thousands of men, women and children attempting to cross the Bay of Bengal. I empathize with their plight and share these concerns.

The search for and rescue of people at sea is an international responsibility, and the Myanmar Navy will provide assistance to anyone in its territorial waters in need of help. Urgent humanitarian action must now take precedence, but we must also con-

rule. We ask not for finger-pointing, but for help from anyone who will join hands in actually tackling, in a realistic and sustainable way, the myriad problems we face.

In Rakhine State in 2012 we faced terrible communal violence that left hundreds dead and displaced tens of thousands from both Muslim and Buddhist communities. We faced a situation where feelings were high and a single incident could reignite violence.

That situation has changed. We have managed not only to prevent any new violence, but also to begin to address the

national support.

And in thinking of practical ways forward, we need to be mindful of history and of the current dynamics in all their aspects, as well as of our aspirations to develop holistic strategies that are tested against on-the-ground realities. Myanmar is at an incredibly sensitive and pivotal moment in its history, involving not just Rakhine State or one people in Rakhine State, but all 53 million of its people.

There is reason to hope, but only if the rest of the world is genuinely interested in finding solutions and not just apportion-

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံမှ ပါဝင်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်  ဇွန်  ၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၏ **"မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးစီမံကိန်းဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးကာလသည် ကြာမြင့်နေပြီဖြစ်၍ ထိုစီမံကိန်းကြီး အမြန်ပြီးစီးရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို ပြည်သူများသို့ ရှင်းလင်းတင်ပြပေးနိုင်ပါရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံသာမက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရ၏ ပူးတွဲကြေညာချက်အား ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် (၂၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကျင်းပစဉ်က ထုတ်ပြန်ခဲ့ပါကြောင်း၊ ထို့အတူ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး မြန်မာ-ထိုင်းပူးတွဲလုပ်ငန်းကော်မတီဥက္ကဋ္ဌများကလည်း ဂျပန်နိုင်ငံအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ်ပါဝင်ရန် ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဖိတ်ကြားစာပေးပို့ခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း -ဂျပန် သုံးပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးများ၊ မြန်မာ-ဂျပန်နှင့် ထိုင်း- ဂျပန် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးများကို ပူးတွဲအဆင့်မြင့်ကော်မတီနှင့် ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပချိန်များတွင် ပြုလုပ်ခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံမှ ပါဝင်ဆောင်ရွက်ရေးအား ဆွေးနွေးခဲ့ကြပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်းနှင့် ဂျပန်နိုင်ငံ ပါဝင်လာမည့် Memorandum of Intent (MOI) ပြုစု၍ အမြန်လက်မှတ်ရေးထိုးရေးတို့အား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် ရှင်းလင်းဖြေကြားသည်။



ပို့ဆောင်ရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဦးဟံစိန်။



ပျော်ဘွယ်မဲဆန္ဒနယ်မှ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဦးမြင့်စိုး။

ထို့နောက် ပညာရေးနှင့်စပ်လျဉ်းသည့်မေးခွန်းများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဖြေကြားရာတွင် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ၏ **"အချို့သော အစိုးရအထက်တန်းကျောင်းများရှိ ဒသမတန်းစာသင်ခန်းများတွင် စာမေးပွဲမတိုင်မီ (၂)လ၊ (၃)လအလိုမှစ၍ စာသင်ကြားခြင်းမရှိသည်ကို သိရှိရပါသဖြင့် လာမည့်နှစ်တွင် စာသင်ခန်းများကို သတ်မှတ်ချိန်အပြည့် မည်ကဲ့သို့ ဆက်လက်သင်ကြားမည်ကို သိလိုခြင်း"** နှင့် စပ်လျဉ်း၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်စေရေးအတွက် ကျောင်းတက်ရာခိုင်နှုန်းကို (၇၅) ရာခိုင်နှုန်းဖြင့်ထိန်းချုပ်၍ ဖေဖော်ဝါရီ ၁၈ ရက်အထိ တွက်ချက်ရမည်ဟု ညွှန်ကြားထားရှိပါကြောင်း ၊ ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျောင်းတက်ရာခိုင်နှုန်း တွက်ချက်ရခြင်းမှာ ဒုတိယနှစ်ဝက်ဆုံး စာမေးပွဲစစ်ဆေးသည်အထိ ကျောင်းတက်ရန် သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ မိဘပြည်သူများကိုလည်း အသိပေးပြီးဖြစ်သကဲ့သို့ ဆရာ၊ ဆရာမများကလည်း ပြန်လှန်သင်ကြားခြင်းများဖြင့် ဒုတိယနှစ်ဝက်ဆုံး မစစ်ဆေးမီအချိန်အထိ သင်ကြားမှုများကို ဆောင်ရွက်ပေးပါကြောင်း၊ စာမေးပွဲမတိုင်မီ (၂)လ ၊ (၃)လ အလိုမှစ၍ ဆရာ၊ ဆရာမများအား စာသင်ကြားခြင်း မပြုရန် ခွင့်ပြုထားခြင်းလုံးဝမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၏ **"ဘိုကလေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမများ စီမံခန့်ခွဲထားမှု မညီမျှခြင်းကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး နစ်နာမှုများအား မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း"** နှင့်စပ်လျဉ်း၍ အလယ်တန်းပြ ဆရာ၊ ဆရာမ လစ်လပ်နေရာများတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ဒီပလိုမာသင်တန်း (၂)နှစ် သင်တန်းဆင်းများအား အလယ်တန်းပြအဖြစ် တိုက်ရိုက်ခန့်ထားခြင်းဖြင့် လည်းကောင်း၊ ဘွဲ့တစ်ခုခုနှင့် မူလတန်းပြဆရာဖြစ်သင်တန်းဆင်းလက်မှတ်ရရှိပြီး မူလတန်းပြ လုပ်သက် (၂)နှစ်ရှိသူအား အလယ်တန်းပြသို့ တိုးမြှင့်ခန့်ထားခြင်းဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်းပြ ဆရာ၊ ဆရာမ လစ်လပ်နေရာများတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ဒီပလိုမာသင်တန်းဆင်းနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သင်တန်း သင်တန်းဆင်းများဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ မူလတန်းဆရာဖြစ်သင်တန်းဆင်းများအားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆရာလိုအပ်နေသော ကျောင်းများအတွက် ဘွဲ့ရများအား နေ့စားလပေး(မူလတန်းပြ)များအဖြစ် ခန့်ထားပေးခြင်းဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လေ့စီးရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ်ဆောင်ရွက်သွားရန် အရေးကြီးအဆို တင်သွင်း

**နေပြည်တော်  ဇွန်  ၂**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး အမျိုးသားလွှတ်တော် ဘယ်လာရုစ်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဖွဲ့စည်းခြင်းနှင့် အသင်းတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မြို့နယ်အလိုက် အရိပ်ရပင်၊ လေကာပင်နှင့် ပန်းအလှပင်များကို စီမံကိန်းချမှတ်၍ တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အမြန်လမ်းမကြီး၏ မြေသားတာပေါင်လမ်းပခုံးတွင် အရိပ်ရနှစ်ရှည်ပင်များ စိုက်ပျိုးရန်နှင့် လမ်းလယ်ကျွန်းတွင် ရာသီဥတုနှင့်ကိုက်ညီမည့် အလှပန်းပင်များ စိုက်ပျိုးရန် အစီအစဉ်များရေးဆွဲ၍ နှစ်စဉ်စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီကာလအတွင်း အရိပ်ရပင် (၆၇၅၅)ပင်၊ ပန်းအလှပင် (၇၅၄၆၂)ပင်နှင့် ထန်းပင်(၈၂၉၁)ပင်တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်ဖြစ်ထွန်းမှုရှိစေရန် ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် မေလအတွင်း အရိပ်ရပင်များဖြစ်သည့် မလေးရှားပိတောက် (၁၆၈၀)၊ ကုက္ကိုပင်(၁၉၀၀)၊ ပန်းအလှပင်များဖြစ်သည့် စက္ကူပန်းပင် (၁၀၀၀၀)၊ နွယ်သာကီပင် (၁၄၀၀၀)၊ စိန်ပန်းပုပင် (၁၁၀၀၀)၊ ခရာဝါပင် (၁၀၀၀၀)နှင့် ထန်းပင်(၈၀၀၀)တို့ကို ပျိုးထောင်၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ပြန်လည်အစားထိုး စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဦးစိုးတင့်။



ပဲခူးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁)မှ
ဦးစောမော်ထွန်း။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းသယ်ယူရေး စီမံကိန်းမဟာစီမံချက်(Master Plan Of River Water Conveyance Scheme) ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်ပတ်သက်ပြီး ခြောက်သွေ့ရာသီများတွင် စိုက်ရေ၊ ပျိုးရေ၊ သောက်ရေ၊ သုံးရေရရှိမှု အခက်အခဲကြုံတွေ့ခံစားနေရမှုများသည် ပုံမှန်ဖြစ်နေပါကြောင်း၊ မိုးရာသီရောက်သည့်အခါတွင်လည်း ချောင်းများ၊ မြောင်းများ တိမ်ကောနေပြီး ရေလမ်းကြောင်းကြမ်းပြင် အတော်များများသည် လယ်ယာမြေများထက် မြင့်နေသည့်အတွက် ရေထုတ်နုတ်စွမ်းအား နိုင်နင်းမှုမရှိဘဲ စိုက်ပျိုးသီးနှံများ၊ လူနေအိမ်ရာများ ရေနစ်မြုပ်ဆုံးရှုံးနေကြရပါကြောင်း၊ နောင်အနာဂတ် တိုးပွားလာမည့် နိုင်ငံလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး၊ ဖွံ့ဖြိုးတိုးချဲ့လာမည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများ၊ လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေးဦးတည်ချက်ဖြစ်သည့် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဂေဟစနစ်အတွက် ရေအပြိုင်လိုအပ်မှုများကို ရေရှည်ဖြည့်ဆည်းပေးနိုင်သည့် ရေရှည်စီမံချက် ချမှတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် တင်သွင်းသည်။

ယင်းအဆိုကို အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက အရေးကြီးအဆိုအဖြစ် **လေ့စီးရွှေ့ပြောင်းသူများနှင့် ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

အဆိုရှင် ဦးလှဆွေက ပိုမိုကောင်းမွန်သည့်ဘဝကို ရလိုခြင်းကြောင့် လေ့စီးထွက်ပြေးသူများသည် တစ်ဖက်နိုင်ငံကတစ်ဆင့် မြန်မာ့ရေပြင်ကို ဖြတ်သန်းဝင်ရောက်လာ၍ မကြာခဏဖမ်းမိသည့်ဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိပါကြောင်း၊ ပိုမိုသာလွန်သည့် ဘဝကို ရရှိလိုမှုကြောင့် လေ့စီးထွက်ခွာသူများသည် ဒုက္ခသည်များ မဟုတ်သည့်အတွက် နိုင်ငံတကာကလည်း ဒုက္ခသည်နှင့် သက်ဆိုင်သည့် စကားလုံးများကို အသုံးပြုခြင်းမရှိပါကြောင်း၊ သို့သော်လည်း ပြည်တွင်းပြည်ပမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတချို့က ဒုက္ခသည်ဟုသုံးနှုန်းခြင်းသည် လေ့စီးဝင်ရောက်လာသူအရေအတွက် ပိုမိုတိုးပွားလာစေရန် အားပေးရာရောက်နေပါကြောင်း။

ဖမ်းဆီးမိသူများကို လူသားချင်းစာနာ၍ ခေတ္တထိန်းသိမ်းပြီး တစ်ဖက်နိုင်ငံ တာဝန်ရှိသူများနှင့် ၎င်းတို့နိုင်ငံသားဖြစ်၊ မဖြစ် စိစစ်စေလွှတ်ပေးခြင်းကို ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ခေတ္တထိန်းသိမ်းခြင်းဆိုသည့် စကားရပ်အတွက် ပြည်သူများက စိုးရိမ်ပူပန်နေပါကြောင်း၊ ခေတ္တဆိုသည့်စကားကို ၁၅ ရက် သို့မဟုတ် တစ်လ တိတိကျကျ သတ်မှတ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV၊ ဇနီး IRINA.V.SALYUKOV နှင့်အဖွဲ့အား ဇွန် ၁ ရက် ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့သည် အဖွဲ့ဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ **(မြဝတီ)**




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (မြဝတီ)

# ဆီးဂိမ်းပြိုင်ပွဲ မြန်မာယူ-၂၃ ဘောလုံးအသင်း ပွဲဦးထွက်အနိုင်ရ

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ရန်နိုင်

**ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ဒုတိယပွဲစဉ်အဖြစ် ယူ-၂၃ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံရှိ ဂျလန်းဘာဆာကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

မြန်မာ - လေးဂိုး
အင်ဒိုနီးရှား - နှစ်ဂိုး

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုနောက်ဆုံးပွဲ၌ ရှုံးနိမ့်ပြီးပြိုင်ပွဲမှ ထွက်ခဲ့ရမှုကို မြန်မာတို့ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။ အသင်းကြီးနှစ်သင်းနှင့် ပွဲကြပ်နှစ်ပွဲဆက်တိုက်ကစားရမည့် မြန်မာအသင်းမှာ ပထမပွဲတွင် အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်အနိုင်ဖြင့် စတင်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းကို အနိုင်ကစားကာ ပွဲဦးထွက်အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။



မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

မြန်မာယူ-၂၃ အသင်းမှာ ကျော်ဇင်ဖြိုး၊ ရဲဝင်းအောင်၊ ဝင်းဇင်ဦး၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ ရဲကိုဦး၊ လှိုင်ဘိုဘို၊ စည်သူအောင်၊ နေလင်းထွန်း၊ ကောင်းဆက်နိုင်၊ ရှိုင်းသူရတို့ဖြင့် ပွဲထွက်ခဲ့သည်။ များပြားလှသည့် စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သည်။ မြန်မာအသင်းမှာ အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် ဂိုးစရခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ရှိုင်းသူရက သွင်းယူခဲ့ပြီး တရစပ်ထိုးဖောက်နိုင်ခဲ့သည်။ ပွဲကစားချိန် ၃၈ မိနစ်အရောက်တွင် တောင်ပံကစားသမား စည်သူအောင်က မြန်မာအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သော်လည်း ပထမပိုင်းပွဲပြီးခါနီးတွင် လီစတာလူဟူက အင်ဒိုနီးရှားအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူပေးခဲ့သည်။

မြန်မာအသင်း ဂိုးပြန်ပေးခဲ့ရသော်လည်း ကစားကွက်ပျက်မသွားဘဲ ဒုတိယပိုင်းအစတွင် ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ပွဲကစားချိန် ၅၄ မိနစ်အရောက်တွင် တောင်ပံကစားသမား စည်သူအောင်က မြန်မာအသင်းအတွက် တတိယဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ တတိယဦးဆောင်ဂိုးရပြီး နောက်ပိုင်းတွင်လည်း မြန်မာအသင်းမှာ မြန်မာပရိသတ်များ၏ "မြန်မာ၊ မြန်မာ"ဟူသည့် တစ်ခဲနက်အားပေးမှုနှင့်အတူ ဆက်လက် ဖိကစားနိုင်ခဲ့သည်။ ပွဲကစားချိန် ၆၆ မိနစ်အရောက်တွင် ကျော်ဇင်လွင်က မြန်မာအသင်းအတွက် စတုတ္ထဦးဆောင်ဂိုးကို သွင်းယူပေးခဲ့ပြီး အင်ဒိုနီးရှားအတွက် ဒုတိယချေပဂိုးကို ပွဲကစားချိန် ၆၉ မိနစ်တွင် ဒန်နီက သွင်းယူပေးခဲ့သည်။

# အောက်ဆီဂျင်လိုအပ်သော လူနာများအတွက် အခမဲ့အကူအညီတောင်းခံနိုင်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် (၅၁)လမ်း (အထက်) အမှတ် (၁၇၄/၁၇၆) ရှိ ကလျာဏလူငယ်များ၏ သာရေးနာရေးကူညီမှုမိသားစုက ကျန်းမာရေးချို့တဲ့နေသော လူနာများအတွက် အောက်ဆီဂျင်၊ ချွဲစုပ်စက်နှင့် ချွဲပျော်စက်များကို လူမျိုး ဘာသာမရွေး ၂၄ နာရီ အခမဲ့ကုသိုလ်ဖြစ် ကူညီလှူဒါန်းပေးနေကြောင်း သိရသည်။

အောက်ဆီဂျင်ငှားရမ်းသူများသည် ဆရာဝန်ထောက်ခံချက်၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမိတ္တူကို ယူဆောင်လာရမည်ဖြစ်သည်။

ကုသိုလ်ဖြစ်လှူဒါန်းလိုသူများအတွက် အောက်ဆီဂျင်အိုးကြီးတစ်လုံး ကျပ် ၈၅၀၀၀၊ အိုးသေး အစုံ တစ်လုံး ကျပ် ၆၅၀၀၀ (သို့မဟုတ်) မိမိစေတနာတတ်စွမ်းသမျှကို လည်း လှူဒါန်းနိုင်ကြောင်းနှင့် ကလျာဏလူငယ်များ သာရေး၊ နာရေးကူညီမှုမိသားစု ဖုန်း - ၉၀၀၀၄၄၈ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **(ဥမ္မာသန့်)**

# မိုးများရက်ဆက်ရွာသော်လည်း ကလေးဝ-ယာကြီးလမ်း ကားများ သွားလာမှုမပျက် ပြေးဆွဲနေ

**ကလေး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ချင်းပြည်နယ်မြောက်ပိုင်း မြို့ကြီးများအတွက် ကုန်စည်ပို့ဆောင်ရေးတွင်အဓိကကျသည့် ကလေးဝ-ယာကြီးလမ်းပိုင်းတွင် အသုံးပြုနေကြသော ခရီးသည်တင်ကားများ အနေဖြင့် မိုးရာသီကာလဖြစ်သော်လည်း လမ်းပိုင်းတိုမှုကြောင့် အဆိုပါ ကလေးဝ-ယာကြီးလမ်းမှပင် ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကားဆရာ ဦးကျားကြီးက ပြောသည်။

ကလေးဝ-ယာကြီး-မုံရွာကားလမ်းကို ၁-၆-၂၀၀၀ ရက်က စတင်ဖောက်လုပ်ခဲ့ပြီး နွေနှင့် ဆောင်းရာသီများတွင်သာ အသုံးပြု၍ ရသောလမ်းဖြစ်သည်။ ကလေး-ကလေးဝ-ယာကြီး-မုံရွာလမ်းသည် ၁၃၅ မိုင်ရှိ၍ ကလေး-ကလေးဝ လမ်းပိုင်းကို အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးအဖြစ် အိန္ဒိယနိုင်ငံမှ ၁၃-၆-၁၉၉၇ ရက်က ခင်းပေးထားရာ ၂၃ မိုင် ရှည်လျားကြောင်း သိရသည်။

မိုးရာသီ ကာလများအတွင်း ကလေးဝ-ယာကြီးလမ်းသည် လမ်းပျက်စီးမှုအဆိုးဆုံးနေရာများအဖြစ် မက်မဲကျေးရွာနှင့် ကျော်ရွာကျေးရွာကြား လာပို့ကျေးရွာအထွက် (၆၃)၊ (၆၆)၊ (၆၇)၊ (၆၈)၊ (၇၀) (၇၃)၊ (၇၄) မိုင်တိုင်နေရာများတွင် သွားလာ၍ မရအောင်ဖြစ်ခဲ့သောကြောင့် ခရီးသည်တင် မှန်လုံကားကြီးများအနေဖြင့် ဂန့်ဂေါလမ်းမကြီးဖြစ်သော ပုံတောင်ပုံညာလမ်းအတိုင်း သွားလာနေရသည်။

"ကလေးဝ-ယာကြီးလမ်း(၁၁၅)မိုင်ကို ယခင်အစိုးရလက်ထက်က ချင်းတောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကလေးကဘော် လွင်ပြင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖောက်လုပ်ပေးခဲ့တာပါ။ နောင်တစ်ချိန်မှာ နိုင်ငံတော်အတွက်အားထားရမယ့် အာရှပတ်လမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ နိုင်ငံဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးလမ်းမကြီးအဖြစ်၊ ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးဆက်စပ်တဲ့ လမ်းမကြီးအဖြစ် တည်ရှိလာမှာဖြစ်တဲ့အတွက် ကလေးဝ-ယာကြီးလမ်းဟာ အလေးထားပြုပြင်ရမယ့်လမ်း ဖြစ်ပါတယ်။"

"ကလေးဝ-ရေဦး-တန့်ဆည်-မုံရွာ - ချင်းတွင်းမြစ်တစ်ဖက်ကမ်း မဟာမြိုင်လမ်းက ၁၆၅ မိုင်ရှိတယ်။ သဲချောင်းတွေကပေါသေးတယ်။ လမ်းကလည်းမိုင် ၅၀ ကျော်ပိုရှည်သေးတယ်။ ဒါကြောင့် ကလေးဝ-ယာကြီးလမ်းကို အမြန်ဆုံးကောင်းမွန်ရေး ပြုပြင်သင့်ပါတယ်"ဟု ကလေးဝမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

**(လင်းလက်ကြယ်စင်)**



# စီမံကိန်းတာဝန်ပေးအပ်

**ဖျာပုံ ဇွန် ၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ် မြို့နယ်များရှိ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများထံသို့ စီမံကိန်း တာဝန်များ ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

## ပြည်တွင်းရေးရာ

☆ကျောဖုံးမှ

အရှေ့တောင်အာရှ အဆင့်ကနေ ကျကျလာခဲ့တာ နှစ်တော်တော်ကြာနေပြီ။ ဟိုတုန်းက ဗဟာဒူးတို့ ခေတ်ကပါ။ ငယ်ငယ်တုန်းက ဗဟာဒူးတို့ ခေတ်မှာ မာဒေးကားချန်ပီယံ ဖြစ်တယ်။ အာရှချန်ပီယံဖြစ်တယ်။ အဲလိုဖြစ်ခဲ့တာကနေ နောက်ပိုင်းမှာ မြုပ်သွားလိုက်တာ အားကစားလောကဟာ ဘာကြောင့်နိမ့်ကျသွားလဲ မသိဘူး။ အောင်ဆန်းကစားကွင်းမှာ အမှတ်ပေးဘောလုံးပြိုင်ပွဲတွေ လုပ်ကြတယ်။ အောင်ဆန်းဒိုင်းလုပ်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လုပ်တယ်။ ဘောလုံးအဆင့်အတန်းက မတက်ဘဲနဲ့ တဖြည်းဖြည်းနိမ့်ကျလာတယ်။ အခုမှ တစ်ခေတ်ပြန်ရောက်လာတာ။ ဒါက အိပ်မက်တောင်ပြန်မမက်နိုင်တဲ့ အခြေအနေမျိုးပါ။ မြန်မာဘောလုံးလောက အဆင့်အတန်းဟာ ကမ္ဘာကိုတက်လှမ်းတဲ့ အဆင့် ရောက်လာတယ်ဆိုတာ နိုင်ငံအနေနဲ့ ဂုဏ်ယူစရာ၊ ဝမ်းသာစရာဖြစ်ပြီး မြန်မာ့ဘောလုံးလောကအတွက်တော့ ဝမ်းသာစရာသတင်းပါ။ ဒီဟာကို ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မလဲ၊ အဲဒါကအရေးကြီးတာ။ အခုဒီနေရာကို ရောက်တယ်ဆိုတာလည်း အဆင့်အတန်းမီလို့ ရောက်လာတာ။ ရှုံးခြင်း၊ နိုင်ခြင်းအတွက် အဓိကမဟုတ်ဘူး။ ယှဉ်ပြိုင်ခွင့်ရခြင်းက အဓိကပဲ။ ပရိသတ်ရဲ့ ယူ-၂၀ ကြိုးပမ်းမှုတွေ ကောင်းတယ်ဆိုတဲ့ ဝေဖန်ချက်က မှန်ပါတယ်။ နောက်မျိုးဆက်သစ်တွေ ဒီပွဲအတွေ့အကြုံကနေ လက်ဆင့်ကမ်းဖြန့်ဝေမယ်။ ဒီထက်ပိုကြိုးစားမယ်ဆိုရင် ဘောလုံးလောကဟာ ဒီထက်ပိုပြီး အဆင့်အတန်းမြင့်လာမယ်လို့ ယူဆပါတယ်။ လတ်တလော အခြေအနေအရ ရှုံးသွားတာဟာ ရှက်စရာလည်းမဟုတ်၊ ဝမ်းနည်းစရာလည်းမဟုတ်ပါဘူး။ ဒီလိုဆက်ပြီး ကန်ခွင့်ရတယ်ဆိုတာ ဂုဏ်ယူစရာဖြစ်ပါတယ်။ ရှုံးလည်း ကိစ္စမရှိဘူး။ ပွဲအတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံအရ ဒါကိုယ့်အတွက် အမြတ်ပဲ။ အခုမှ ကမ္ဘာ့အဆင့်ကို စကန်တာမို့ ရှုံးသွားလည်း ရှုံးရကျိုးနပ်တယ်။ အတွေ့အကြုံရတယ်ဆိုတဲ့ အနေအထားနဲ့ ကျေနပ်လက်ခံပါတယ်။

**ဦးထွန်းလွင်(ဒဂုံမြို့သစ်အရှေ့ပိုင်း)**

ယူ-၂၀အသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရတဲ့အတွက် စိတ်ခံစားမှုက ပျော်ရွှင်ရပါတယ်။သူတို့ကန်နေတဲ့အချိန်မှာ တောင်မှ ကိုယ့်ရင်ထဲမှာခံစားနေရတာက ကိုယ့်မြန်မာအသင်းက နောက်ဆုံးတန်းအထိ ယူလာတယ်ဆိုရင်တောင်မှ မပြောနိုင်အောင် ခံစားရတယ်။ တစ်ခါတလေ ကြည့်နေရင်းကနေ တစ်ဖက်အသင်းက ဂိုးသွင်းသွားရင်လည်း ခံစားရတယ်။ ရုပ်မြင်သံကြားကနေ မကြည့်ရလို့ ရေဒီယိုကနေ နားထောင်ရင်တောင် တစ်ဖက်အသင်းက ဂိုးသွင်းလိုက်ပြီဆိုရင် ရေဒီယိုတောင် ပိတ်လိုက်ချင်တာ။ ဒါပေမယ့် ပိတ်ဖို့အင်အားလည်း မရှိဘူး။ နားပဲနားထောင်နေတယ်။ မျှော်မှန်းထားတာကတော့ ကိုယ့်အသင်း အုပ်စုလေးတက်သွားအောင် စိတ်ထဲမှာ မျှော်မှန်းထားတာ။ ယူကရိန်းနဲ့ အခုဖြစ်ပျက်တဲ့ အဖြစ်အပျက်က ရင်ထဲမှာမခံစားနိုင်အောင်ကို ဖြစ်သွားတယ်။ အခုကန်မယ့် နယူးဇီလန်က အိမ်ရှင်ဖြစ်တဲ့အတွက် သိပ်တော့မထင်ဘူး။ ဒါပေမယ့် ကြိုးစားကြမှာပါပဲ။ လာမယ့်ပွဲစဉ်မှာ မျှော်မှန်းထားတာပဲ။ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်လာမလားဆိုတာတော့ မသိနိုင်သေးဘူး။ အခု ကစားတဲ့အနေအထားတွေက ချီးကျူးထိုက်ပါတယ်။ ကန်သွားတာပထမပိုင်းမှာ တော်တော်လေးကို မဆိုးဘူး။ နားထောင်တဲ့ အနေအထားအရ အပြန်အလှန်ကစားနေတာ။ တစ်ဖက်အသင်းက ကစားကွက်ပြောင်းပြီး ကိုယ့်ဘက်က ကစားကွက် မပြောင်းနိုင်လို့ ရှုံးခဲ့ရတယ်လို့ထင်တယ်။ နည်းပြအနေနဲ့ လိုအပ်ချက်ရှိတယ်လို့ထင်တယ်။ သူများပြောင်းရင် ကိုယ်လည်း ပုံစံပြောင်းပြီး ကစားပေးရင် အဲလောက်မဖြစ်နိုင်ဘူးထင်တယ်။ အုပ်စုတက်ရေး မှေးမှိန်လာတဲ့အပေါ်မှာ ရင်ထဲမကောင်းဘူး။ အခုတောင်မှ ကားဆွဲတာ လိုက်တောင် မလိုက်ချင်တော့ဘူး။ ကိုယ့်မြန်မာအသင်း ကန်နေပြီဆိုရင် မကြည့်ရရင်တောင်မှ ရေဒီယိုကနေ ရပ်ပြီးတော့ကို နားထောင်နေတာ။ မြန်မာအသင်းအနေနဲ့က ကမ္ဘာ့အဆင့် မဟုတ်တောင်မှဘဲ အာရှအဆင့်မှာ အောင်မြင်မှာပါ။ အခု သူတို့ ကြိုးစားနေတာပဲ။ ဒီ ယူ-၂၀ အသင်းအနေနဲ့ ဖွဲ့စည်းပုံလေးလည်း ကောင်းတယ်။ လက်ရှိနည်းပြနဲ့လည်း အဆင်ပြေပါတယ်။ အခု ယူကရိန်းနဲ့ပွဲမှာ သူများပြောင်းလဲကစားခဲ့ပေမယ့် ကိုယ့်အသင်း မပြောင်းလဲနိုင်တာလေး ဒီတစ်ချက်တော့ ပြင်ဆင်သင့်တယ်။ ဒီအတိုင်းသာ ဆက်ကစားမယ်ဆိုရင် နောက်ပိုင်း အရှေ့တောင်အာရှအဆင့်မှာ ရွှေတံဆိပ်တွေပါ ရနိုင်ပါတယ်။ ဒီကလေးတွေဆက်ပြီးတော့ ကြိုးစားပြီး တိုင်းပြည်အတွက်လုပ်မယ်ဆိုရင် တိုးတက်မှာပါ။

**ကိုအောင်သူ(ကမာရွတ်မြို့နယ်)**

တစ်ခါမှ ဒီလိုကမ္ဘာ့ဖလားမှာ ဝင်မပြိုင်ဖူးပေမယ့် နည်းနည်းတော့ ခံစားရပါတယ်။ အလုပ်ပျက်ခံပြီးတော့ အားပေးတာပါ။ ယူကရိန်းနဲ့ ပွဲမှာတော့ တအားခံစားခဲ့ရတယ်။



ဇွန် ၂ ရက် နံနက်ပိုင်းက နယူးဇီလန်နိုင်ငံတွင် ကျင်းပသော ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့် ယူကရိန်း ယှဉ်ပြိုင်မှုကို လက်ကိုင်ဖုန်းမှတစ်ဆင့် အားပေးနေသော မြန်မာ့တပ်မတော်သားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-ပရိုဖိုင် ဇော်မင်း၏ ဖေ့စ်ဘွတ်မှ)

ပထမပိုင်းမှာတော့ သရေဆိုတော့လည်း နည်းနည်းတော့ပျော်ပြီး သရေလောက်ထိ မှန်းခဲ့တာပါ။ ဒုတိယပိုင်းမှာ ကစားကွက်ပြောင်းသွားပြီးတော့ မြန်မာအသင်း ဖွင့်ကစားခဲ့တဲ့အတွက် ပေးထားတဲ့ဂိုးတွေက များတဲ့အတွက်နည်းနည်းတော့ ရင်ထဲမှာခံစားရပါတယ်။ ရှုံးတယ်ဆိုတာက ကျွန်တော်တို့ ယူ-၂၀က ကမ္ဘာ့ဖလားမှာ အတွေ့အကြုံလည်းမရှိသေးဘူး။ အခုလိုမျိုး ဒီလိုပွဲမှာ ကန်ရတဲ့အတွက် အတွေ့အကြုံလည်းရှိသွားပြီ။ ခြေစွမ်းပိုင်းမှာ တော်တော်ကို တိုးတက်လာပြီ။ အရင်နှစ်တွေထက်စာရင် တော်တော်ကို တိုးတက်လာပြီ။ ဒီထက်ဆက်ပြီး နည်းနည်းလေး အားထည့်ပြီးတော့ စိတ်ဓာတ်ကလေးထည့်၊ ကစားပုံလေးပြင်မယ်ဆိုရင် ပိုပြီးတော့ကောင်းသွားမှာပါ။ ယူ-၂၀အသင်းကို အခု တစ်နှစ်လုံးတော့ ရှုံးသွားပြီ။ ပေးဂိုးတွေကလည်း များသွားပြီဆိုတော့ သိပ်တော့မမျှော်မှန်းရဲပါဘူး။ ဖြစ်ချင်တာကတော့ အုပ်စုလေးတော့ ကျော်စေချင်တာပါ။ ဒါပေမယ့် အခုတော့ နှစ်ပွဲလုံးရှုံးသွားတဲ့အတွက် သိပ်တော့ မမျှော်မှန်းရဲပါဘူး။ နောင်အနာဂတ်မှာသူတို့လေးတွေ နောက်ပိုင်းကျင်းပမယ့် အရှေ့တောင်အာရှနဲ့ အာရှအဆင့်မှာ အလားအလာလေးတွေ ကောင်းပါတယ်။ ယူ-၂၀ အသင်းအနေနဲ့ အောင်မြင်တဲ့ အသင်းတစ်သင်း ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

**ကိုစိုးသန်းဝင်း(T&T Group)**

ယူ-၂၀ ဘောလုံးသမားလေးတွေတော်ပါတယ်။ပထမပိုင်းကစားပုံ အလွန်ကောင်းပါတယ်။ ဒုတိယပိုင်း ဂိုးစပေးလိုက်ရပြီး နောက်ပိုင်း ဂိုးပြန်ရချင်ဇော နည်းနည်းများသွားပြီး အတင်းလိုက်ကစားတာကနေ ကောင်တာ ပေါက်သွားတာပါ။ ဘာပဲပြောပြော၊ အခုလို ယူကရိန်းနဲ့ အမေရိကန်တို့လို ကမ္ဘာ့အဆင့်ရှိတဲ့ အသင်းကြီးတွေကို ခြေရည်တူကစားနိုင်တဲ့အတွက် နောင်တစ်ချိန် ဒေသတွင်းပွဲတွေမှာ နိုင်ငံအတွက် အားကိုးရတဲ့ကစားသမားလေးတွေ ပေါ်ထွက်လာမယ်လို့ယုံကြပါတယ်။

**ကိုလှမင်း(ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

ယူ-၂၀ ဘောလုံးသမားလေးတွေကိုပြောချင်ပါတယ်။ လုံးဝစိတ်ဓာတ်ကျမသွားပါနဲ့။ ယူတတ်ရင် သင်ခန်းစာအများကြီးရပါတယ်။

အတွေ့အကြုံဆိုတာ အကောင်းဆုံးဆရာသမားပါ။ မြန်မာပရိသတ်တွေအနေနဲ့ ပြည်တွင်းမှာရော အခုပြည်ပမှာပါ အဲလောက်အများကြီးလာအားပေးကြတယ်ဆိုကတည်းက အဲဒီလူတွေအကုန်လုံးက အားပေးရုံတင်မဟုတ်ပါဘူး။ ဒီလိုအချိန်မျိုးမှာလည်း နှစ်သိမ့်ဖို့ အဆင်သင့်ရှိနေပါတယ်။

အနိုင်မရတဲ့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့။ အတွေ့အကြုံဆိုတာ အကောင်းဆုံးဆရာသမားပါ။



ဦးထွန်းအောင်
(လမ်းမတော်မြို့နယ်)



ဦးထွန်းလွင်
(ဒဂုံမြို့သစ်အရှေ့ပိုင်း)



ကိုအောင်သူ
(ကမာရွတ်မြို့နယ်)



ကိုစိုးသန်းဝင်း
(T&T Group)



ကိုလှမင်း
(ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)

●မြန်မာအသင်းမှ

ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကိုလည်း ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည်။ ပထမပိုင်းတွင် အကောင်းဆုံးပုံစံဖြင့် မြန်မာအသင်း ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးရလိုစိတ်ဖြင့် တိုက်စစ်ကို အားပြုကစားရာမှ တန်ပြန်တိုက်စစ်နှင့် အမြန်နှုန်းတိုက်စစ်တို့ကို မထိန်းနိုင်ဘဲ ဂိုးများပေးလိုက်ရသည်။

ဒုတိယပိုင်းအစတွင် ယခုကဲ့သို့ ဂိုးများ ဆက်တိုက်ပေးလိုက်ရခြင်းမှာ ပွဲ၏အလှည့်အပြောင်းဖြစ်ခဲ့ရသည်။ ဂိုးများထပ်မံပေးခဲ့ရသလို ဂိုးလည်းပြန်မသွင်း နိုင်တော့ပေ။ မြန်မာအသင်းသည် ယခုပွဲတွင် ခြောက်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် တတိယနေရာရရှိရန်အတွက် ဖိအားဝင်သွားခဲ့သည်။ ဇွန် ၅ ရက်တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် ကစားရမည့် အိမ်ရှင်နယူးဇီလန်နှင့်ပွဲမှာ နောက်တစ်ဆင့်တက်ရန် အဆုံးအဖြတ်ပွဲဖြစ်သည်။ ယင်းပွဲတွင် အနိုင်ရရန်လိုအပ်သည့်အတွက် ယခုခြေစွမ်းထက် ပိုမိုကောင်းမွန်မှ ရမည်ဖြစ်သည်။ သီဟထက်အောင်မှာ တိုက်ရိုက်အနီကတ်ထိထား၍ ပါဝင်နိုင်မည်မဟုတ်ဘဲ ငြိမ်းချမ်းအောင်နှင့် ယခုပွဲတွင် ဒဏ်ရာရ၍ လူစားလဲခဲ့ရသည့် မောင်မောင်လွင်တို့ ပါဝင်ရန်လည်း မသေချာပေ။

မြန်မာအသင်းသည် ပထမပွဲ၏ ပွဲထွက်လူစာရင်းအတိုင်း အပြောင်းအလဲမရှိခဲ့ပေ။ လာရောက်အားပေးသည့် မြန်မာပရိသတ်များ ယခင်ပွဲထက်ပိုများလာသည်ကို တွေ့ရသည်။ ပွဲအစတွင် အထန့်နေကာ ၁၅ မိနစ်နောက်ပိုင်းတွင် ကစားပုံကောင်းမွန်လာပြီး အပြန်အလှန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ ဂိုးသွင်းခွင့်များရသော်လည်း ကန်ချက်များပျော့ကာ ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ယူကရိန်းတိုက်စစ်မှူးများ၏ အပိုင်ဂိုးသွင်းမှုများကို ဂိုးသမားမျိုးမင်းလတ်နှင့်နောက်တန်းကစားသမားများ အကောင်းဆုံး ကာကွယ်နိုင်သဖြင့် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် အနိုင်ရရန် ကြိုးစားခဲ့သော်လည်း မထင်မှတ်ဘဲ ခြောက်မိနစ်အတွင်း သုံးဂိုးပေးလိုက်ရပြီး ကစားပုံပျက်သွားကာ နောက်ထပ်ဂိုးများ ပေးလိုက်ရသည်။ မြန်မာအသင်းသည် ရှုံးနိမ့်နေသော်လည်း စိတ်ဓာတ်မကျဘဲ ချေပဂိုးရရှိရန် ကြိုးစားကစားခဲ့ကြသည်။ ၇၄ မိနစ်တွင် သီဟထက်အောင် ပယ်နယ်တီ ဧရိယာအတွင်း လက်ထိသဖြင့် တိုက်ရိုက်အနီကတ်ပြခံရကာ တစ်ယောက်လျော့ ကစားခဲ့ရသည်။ ယူကရိန်းအသင်းအတွက် အနိုင်ဂိုးများကို ၅၁ မိနစ်တွင် ယာရီမတ်ဟတ်ကလည်းကောင်း၊ ၅၄ မိနစ်တွင် လချ်ကီဗ်ယက်ကလည်းကောင်း၊ ၅၇ မိနစ်နှင့် ၇၇ မိနစ်တွင် ကိုဗာလန်ကို ကလည်းကောင်း၊ ၆၈ မိနစ်တွင် ဆိုဘိုးလ်ကလည်းကောင်း၊ ၇၁ မိနစ်တွင် ဘက်စ်ရီဒင်က လည်းကောင်း အသီးသီးသွင်းယူခဲ့ကြသည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၅ ရက်တွင် အိမ်ရှင် နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း - ဖိုးသော်ဇင်၊ ဓာတ်ပုံ - MFF

■ဖလ္လိုက်မေဝယ်သာမှ

အမီယာခန်သည် မေ ၂၉ ရက် က နယူးယောက်မြို့ရှိ ဘာကလေစင်တာတွင် ထိုးသတ်ခဲ့သည့် ခရစ်အယ်လ်ဂျီရီနှင့် ပွဲတွင် နိုင်ပွဲရရှိထားခဲ့ပြီး ၎င်း၏ လက်ဝှေ့သမားဘဝ တစ်လျှောက်တွင် ပွဲပေါင်း ၃၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၃၁ ပွဲနိုင်ပွဲရရှိခဲ့ကာ ၁၉ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိထားခဲ့သူဖြစ်သည်။ ယင်းပွဲများအနက် သုံးပွဲမှာ ရှုံးပွဲကြုံခဲ့သည်။ ဖလွိုက်မေဝယ်သာမှာမူ ၄၈ ပွဲထိုးသတ်ခဲ့ရာ ၄၈ ပွဲစလုံးအနိုင်ရရှိထားခဲ့ပြီး ၂၆ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိထားခဲ့သူဖြစ်သည်။

(ငွေကြယ်)

# အဲကွန်းမြို့ပတ်ရထား အကောင်းဆုံးစီးဖို့

လင်းသီဟ

၁၄-၅-၂၀၁၅ ရက်က မင်္ဂလာဒုံဘက်သို့သွားရန် ကိစ္စပေါ်လာသဖြင့် မလွှကုန်းဘူတာမှ ၉ နာရီတွင် ထွက်ခွာသော အဲကွန်းမြို့ပတ်ရထားအား စီးနင်းခဲ့ပါသည်။ အချိန်အရ ၈ နာရီ ၄၇ မိနစ်တွင်ဆိုသော်လည်း ၉ နာရီ ထိုးမှစီးရ၏။ ရထားမှာ (ဂ) အထူးရထားဟုခေါ်သော အဲကွန်းရထား RBE တွဲဖြစ်သည်။ ရထားဘူတာသို့ ဆိုက်ရောက်စဉ်ကပင် ရထား၏လှေကားသည် ပလက်ဖောင်းမှ တစ်ပေကျော်ခန့်အမြင့်တွင် ရှိနေသည်ကိုတွေ့ရသည်။ အဆင်းခရီးသည်များက ခုန်ချ၍ရသဖြင့် မထောင်းသာလှသော်လည်း သက်ကြီးရွယ်အိုများနှင့် ဝသောခရီးသည်များမှာမူ အပေါက်အဝင်တွင် တပ်ဆင်ထားသော လက်ကိုင်သံတန်းအား မနည်းဆွဲယူ၍ တက်ကြရသည်ကို တွေ့ရပါသည်။

သို့နှင့် ရထားပေါ်ရောက်၍ နေရာလွတ်တစ်ခုတွင် ထိုင်နေရင်း ၁၉၆၀ ခုနှစ်ဝန်းကျင်က စီးခဲ့ရသော ဂျပန်နိုင်ငံလုပ် မြို့ပတ်ရထားကို ပြန်လည်သတိရမိပါသည်။ ထိုစဉ်က တွဲများမှာ အလိုအလျောက် အတက်အဆင်း တံခါးပေါက်ဖွင့်/ပိတ်စနစ်တပ်ဆင်ထားပြီး မှန်ပြတင်းများ၊ ပန်ကာများ၊ လုံလောက်စွာတပ်ဆင်ထားသော အိမ်သာများလည်းပါရှိပါသည်။ ကျိုက္ကလှဲ့ ဘူတာနှင့် မင်္ဂလာဒုံဈေးဘူတာအကြား ပေါက်ကုန်းကျေးရွာ ရထားလမ်းကွေ့ ပေါ်တွင် ရိုက်ကူးထားသော အဆိုပါမြို့ပတ်ရထား၏ ဓာတ်ပုံမှာ မြန်မာ့မီးရထားသမိုင်းတွင် မှတ်တမ်းတင်ဓာတ်ပုံတစ်ပုံဖြစ်ခဲ့သည်ကိုလည်း အမှတ်ရနေမိပါသည်။

ယခု ရထားပေါ်တွင် ခရီးသည်အရေအတွက်နှင့် ထိုင်ခုံအရေအတွက်မှာ ကွက်တိနီးပါးရှိနေသည်ကို တွေ့ရပြီး အမျိုးသမီးငယ်နှစ်ဦး၏ နောက်ကျောမှ ပြတင်းပေါက်မှာမူ ဖွင့်ထားသည်ကို တွေ့ရပါသည်။ နံနက် ၉ နာရီကျော်စ အချိန်ဖြစ်၍ အပူရှိန်မှာလည်း သိပ်မပြင်းသေးဘဲ ပြတင်းပေါက်မှဝင်လာသော လေအေးကလေးနှင့် အဆင်ပြေသည်ကိုတွေ့ရှိရပါသည်။ ဘောက်ထော် ဘူတာသို့ ရောက်သောအခါတွင် ရထားဝန်ထမ်းတစ်ဦးရောက်လာပြီး ဘေးမှ မိန်းကလေးငယ်နှစ်ဦးအား မည်သည့်ဘူတာမှ တက်လာသလဲဟု မေးရာ မိန်းကလေးတစ်ဦးက ဘုရားလမ်းဘူတာမှ တက်လာကြောင်း ဖြေပါသည်။ ထိုအခါ မီးရထားဝန်ထမ်းက ဒီပြတင်းပေါက်ကို ဘယ်သူဖွင့်တာလဲ ဟုမေးရာ မိန်းကလေးများက သူတို့တက်လာစဉ်ကပင် ဖွင့်ထားကြောင်း ပြောပါသည်။ ဤတွင် ဝန်ထမ်းက ဘူတာမှ ဖုန်းဆက်၍ မေးခိုင်းသဖြင့် မေးရခြင်းဖြစ်ကြောင်း၊ အဲကွန်းအေးပါသလားဟု ထပ်မေးရာ လူအများက အဲကွန်းမအေးကြောင်းနှင့် လူအများ၏ အပူငွေ့နှင့် ပိတ်လှောင်နေကြောင်း ဝိုင်းပြောကြရာ ဝန်ထမ်းများလည်း မှတ်သားပြီး ပြန်သွားပါသည်။

ထိုအခါ မိန်းကလေးနှစ်ဦးအနက် တစ်ဦးက တပ်ဆင်ထားသော လေအေးစက်များမှာ လူများလျှင် လုံးဝမနိုင်ကြောင်း၊ ညနေတိုင်း ၄ နာရီ၊ ၅ နာရီခန့်တွင် စီးပါက လူအများကျပ်သိပ်ပြီး ပူအိုက်လှောင်ပိတ်နေကြောင်း၊ ၅၀ တန် ရထားတွဲက လေဝင်သဖြင့် ပို၍အဆင်ပြေကြောင်း၊ ခရီးသည်အများစုမှာ အဲကွန်းရထားကိုသာ ရွေးချယ်စီးခြင်းမဟုတ်ဘဲ မိမိတို့စီးမည့်အချိန် ရောက်လာသည့် ရထားကို စီးကြရခြင်းဖြစ်ကြောင်း၊ ၎င်း၏ရှေ့တွင် မင်္ဂလာဒုံ အထိသာရောက်သော ရထားနှစ်စီးရှိကြောင်း၊ ရှေ့ရထားနှင့် အချိန် တစ်နာရီခွဲ ကွာခြားသဖြင့် ယခုရထားကို လူအစီးများနေခြင်းဖြစ်ကြောင်း၊ ဖြစ်နိုင်ပါက ရထားတစ်စီးနှင့်တစ်စီး အချိန် နာရီဝက်ထက်ပိုမကြာစေသင့်ကြောင်း၊ ရထား ဆက်ဝေးနေသဖြင့် ၅၀ တန်၊ ၂၀၀ တန်ရထားများကို စောင့်မနေကြတော့ဘဲ အဲကွန်းကို စီးရခြင်းဖြစ်ကြောင်း၊ ပြတင်းများဖွင့်ထားပါက ခရီးသည်များအတွက် ပို၍အဆင်ပြေမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

သို့နှင့် စာရေးသူလည်း အဲကွန်းရထားစီးနင်းရသည့်အတွေ့အကြုံကို ပို၍သိရှိစေရန် ၁၇-၅-၂၀၁၅ ရက် (တနင်္ဂနွေ)တွင် ပထမအကြိမ်က အတိုင်း ၎င်း “ဂ အထူးရထား”ကိုပင် ထပ်မံ၍ စီးနင်းခဲ့ပါသည်။ ယခုအခါတွင်မူ တနင်္ဂနွေနေ့ဖြစ်သဖြင့် စီးနင်းသူပိုများနေပြီး မတ်ရပ်ခရီးသည်နှင့် ထိုင်စီးသော ခရီးသည် ဆတူခန့်ရှိနေသည်ကို တွေ့ရပါသည်။ ရထား၏ ပြတင်းပေါက်များအားလုံး ပိတ်ထားသည်ကိုတွေ့ရပြီး ရထားအတွင်း ပိတ်လှောင်နေပါသည်။ ဤတွင် ကြက်အရှင်သုံးကောင်ကို ဇောက်ထိုးဆွဲလာသည့် ခရီးသည်၏ ကြက်များမှာ ရုတ်တရက်လန့်ပြီးအတောင်ပံများ ခတ်လိုက်သဖြင့် ရထားတွဲ အတွင်း ဖုန်နှင့် ကြက်အမွေးအမှင်များ ပျံ့လွင့်ကုန်သည်ကို တွေ့ရပါသည်။ ထိုခရီးသည်လည်း အားနာစိတ်ဖြင့် လူရှင်းသည့်ရထားတွဲကူးနေရာသို့ ရွှေ့သွားပါသည်။ အမှန်စင်စစ်အားဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ စတင်ပေါ်ပေါက်စဉ်ကပင် ကြက်ငှက်များအား လူအများအကြားတွင် ထားရှိသယ်ဆောင်ခြင်းမပြုရန် တားမြစ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရထားလက်မှတ်စစ်နှင့် ဝန်ထမ်းများအနေဖြင့် ခရီးသည်တင်တွဲများတွင် တိရစ္ဆာန်များ တင်ဆောင်ခြင်းအား တားမြစ်သင့်ပြီဖြစ်ပါသည်။

ရထားလည်းဆက်လက်ထွက်ခွာလာရာ အဲကွန်းရထားအား တနင်္ဂနွေ အားလပ်ရက်အဖြစ်အားပေးမည့် မိသားစုများကိုပါ တွေ့ရှိရပါသည်။ နေရာမရကြသဖြင့် ဟိုတွဲဒီတွဲကူးပြီးနေရာရှာကြရ၏။ သို့ဖြင့် ခရီးသည်များပို၍ များပြားလာရာ ရထား၏လေအေးပေးစက်နှင့် ခရီးသည်များ၏အပူချိန် မည်သို့မျှမနိုင်တော့ဘဲ ဖြစ်လာပါသည်။ ထို့ကြောင့် ဝေဘာဂီဘူတာသို့ ရောက်သောအခါတွင် ရထားဝန်ထမ်းနှစ်ဦးရောက်လာပြီး ဖွင့်၍ရသော ပြတင်းပေါက်များကို ဖွင့်ပေးသောကြောင့် ခရီးသည်များအဆင်ပြေသွားပါသည်။ သို့နှင့် မိမိလည်း မင်္ဂလာဒုံဘူတာတွင် ဆင်းခဲ့ပါသည်။



မင်္ဂလာဒုံမှ အပြန်ခရီးစဉ်တွင်လည်း မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထွက်ခွာလာသော အဆိုပါ (ဂ)အထူး ၅ မြို့ပတ်ကိုပင် ပြန်လည်စီးနင်းခဲ့ပါသည်။ အပြန်တွင် စီးနင်းသောတွဲမှာမူ အတက်အဆင်းတံခါးပေါက်ပိုကျယ်ပြီး အတက်နှင့်အဆင်းကို ပိုင်းခြားထားသောသံကိုင်းရှိသဖြင့် ခရီးသည်များ အတက်အဆင်း ပိုမိုလွယ်ကူသည်ကိုတွေ့ရပါသည်။ ရထားပေါ်သို့ စတင်တက်ရောက်စဉ်ကပင် ပြတင်းပေါက်အားလုံးဖွင့်ထားသဖြင့် လေတဖြူးဖြူးနှင့် အေးနေသည်ကို တွေ့ရပါသည်။ ရထားပေါ်တွင်ပါလာသော နိုင်ငံခြားသားစုံတွဲကလည်း ဖွင့်ထားသောပြတင်းပေါက်မှ ခေါင်းပြူကာကင်မရာတပြင်ပြင်နှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်လျက်ရှိသည်ကို တွေ့ရပါသည်။ နိုင်ငံခြားသား အမျိုးသားက ယခုကဲ့သို့ ပြတင်းပေါက်များဖွင့်ထားသည့်တွဲများကို ပို၍ သဘောကျကြောင်း၊ ပတ်ဝန်းကျင်ရှုခင်းများကိုပို၍တွေ့မြင်နိုင်ပြီး ဓာတ်ပုံ ရိုက်နိုင်၍ဖြစ်ကြောင်း၊ အလုံပိတ်မှန်ပြတင်းများပါသောတွဲများမှာ ဓာတ်ပုံရိုက်၍ အဆင်မပြေကြောင်းပြောပြပါသည်။ ရထားတွဲပေါ်တွင် စည်းကမ်းမဲ့ ဆေးလိပ်သောက်သူများ မတွေ့ရသလောက်ဖြစ်သော်လည်း ကွမ်းစားသူ နှစ်ယောက်မှာမူ ရေသန့်ဘူးထဲသို့ ကွမ်းတံတွေးထွေးလိုက်၊ ကွမ်းဝါးလိုက် လုပ်နေသဖြင့် နိုင်ငံခြားသားစုံတွဲမှာ ရွံရှာသောအကြည့်ဖြင့် မကြာခဏ ကြည့်နေပါသည်။ ထို့ကြောင့် ပါးစပ်ထဲကွမ်းဝါးနေသူများ ရထားတွဲပေါ်သို့ မတက်ရဟုပင် ကန့်သတ်ရမလိုဖြစ်နေပါသည်။ လမ်းတွင် မျက်နှာချင်းဆိုင်ရှောင်လိုက်ရသော အဲကွန်းရထားများမှာမူ အတက်အဆင်းပြတင်းပေါက်ပင် မပိတ်သည်ကို တွေ့ရပါသည်။

ယခုအခါတွင် မြန်မာ့မီးရထားအနေဖြင့် RBE တွဲအသစ်များ ဝယ်ယူပြီးဖြစ်သဖြင့် မြို့ပတ်ရထားတွဲဆိုင်းများနေရာတွင် အစားထိုးပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။ ထို့ကြောင့် အစားထိုးပြေးဆွဲသော RBE တွဲများအား ပြည်သူများအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် အောက်ပါအချက်များအား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၁။ ရထားတွဲများ၏ အတက်အဆင်းလှေကားနှင့် ပလက်ဖောင်းတို့၏ အကွာအဝေး အနိမ့်အမြင့်ကို ပြန်လည်ချိန်ကိုက်ပေးရန် (ပလက်ဖောင်းကို မြှင့်တင်ခြင်း(သို့)လှေကားနောက်တစ်ထစ်တပ်ဆင်ပေးခြင်း)

၂။ လေအေးပေးစက်အား စီးနင်းသည့် ခရီးသည်ပမာဏနှင့်အညီ ချိန်ညှိပေးရန်၊ ချိန်ညှိပေးရန်မဖြစ်ပါက ပြတင်းပေါက်များဖွင့်၍ စီးနင်းခွင့်ပြုပါရန်။ (အသေတပ်ထားသော ပြတင်းပေါက်များသာ ပါရှိသည့်တွဲများကိုမူ လေအေးပေးစက်ကောင်းမွန်အောင် ထားရှိရန်)

၃။ တိရစ္ဆာန်များ သယ်ယူတင်ဆောင်ခြင်းကို တားမြစ်ရန်။

၄။ ကွမ်းစားနေသူများအား ရထားတွဲပေါ်တက်ခြင်းမှ ကန့်သတ်ရန်။

၅။ ရထားတစ်စီးနှင့် တစ်စီးအကြားတွင် စောင့်ဆိုင်းရချိန်အများဆုံး နာရီဝက်သာရှိစေရန်။

၆။ RBE အဲကွန်းရထားများ၏ ပုံသေစီးနင်းခ ၃၀၀ အား တတ်နိုင်သရွေ့ ထပ်လျှော့ပေးရန်။

၇။ ဖြစ်နိုင်ပါက တွဲတိုင်းတွင် အိမ်သာများထားရှိပေးရန်။

## ကရာတေးဒိုအားကစားသမားများ လူတွေ့အရည်အချင်းစစ်မည်

ရန်ကုန် ဇွန် ၂

အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ အလားအလာရှိသော အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ပေးမည်ဖြစ်ရာ သတ်မှတ်ချက်အရ(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ လက်ရွေးစင်များနှင့် ပဏာမလက်ရွေးစင်များ၊ ၂၀၁၄ခုနှစ် (၅)ကြိမ်မြောက် Japan cup ပြိုင်ပွဲ၊ ၂၀၁၄ခုနှစ် ချင်းပြည်နယ်အစိုးအရအဖွဲ့ဝန်ကြီးချုပ်ဖလားပြိုင်ပွဲ၊ ၂၀၁၄ခုနှစ် တက္ကသိုလ်ပေါင်းစုံ ပြိုင်ပွဲ၊ ၂၀၁၅ခုနှစ် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ကရာတေးဒိုပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ဖူးသူ ကရာတေးဒိုအားကစားသမားများသည် အရည်အချင်းစစ်ဆေးခံယူနိုင်ရန်အတွက် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်သို့ ဇွန် ၈ ရက်တွင် လူကိုယ်တိုင်သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

## မိုင်းရှူး၌ ဘိန်းအစားထိုးသီးနှံ မျိုးစေ့ပေးအပ်

မိုင်းရှူး ဇွန် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးမျိုးစေ့ပေးအပ်ပွဲကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူး၊ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် တာဝန်ရှိသူတို့က ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူများအား စိုက်ပျိုးဧက ၁၀၀ အတွက် ပုလဲသွယ်စပါးမျိုးစေ့ ကီလို ၇၀၀၊ အစေ့ထုတ်ပြောင်း ဧက ၅၀ စာ၊ နေကြာသီးနှံ ငါး ဧကစာ၊ လက်ဖက်ပျိုးပင် ၃၈၁၁၅ ပင်နှင့် လက်ကမ်းစာစောင်တို့အား အခမဲ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းတို့အား တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းသန်း (IPRD)

## သောက်သုံးရေလှူဒါန်း

ရမ်းဗြဲ ဇွန် ၂

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် သောက်သုံးရေရှားပါးမှုဖြင့် အခက်အခဲကြုံတွေ့နေရပြီး မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးမောင်လှ၊ မြို့မစခန်းမှူးရဲအုပ် ခင်အောင်မိုးဦးစီး(၄)နှင့် ၁၄ ဦးတို့သည် မေ ၂၇ ရက်က ရမ်းဗြဲမြို့နှင့် ဆယ်မိုင်ခန့်ကွာဝေးသော ကုန်းဘောင်(၁)စံပြကျေးရွာအပိုင်းရှိ တစ်ဖက်ပိတ်ဆည်သို့သွားရောက်ပြီး မော်တော်ယာဉ်ဖြင့် သောက်ရေ ဂါလန် ၈၅၀ ခန့်သယ်ဆောင်ကာ ရမ်းဗြဲမြို့ အမှတ်(၄)အောင်စေတီရပ်ကွက်ရှိ အိမ်ထောင်စုဦးရေ ၄၉ စုသို့ ရေလှူဒါန်းသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြ၍ အောင်စေတီရပ်ကွက်ရှိ လူထုများကလည်း ဝမ်းသာအားရ ကျေးဇူးတင်ရှိခဲ့ကြကြောင်း သိရသည်။

အောင်လှဖြူ

## ကျောင်းသုံး ပစ္စည်းများထောက်ပံ့

မူဆယ် ဇွန် ၂

မူဆယ်မြို့ အမှတ်(၁)အလယ်တန်းကျောင်းခွဲ ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့တို့မှ ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၁ ရက်တွင် ကျောင်းအစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်ဒွဲက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်းတို့က ကျောင်းသားကျောင်းသူများအား ကျောင်းသုံးပစ္စည်းများကို အသီးသီးပေးအပ်ခဲ့သည်။

ဆရာမောင်(မူဆယ်)

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

ဘီးလင်း ဇွန် ၂

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘီးလင်းမြို့နယ် ကျိုက်တဲကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို မေ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ တံဆိပ်ရိုက်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာရည်၊ ဆပ်ပြာခဲပြုလုပ်နည်း၊ မွေးမြူရေးနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာများကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၆၅ ဦးတက်ရောက်ခဲ့သည်။

(ကျေးလက်ဦးစီး)

ဖတ်စရာ၊ မှတ်စရာ

# မိုးရွာလို့ ရေပါ၊ အဖြေရှာ

အပူရှိန်လွန်ကဲ နွေရာသီမှ မိုးဦးကာလသို့ ရောက်လာပြီမို့ ဝမ်းသာဖွယ်ရာ ဖြစ်မိပါသည်။ မိုးရွာလို့ ရေတွေ ပါလာတော့ ပိုလျှံမြေကျရေများကို ကြည့်ပြီး ဟိုဟိုဒီဒီ တွေးတောမိပါသည်။

မဟာရန်ကုန်မြို့သစ်တွေမှာ ရေအခက်အခဲကို မြေအောက်ရေမှ အဝီစိတွင်းများဖြင့် ရယူဖြေရှင်းကြပါ၏။ မြို့သစ်များ တည်ဆောက်ကာလရှေ့ပိုင်းတွင် ပေ ၁၀၀ မှသည် ပေ ၂၀၀၊ ယခုအခါ ပေ ၃၀၀ ခန့် တူးကြရပါသည်။ ဒေသအလိုက် ပေ ၂၀၀ ရေတွင်းအချို့ ရေမရ ရေခန်းနေဟန်တူပါသည်။

မိုးကာလတွင် အဝီစိတွင်းရေမသုံးဘဲ အိမ်အမိုးရေတံလျှောက်မှ ရရှိသော ရေဖြင့်ဖူလုံ၍ ပိုလျှံဘေးထွက်မြေကျ စီးဆင်းနေသည့်အခါများလည်း ရှိပါသည်။ ဤဖြစ်စဉ်များကို လေ့လာနေခိုက် ဒဂုံမြို့သစ် (မြောက်ပိုင်း) တစ်ရပ်ကွက်တည်းနေ ရင်းနှီးသူ မိတ်ဆွေတစ်ဦးက သူ့အိမ်မှာ ပိုလျှံမိုးရေများကို ရေတံလျှောက်မှတစ်ဆင့် အဝီစိတွင်းထဲ ပြန်ထည့်ကြောင်း၊ စရိတ်စကလည်း အကုန်အကျမများကြောင်း ပြောကြားချက်များကို လေ့လာ အတုယူလျက် မိမိအိမ်မှာလည်း အလားတူဆောင်ရွက်ခဲ့ပါသည်။ ရရှိနိုင်သော ကောင်းကျိုးအခွင့်အလမ်းများမှာ -

- ရေတွင်းရေခန်းမှုသက်သာခြင်း။
- အချည်းနှီးဘေးထွက်ရေစီးရေလာ၊ ရေလျှံသောကိစ္စကို လျော့နည်းစေခြင်း။
- အလားတူ ဆောင်ရွက်ကြပါက မြေအောက်ရေ လျော့နည်းမှုနှင့်၊ ဂေဟာစနစ်ကိုလည်း အားဖြည့်ရာရောက်ခြင်း။

စသည့် အကျိုးကျေးဇူးများကိုရယူလျက် မိမိနှင့် ပတ်ဝန်းကျင်အကျိုး ဆောင်ရွက်နိုင်ပါကြောင်း သိရှိသမျှတင်ပြရသည်။

**လေးဝင်း(ကိုယ်စိတ်ကြည်)**

# တရားဝင်လိုင်စင်ရ နိုင်ငံခြားဘဏ်တစ်ခုအဖြစ် ဘန်ကောက်ဘဏ် ရန်ကုန်ဘဏ်ခွဲဖွင့်လှစ်

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုချက်ရရှိထားသော နိုင်ငံခြားဘဏ်တစ်ခုအဖြစ် ဘန်ကောက်ဘဏ် (Bangkok Bank) ရန်ကုန်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဆိုပါဘဏ်ခွဲ အဆောက်အအုံ၌ ကျင်းပခဲ့သည်။




မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားသော နိုင်ငံခြားဘဏ်ကိုးခုအနက် ဘန်ကောက်ဘဏ်သည် တစ်ခုအပါအဝင်ဖြစ်ပြီး ရန်ကုန်ဘဏ်ခွဲမှ Deposit တင်ခြင်း၊ လုပ်ငန်းချေးငွေ၊ ကုန်သွယ်မှုဝန်ဆောင်မှုများ၊ ငွေလွှဲခြင်းများအား ဘဏ္ဍာရေး ဝန်ဆောင်မှုများပေးရန်နှင့် နိုင်ငံခြားငွေကြေး၊ မြန်မာနိုင်ငံငွေကြေးတို့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများနှင့် မြန်မာနိုင်ငံမှ ပြည်တွင်းဘဏ်များအတွက် နိုင်ငံခြားငွေလဲလှယ်နိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။

"ဘန်ကောက်ဘဏ်ဟာ မြန်မာနိုင်ငံမှာ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး နိုင်ငံခြားဘဏ်ကိုးဘဏ်အနက် တတိယမြောက်ဘဏ်ခွဲတစ်ခုဖြစ်ပါတယ်။ ထိုင်းနိုင်ငံက လာရောက်လုပ်ကိုင်နေတဲ့ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနဲ့ ထိုင်း-မြန်မာနှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာအကျိုးပြုမယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘန်ကောက်ဘဏ် ရန်ကုန်ဘဏ်ခွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

ဘန်ကောက်ဘဏ်သည် ၁၉၄၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ထူထောင်ခဲ့သည့် သက်တမ်းရင့်ဘဏ်တစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံရှိ အကြီးဆုံးဘဏ်များ စာရင်းတွင် ပါဝင်သည်။ ရန်ကုန်ကိုယ်စားလှယ်ရုံးခွဲကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ တရားဝင်လိုင်စင်ဖြင့် ရန်ကုန်ဘဏ်ခွဲကို ဖွင့်လှစ်ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။

ဘန်ကောက်ဘဏ်သည် ထိုင်းနိုင်ငံ၌ ဘဏ်ခွဲပေါင်း ၁၂၀၀ ရှိပြီး အခြားနိုင်ငံ ၁၄ နိုင်ငံတွင် ဘဏ်ခွဲပေါင်း ၃၀ ရှိသည်ဟု သိရသည်။ Correspondent bank ပေါင်း ၁၀၀၀ ကျော်၊ ATM ၉၀၀၀၊ cash deposit စက်ပေါင်း ၁၂၀၀၊ ဖုန်း banking၊ Bualuang mBanking နှင့် Bualuang iBanking တို့ ပါဝင်သည်။ ၂၀၁၄ ဒီဇင်ဘာ ၃၁ ရက် စာရင်းအရ ဘဏ်ပိုင်ဆိုင်မှုမှာ ထိုင်းဘတ်ငွေ ၂၇၅၉၈၉၀ သန်းရှိကြောင်း သိရသည်။

**သတင်း-၀၀၁၊**
**ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ရမ်းဗြဲ ဇွန် ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်အနေဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၁ ရက်တွင် င/စမိ ကျေးရွာအုပ်စုအား စတင်ထုတ်ချေးပေး၍ ထုတ်ချေးသည့် အခမ်းအနားကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်မန်နေဂျာ ဦးစိုးမြင့်က ယခုနှစ်ချေးငွေကျပ်သိန်း ၂၈၀၀၀ ထုတ်ချေးပေးမည်ဖြစ်ပြီး စားနပ်ရိက္ခာလိုအပ်ချက်ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်များသို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးဟူသော ရည်မှန်းချက်များဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ယခင်နှစ်ချေးငွေပေးဆပ်ရာတွင် သတ်မှတ်ကာလအတွင်း တာဝန်ကျေသူများကို ဦးစားပေး ထုတ်ချေးပေးနေပြီး နှစ်ချင်းဆပ်ချေးငွေဖြစ်ပြီး သုံးဦးအပြန်အလှန် အာမခံသည့်စနစ်ဖြစ်သောကြောင့် ချေးငွေများကို ယခင်နှစ်ကလို သတ်မှတ်ရက်အတွင်း ပြန်လည်ပေးဆပ်ရန်နှင့် တောင်သူများအနေဖြင့်လည်း ချေးငွေရရှိသောငွေများကို အလေအလွင့်မရှိစေဘဲ မိမိလုပ်ငန်းများ၌ အကျိုးအမြတ်ရှိအောင် လုပ်ကိုင်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၅၂၂)**

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့၊ မြို့မအထက(၂) နဝမတန်း ဘောဂဗေဒဘာသာရပ် (B)အခန်း၌ ပညာသင်ကြားလျက်ရှိသော မောင်ဇင်မျိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၉/ရမသ(နိုင်) ၀၁၇၅၂ ဖြစ်ပါသည်။

**ဦးဝင်းမောင်**

**မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၄)လမ်း၊ အမှတ် (၁၈၈၃) နေ ဒေါ်လှလှမြင့်နှင့် အများသိစေရန် ကြေညာခြင်း**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာ၊ ကိုးနဝင်းပိုင်း၊ ဘုရင့်နောင်လမ်းနေ (ဘ)ဦးထွန်းဖြူ၏သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၀/သဖရ(နိုင်)၀၆၁၆၃၈] ကိုင်ဆောင်သူ ကျွန်ုပ်တို့၏အမှုသည် ဒေါ်မြရီ(ကွယ်လွန်သူ ဦးစံထွန်း၏ညီမ အငယ်ဆုံး)၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါ ဒေါ်လှလှမြင့်နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၁၈၈၃)ဟုခေါ်တွင်သည့် (၄၀'×၆၀')အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တို့မှာ ဦးစံထွန်းပိုင်မြေကွက်နှင့် နေအိမ်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒေါ်လှလှမြင့်နှင့် သားသမီး(၂)ဦးမှာ နေထိုင်စရာမရှိ၍ အကူအညီတောင်းသဖြင့် ဖော်ပြပါမြေကွက်နှင့် နေအိမ်တွင် ဦးစံထွန်းက မေတ္တာဖြင့်အခမဲ့ပေးနေခဲ့ပါသည်။ (၁၁-၅-၂၀၁၅)ရက်နေ့တွင် ဦးစံထွန်းကွယ်လွန်သွားရာ ဦးစံထွန်းကွယ်လွန်သွားပြီးနောက်ပိုင်း ဒေါ်လှလှမြင့်သည် ဖော်ပြပါမြေကွက်နှင့် နေအိမ်ကို မတရားရယူလိုသောကြောင့် ယင်းမြေကွက်၊ နေအိမ်တို့နှင့် ပတ်သက်၍လည်းကောင်း၊ ဦးစံထွန်းနှင့်ပတ်သက်၍လည်းကောင်း စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ မမှန်ဖန်တီးနေကြောင်း ကြားသိရပါသည်။ ကွယ်လွန်သူဦးစံထွန်း ကျန်ရစ်ခဲ့သော ဖော်ပြပါမြေကွက်နှင့်နေအိမ်တို့ကို ကျွန်ုပ်တို့၏အမှုသည် ဒေါ်မြရီအပါအဝင် ဦးစံထွန်း၏ အမွေစား၊ အမွေခံ ညီအစ်ကိုမောင်နှမများနှင့် တူ၊ တူမများက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ဒေါ်လှလှမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးမောင်မောင်စန်း **H.G.P,LL.B** | ဒေါ်ခိုင်သဇင်စန်း **LL.B, LL.M** | ဦးဟိန်းသူ **LL.B** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၇၆၇၉) | (စဉ်- ၁၀၂၄၄) | (စဉ်- ၄၅၇၄၈) |

အမှတ်(၇၃၂)၊ တိုးချဲ့(၆)လမ်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့။

**၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်**

**(ယမန်နေ့မှအဆက်)**

**ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများသုံးစွဲမှု**

- ❖ အိမ်ထောင်စု(၅၀)ရာခိုင်နှုန်းသည် ရုပ်မြင်သံကြားစက်ရှိကြသည်။
- ❖ (၃၃) ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိကြသည်။
- ❖ အိမ်ထောင်စု(၃၉)ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်ရှိကြပြီး မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးရှိသောအိမ်ထောင်စုများအနက် (၇၀ ဒသမ ၂) ရာခိုင်နှုန်းသည် ကျေးလက်မှဖြစ်ပြီး (၂၉ ဒသမ ၈)ရာခိုင်နှုန်းသည် မြို့ပြမှဖြစ်သည်။
- ❖ သန်းခေါင်စာရင်းရလဒ်များနှင့်ပတ်သက်၍ ဖော်ပြသတ်မှတ်ထားသော Online Website များတွင် ရှာဖွေကြည့်ရှုနိုင်ပြီး ပုံနှိပ်ထားသော စာအုပ်စာတမ်းများအား တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့လည်း ဖြန့်ဝေပေးသွားမည်ဖြစ်သည်။
- ❖ သန်းခေါင်စာရင်းလုပ်ငန်းတွင် ဂဏန်းသင်္ကေတကုတ်နံပါတ်များ အသစ်ရေးသွင်းနေရသောအလုပ်အကိုင်၊ လုပ်ငန်းတို့နှင့် အရေအတွက်များပြားလွန်းသောလူမျိုးအမည်များကို သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြန်လည်ညှိနှိုင်းအတည်ပြုရန် လုပ်ငန်းစဉ်များရှိနေသဖြင့် အလုပ်အကိုင်၊ လုပ်ငန်း၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာတို့အား ၂၀၁၆ ခုနှစ်အတွင်းတွင် ထုတ်ပြန်ကြေညာပေးနိုင်မည်ဖြစ်သည်။

# ပန်းများဝေစီ ပွင့်လေပြီ



**သန်လျင်**

သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ သက်ဆိုင်ရာ ကျောင်းအသီးသီးသို့ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းတက်လာကြစဉ်။

**သန်းဝင်း(သန်လျင်)**



**ဇမ္ဗူသီရိမြို့နယ်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စတင်ဖွင့်လှစ်သည့်နေ့တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၉၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၃၈ ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃၂ ဦး (ထက်/လယ်/မူ) ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၆၆ ဦးနှင့် ဇမ္ဗူသီရိမြို့နယ်တစ်မြို့နယ်လုံးအနေဖြင့် အထက်တန်းကျောင်းသားပေါင်း ၂၀၁၃ ဦး၊ အလယ်တန်းကျောင်းသားပေါင်း ၄၈၄၀ နှင့် မူလတန်းကျောင်းသားပေါင်း ၇၀၇၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၉၂၉ ဦးသည် ဇွန် ၁ ရက် (တနင်္လာနေ့)မှစပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒစ်စနေရုပ်ရှင်နှစ် ၂၀ ပြည့်အထိမ်းအမှတ် Colors of the Wind သီချင်းကိုပြန်လည်ဆန်းသစ်



လာမည့်ဇွန် ၂၃ ရက်တွင်ကျရောက်မည့် ဝေါ့သ်ဒစ်စနေရုပ်ရှင် ထုတ်လုပ်ရေး၏နှစ် ၂၀ ပြည့်အခမ်းအနားနှစ်ပတ်လည်အတွက် အမေရိကန် ရုပ်ရှင်သရုပ်ဆောင် အဆိုတော်ဂျူဒီခန်က ပိုကာဟွန်းတစ် ကာတွန်းဇာတ်လမ်းထဲမှ ရုပ်ရှင်တေးသီချင်းဖြစ်သည့် Colors of the Wind ကို ဂျင်နီတက်စရီနှင့်တွဲဖက်၍ ပြန်လည်ဆန်းသစ် သီဆိုထားကြောင်းသိရသည်။


အဆိုပါ ရုပ်ရှင်တေးသီချင်းသီဆိုသူ အဆိုတော်ဂျူဒီခန်က "နယူးယောက်မှာ နေထိုင်ကြီးပြင်းခဲ့တဲ့ ကျွန်မအဖို့ မြေခွေးတစ်ကောင်ရဲ့ ကျယ်ကျယ်လောင်လောင် စူးစူးဝါးဝါး အော်တဲ့အသံကို တစ်ခါမှမကြားဖူးပါဘူး။ ဒါပေမယ့် ကြားဖူးတဲ့သူတစ်ယောက်ယောက်က ကျွန်မကို ပြန်ပြောပြဖို့ကိုလည်း အမြဲမျှော်လင့်နေတာပါ" ဟု Colors of the Wind သီချင်းနှင့်ပတ်သက်၍ EW သို့ပြောပြခဲ့သည်။

အဆိုတော်ဂျူဒီခန်က အဆိုပါ ရုပ်ရှင်တေးသီချင်းကို Fun Home တေးထုတ်လုပ်ရေးမှ သီချင်းရေးဆရာနှင့် တေးသွားစီစဉ်သူ တက်စရီ၏စန္ဒရားတီးခတ်မှုနှင့်အတူ မတူညီသော ပုံစံအသစ် ခြောက်မျိုးဖြင့် ဆန်းသစ်သီဆိုထားသည့် ဗီဒီယိုကိုလည်း အကြိုခံစားနိုင်ပြီဖြစ်ကြောင်းသိရသည်။ **ဆုမြတ်**

# မိန်းမဝါဒီတစ်ဦးပါလို့ဆိုလာတဲ့ ဟေးလေးဝီလီယမ်စ်

မကြာသေးမီက ထုတ်လွှင့်ခဲ့သော အမေရိကန်အဆိုတော် တေလာဆွစ်၏ တေးစီးရီးသစ် Bad Blood၌ The Crimson Curse တေးဗီဒီယိုဖြင့် ပါဝင် ရိုက်ကူးဖျော်ဖြေခဲ့သော အဆိုတော် ဟေးဝီလီယမ်စ်က သူသည် အမျိုးသမီးဝါဒီတစ်ဦးဖြစ်ကြောင်း သူ၏ဘလော့ဂ်ပေါ်တွင် ရေးသားဖော်ပြခဲ့သည်။


အသက် (၂၆) နှစ်ရှိပြီဖြစ်သော အဆိုတော်က သူသည် ပြည့်စုံကောင်းမွန် သော အမျိုးသမီးတစ်ဦးမဟုတ် သော်လည်း မိန်းမဖြစ်ရခြင်းကို ဂုဏ်ယူသည့် မိန်းမဝါဒီတစ်ဦးဖြစ်ကြောင်းလည်း ဆိုခဲ့သည်။



သူက ၂၀၀၇ ခုနှစ်က ထုတ်လွှင့်ခဲ့သော Misery Bussiness သီချင်းတွင် အမျိုးသားတစ်ဦး၏ အချစ်ကို ရရှိရန် အပြိုင်ကြိုးစားကြသော အမျိုးသမီးနှစ်ဦး၏ အကြောင်းကို ရေးစပ်ခဲ့သော်လည်း ဆယ်စုနှစ်တစ်စုခန့်ကြာပြီးနောက် အသက် (၂၆) နှစ်အရွယ် အမျိုးသမီးတစ်ဦးအနေဖြင့် အဆိုပါ ဆယ်ကျော်သက် ခံစားမှုများမရှိတော့ကြောင်းလည်း ဖွင့်ဟခဲ့သည်။

ဟေးလေးသည် အကောင်းဆုံး ရော့ခ်တေးသီချင်းဆုဖြင့် ဂရမ်မီဆုရရှိခဲ့သော ပထမဦးဆုံးသော အမျိုးသမီးလည်းဖြစ်သည်။ **အေးပြည့်**

## ကျစ်လျစ်လှပသော ကိုယ်ခန္ဓာအလှပိုင်ရှင် ဂျေယွန်ဘင်



**ဇွန်လထုတ် ELLE.မဂ္ဂဇင်းတွင် တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် အဆိုတော် မော်လ်ဒယ် ဂျေယွန်ဘင်၏ သေးငယ်သောခါး၊ ကျစ်လျစ်သွယ်လျသော ကိုယ်ခန္ဓာအနေအထားနှင့် ပတ်သက်၍ သူ၏နေထိုင်စားသောက်ပုံနည်းစနစ်ကို မေးမြန်းခဲ့ရာ-**

ဂျေယွန်ဘင်က အစားအသောက်များကို တော်သင့်ရုံအနည်းအကျဉ်းသာ စားသောက်ပြီး ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို များများစားသုံးသင့်ကာ အငန်ဓာတ်လွန်ကဲသောအစာများကို လျှော့စားရန်အရေးကြီးကြောင်းပြောဆိုခဲ့သည်။ ကျန်းမာလှပဖို့ အစားအသောက်ကို ဂရုစိုက်စားသုံးသင့်သလို မှန်ကန်ပြီး သင့်လျော်စွာ နှလုံးသွင်းနေထိုင်တတ်ရန်လည်း လိုအပ်သည်ဟုဆိုသည်။


ထို့အပြင်ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် လှပကြည်လင်သော အသားအရေကိုရရှိရန် မိမိနှင့် သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုတစ်မျိုးမျိုးကို အမြဲလုပ်ဆောင်ပြီး အစားအသောက်ကိုလည်း ကျန်းမာရေးနှင့်အညီ ဂရုစိုက်စားသုံးပေးသင့်ကြောင်း အကြံပြုပြောပြသွားခဲ့သည်။ **ဆုမြတ်**

# Primary အဖွဲ့ရဲ့ အခွေသစ် မကြာမီထွက်မည်



ကိုရီးယားဟစ်ပ်ဟော့ အဆိုတော် Primaryက လာမည့်ဇွန်၅ ရက်တွင် တေးစီးရီးအယ်လ်ဘမ်အသစ်ဖြစ်သည့် 2-2 ကို ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည်။ ဧပြီ ၁ ရက်တွင် Primary ၏ 2-1 အခွေထွက်ရှိပြီးသည့်နောက်တွင် သူ၏ ဒုတိယအခွေ ဖြစ်သည့် 2-2 တေးစီးရီး အယ်လ်ဘမ်အသစ်ကို ဇွန်၅ရက်တွင် ထုတ်ဝေတော့မည်ဖြစ်ကြောင်း အမီဘာ ယဉ်ကျေးမှု ဌာနမှ တာဝန်ရှိသူတစ်ဦးက ဇွန်၁ ရက်တွင် ပြောကြားခဲ့သည်။

အဆိုတော် Primary က အဆိုပါ တေးစီးရီးအယ်လ်ဘမ်သစ်နှင့် ပတ်သက်၍ သူ၏ဘဝဇာတ်လမ်းအမှန်များကို ထည့်သွင်းရေးစပ်ထားသည့် သီချင်းများပါဝင်ပြီး ပရိသတ်များသဘောကျ နှစ်ခြိုက်လိမ့်မည်ဟုမျှော်လင့်ကြောင်းပြောဆိုခဲ့သည်။ **ပန်းသော်တာ**



# မိုက်ကယ်ဂျက်ဆင်ရဲ့သားကြီး အထက်တန်းအောင်မြင်

ကွယ်လွန်သွားပြီဖြစ်သော အမေရိကန် ပေါ့ပ်ဂီတဖခင်ကြီး မိုက်ကယ်ဂျက်ဆင်၏ သားကြီး ဖရင့်စ်ဂျက်ဆင်သည် အထက်တန်းပြီးဆုံးအောင်မြင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း သူ၏အဒေါ်ဖြစ်သူ လာတွိုင်ယာဂျက်ဆင်က တွစ်တာစာမျက်နှာပေါ်တွင် စနေနေ့က ရေးသားဖော်ပြခဲ့သည်။

ပရင့်စ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရှာမန်အုတ်ခ်ဘက်လေ ကိုယ်ပိုင်ကျောင်းမှ အထက်တန်းအောင်မြင်ခဲ့ပြီး စနေနေ့တွင် ပြုလုပ်ခဲ့သော ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပရင့်စ်နှင့်အတူ လာတွိုင်ယာဂျက်ဆင်နှင့် ဝမ်းကွဲအစ်ကိုဖြစ်သူတို့လည်း တက်ရောက်ခဲ့ကြသည်။

မိုက်ကယ်ဂျက်ဆင်သည် ၂၀၀၉ ဇွန်လက ဆုံးပါးသွားခဲ့ရာ သားသမီးသုံးဦးကျန်ရှိခဲ့ပြီး ပရင့်စ်အပြင် ညီမများဖြစ်ကြသော အသက် (၁၇) နှစ်အရွယ် ပဲရစ်ဂျက်ဆင်နှင့် (၁၃) နှစ်အရွယ် ဘလန့်ခ်ကတ်ထ်ဂျက်ဆင်တို့ ကျန်ခဲ့လေသည်။

ET ရုပ်သံလိုင်း၏ Entertainment Tonight အစီအစဉ်တွင် ပရင့်စ်က ဘက်စုံတော်သော ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာနှင့်သရုပ်ဆောင်တစ်ဦးဖြစ်လာရန် ကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ပြောခဲ့သည်။ **အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်

၃ - ၆ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာဝတ်ရည်မြန်မာမှုတေး ဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၁၇)
၆း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်သူဒိန်းဒေါင်" (ဒိန်းဒေါင်၊ ဆုပန်ထွာ) (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၇း၅၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၈း၀၅ ချစ်စရာ့အရွယ်ကစားကြမယ်
၈း၃၅ ဆိုကြမယ်၊ပျော်ကြမယ်
၉း၂၅ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) "ရက်စ်ဘော့စ်" (နေတိုး၊ သူထူးစံ၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မိုးမိုး၊ စိုးမြတ်သူဇာ၊ မိုးဟေကို) ဒါရိုက်တာ-ကိုဇော် (အရှုဏ်ဦး)
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။**

## မြဝတီ

၆း၀၃ တရားတော်
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း
၆း၀၆ Go For Gold
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၄၃)
- ရယ်စရာပျော်စရာ ဟာသကမ္ဘာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟိုတယ်ဘုရင် (အပိုင်း-၃၇)

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၇)
၁၁း၀၅ ဟင်းချက်ရအောင်
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၀)
၁း၀၀ "စိတ်စင်ကြယ်ရင် ကံသုံးပါးစင်ကြယ်တယ်" (အပိုင်း-၁) တရားတော် (ဆားဘူးတောင်းဆရာတော် အရှင်ကုသလ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (ဇာတ်သိမ်းပိုင်း)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၂၉)
၅း၅၀ Miss Myanmar World 2015
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၃၀)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ကျားနဲ့ဆင်)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ Weekly Sports Diary
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၈)
၉း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၁)
၄း၄၅ မြူခိုးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ

## mitv

- History And Mystery Behind The Caves
- Pyin Oo Lwin Sweater
- Size Does Matter (Ep-3) Human-Elephant Conflict, "Existing Laws"
- Sagaing: Youth Leader
- Wholesale Fish
- Chef Life: Avi Bitton (Israeli Chef)
- Natural Mineral Water
- Kyaikhteeyoe: Bamboo Guns
- The Photographer- Kyaw Kyaw Winn
- On the River
- Animator Swan Thura Htun
- To The Land Of Countless Temples - Bagan Trip (Ep-2)
- Today Myanmar 'Rubber Export"
- Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- Colonial Buildings and a New Yangon
- Entrepreneur "Nan Ei Ei Zar"
- Insight Myanmar: Migration Positive Phenomenon?"
- Kindhearted Pet Lovers
- Size Does Matter (Ep-2) Human-Elephant Conflict, "Avoid Collision"
- A Historic Town: 9 Pagodas
- The Storytellers
- The Strokes of Myanmar
- Chaung Tha Souvenir Business
- Those Who Never Give Up (Ep-1) Aung Thamar Di Gold Shop
- Egg Shell




# ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲ ဇွန် ၁၁ ရက်တွင် စတင်မည် (၁၅) ကြိမ်မြောက်ဖလားဆွတ်ခူးရန် အာဂျင်တီးနား ပစ်မှတ်ထားနေ

၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲကို ဇွန် ၁၁ ရက်ကနေ ဇူလိုင် ၄ ရက်အထိ ချီလီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမှာဖြစ်ပါတယ်။ ကိုပါအမေရိကဖလားလက်ရှိချန်ပီယံအသင်းကတော့ ဥရုဂွေးအသင်းဖြစ်ပြီး အသင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အဲဒီ ၁၂ သင်းထဲမှာ ကွန်ကာကပ်ပြိုင်ပွဲမှ ဧည့်သည်နှစ်သင်းဖြစ်တဲ့ မက္ကဆီကိုအသင်းနဲ့ ဂျမေကာအသင်းတို့လည်း ပါဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအသင်းတွေကတော့ အာဂျင်တီးနား၊ ဘိုလီဗီးယား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဂျမေကာ၊ မက္ကဆီကို၊ ပါရာဂွေး၊ ပီရူး၊ ဥရုဂွေးနဲ့ ဗင်နီဇွဲလားတို့ပဲ ဖြစ်ပါတယ်။

ကိုပါအမေရိက ဖလားပြိုင်ပွဲကနေ မွေးထုတ်ပေးလိုက်တဲ့ ကစားသမားအများစုဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ထိပ်တန်းအဆင့်ရှိကလပ်အသင်းတွေမှာ ပါဝင်ကစားနေကြတာဖြစ်ပြီး သူတို့ပါဝင်ကစားနေတဲ့ အသင်းတွေမှာလည်း ခြေစွမ်းကောင်းတွေ ပြသနိုင်ခဲ့တာကိုလည်း တွေ့ရမှာပါ။

အခုကိုပါအမေရိကဖလားပြိုင်ပွဲမှာလည်း ကလပ်အသင်းတွေမှာ ခြေစွမ်းပြကစားနိုင်တဲ့ မက်ဆီ၊ နေမာ၊ ဆန်းချက်ဇ်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဗီဒဲလ်၊ ကာဗာနီ၊ အဂူရို၊ သီယာဂိုဆေးဗား၊ တီဗက်ဇ်၊ ဖယ်လ်ကာအိုစတဲ့ ကစားသမားတွေက နိုင်ငံကိုယ်စားပြုအသင်းအလိုက် ပါဝင်လာမှာဖြစ်လို့ ၂၀၁၅ ကိုပါအမေရိကဖလားဟာ ပြိုင်ဆိုင်မှု ပြင်းထန်လာမယ့်ပြိုင်ပွဲလို့ဆိုရမှာပါ။

ဘရာဇီးမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလား ပြိုင်ပွဲမှာလည်း တောင်အမေရိကအသင်းတွေ အုပ်စုအဆင့်ကို အားလုံးနီးပါး ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာအသင်းဟာဆိုရင် တောက်ပလာတဲ့ အသင်းအဖြစ် မြင်တွေ့ခဲ့ရတယ်။ ချီလီနဲ့ ဥရုဂွေးတို့လည်း အဲဒီပြိုင်ပွဲမှာ အကောင်းဆုံးရလဒ်တွေ ထွက်ပေါ်ခဲ့သလို အာဂျင်တီးနားအသင်းဆိုရင် ၂၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့သည်အထိ ရှိခဲ့ပါတယ်။

ဥရုဂွေးအသင်းကတော့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချီယယ်လီနီကိုကိုက်ခဲ့တဲ့ တိုက်စစ်မှူး ဆွာရက်ဇ် အခုကိုပါအမေရိကပြိုင်ပွဲမှာ ပါဝင်လာမှာမဟုတ်ပါဘူး။ ချီလီအသင်းကတော့ ဘရာဗို၊ ဗီဒဲလ်၊ မီဒယ်လ်နဲ့ ဆန်းချက်ဇ်တို့ပါဝင်လာမှာမို့ ပြိုင်ဘက်အသင်းတွေကို အကောင်းဆုံးယှဉ်ပြိုင်နိုင်မှာပါ။

ကစားသမားကောင်းတွေ ရှိနေတဲ့ အာဂျင်တီးနားအသင်းကတော့နည်းပြအပြောင်းအလဲလုပ်ခဲ့ပြီးတဲ့နောက်မှာ ရလဒ်တွေ ပိုကောင်းလာတာကို တွေ့ရမှာပါ။ လက်ရှိမှာလည်း အာဂျင်တီးနားအသင်းရဲ့ တိုက်စစ်ပိုင်းမှာ အဂူရို (မန်စီးတီး)၊ ဟီဂူအင်(နာပိုလီ)၊ လာဗက်ဇီ(ပီအက်စ်ဂျီ)၊ မက်ဆီ(ဘာစီလိုနာ)၊ တီဗက်ဇ်(ဂျူဗင်တပ်)၊ ကွင်းလယ်မှာ ဘာနီဂါ (ဆီဗီလာ)၊ ဘစ်ဂလီယာ(လာဇီယို)၊ ဒီမာရီယာ (မန်ယူ)၊ လာမေလာ(စပါး)၊ မာရှေယာနို(ဘာစီလိုနာ)၊ ပက်စတိုး (ပီအက်စ်ဂျီ)၊ ပီရေရာ (ဂျူဗင်တပ်)၊ ခံစစ်ပိုင်းမှာ ကက်စကို (နယူးဝဲလ်)၊ ဒီမီချီလစ်(မန်စီးတီး)၊ ဂါရေး (ဇင်းနစ်)၊ အောက်တမန်ဒီ(ဗလန်စီယာ)၊ ရိုဂျို (မန်ယူ)၊ ရွှန်ကက်ဂလီယာ(ဂျီနိုအာ)၊ ဇာဘလက်တာ (မန်စီးတီး)၊ ဂိုးမှာ အန်ဒူးဂျာ (နာပိုလီ)၊ နာဟူယယ်ဂက်ဇ်မန်း(တိုက်ဂရက်စ်)၊ ရိုမီရို (ဆမ်ဒိုးရီးယား)တို့ ပါဝင်လာမှာဖြစ်ပါတယ်။

လက်ရှိမှာ အဂူရို၊ ဒီမာရီယာ၊ ရိုဂျို၊ ပက်စတိုးတို့ အာဂျင်တီးနားအသင်းနဲ့ လေ့ကျင့်ရေးဆင်းနေပေမယ့် မက်ဆီနဲ့ တီဗက်ဇ်ကတော့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲပြီးဆုံးမှသာ အာဂျင်တီးနားအသင်းနဲ့ လာရောက်ပူးပေါင်းနိုင်မှာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ အဆိုပါ ကစားသမားကောင်းများနဲ့အတူ ကိုပါအမေရိကဖလားကို (၁၄)ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီး (၁၅)ကြိမ်မြောက်ဖလား ဆွတ်ခူးရန်လည်း ပစ်မှတ်ထားလျက်ရှိနေပါတယ်။

၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဇွန် ၂၁ ရက်အထိ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ဇွန် ၂၄၊ ၂၅၊ ၂၆၊ ၂၇ တို့မှာ ကွာတားဖိုင်နယ်၊ ဇွန် ၂၉၊ ၃၀ မှာ အကြိုဗိုလ်လုပွဲ၊ ဇူလိုင် ၄ ရက်မှာ ဗိုလ်လုပွဲစသဖြင့် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

## ၂၀၁၅ကိုပါအမေရိကဖလားအုပ်စုပွဲစဉ်များ

| | |
|---|---|
| ချီလီ - အီကွေဒေါ(၁၁-၆-၂၀၁၅) | အာဂျင်တီးနား-ဥရုဂွေး(၁၆-၆-၂၀၁၅) |
| မက္ကဆီကို-ဘိုလီဗီးယား(၁၂-၆-၂၀၁၅) | ဘရာဇီး-ကိုလံဘီယာ(၁၇-၆-၂၀၁၅) |
| ဥရုဂွေး-ဂျမေကာ(၁၃-၆-၂၀၁၅) | ပီရူး-ဗင်နီဇွဲလား(၁၈-၆-၂၀၁၅) |
| အာဂျင်တီးနား-ပါရာဂွေး(၁၃-၆-၂၀၁၅) | မက္ကဆီကို-အီကွေဒေါ(၁၉-၆-၂၀၁၅) |
| ကိုလံဘီယာ-ဗင်နီဇွဲလား(၁၄-၆-၂၀၁၅) | ချီလီ-ဘိုလီဗီးယား(၁၉-၆-၂၀၁၅) |
| ဘရာဇီး-ပီရူး(၁၄-၆-၂၀၁၅) | ဥရုဂွေး-ပါရာဂွေး(၂၀-၆-၂၀၁၅) |
| အီကွေဒေါ-ဘိုလီဗီးယား(၁၅-၆-၂၀၁၅) | အာဂျင်တီးနား-ဂျမေကာ(၂၀-၆-၂၀၁၅) |
| ချီလီ-မက္ကဆီကို(၁၅-၆-၂၀၁၅) | ကိုလံဘီယာ-ပီရူး(၂၁-၆-၂၀၁၅) |
| ပါရာဂွေး-ဂျမေကာ(၁၆-၆-၂၀၁၅) | ဘရာဇီး-ဗင်နီဇွဲလား(၂၁-၆-၂၀၁၅) |

# အိုဇေးလ်မှာ လေးစားရဆုံးကစားသမားဟု ဝဲလ်ရှိုင်းယားဖွင့်ဟ

အာဆင်နယ်ကွင်းလယ်ကစားသမား ဝဲရှိုင်းယားက ဂျာမနီဘောလုံးကြယ်ပွင့် အိုဇေးလ်အား လေးစားကြည်ညိုပြီး အိုဇေးလ်နှင့် ဆန်းချက်ဇ်နှစ်ဦးလုံးမှာ သူ၏စံပြကစားသမားများပင်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အိုဇေးလ်အနေဖြင့် အာဆင်နယ်တွင် ကစားခဲ့သည့်နှစ်နှစ်တာကာလအတွင်း ပရိသတ်များ၏ဝေဖန်မှုကို အကြိမ်ကြိမ်ခံခဲ့ရသော်လည်း ယခုဗီလာနှင့်ကစားခဲ့သည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင်မူ ပရိသတ်များကပေးအပ်သော ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့သည်။

"ကျွန်တော်တို့ အသင်းလွန်ခဲ့တဲ့နှစ်နှစ်တာကာလအတွင်းမှာ ကမ္ဘာ့အဆင့် ခြေစွမ်းပိုင်ရှင်ကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့်တစ်ခါတလေမှားတဲ့အမှားမျိုးကို ထောက်ပြပြီးတိုက်ခိုက်နေတဲ့ လူအချို့ကြောင့် သူတို့မှာနာကျင်ရတဲ့အချိန်တွေလည်းရှိခဲ့မှာပါ။အိုဇေးလ်ဆိုသူရောက်လာတဲ့နှစ်ရာသီအတွင်း အသင်းကိုဖလားနှစ်လုံးရရှိအောင် ကူညီပေးခဲ့သူပါ။ အလက်ဆစ်ဆိုရင်လည်း သူ့ရဲ့ပထမရာသီမှာပဲ အသင်းနဲ့ လျင်လျင်မြန်မြန် အထိုင်ကျပြီး အကောင်းဆုံးစွမ်းဆောင်ပေးခဲ့တယ်ဆိုတာ အားလုံးအမြင်ပါပဲ။ မီဆပ်ကတော့ ကျွန်တော်အားအကျဆုံးနဲ့ အလေးစားဆုံးကစားသမားပေါ့ဗျာ။ မီဆပ်နဲ့သာ အမြဲတမ်း အတူတူကစားခွင့်ရရင် ကျွန်တော့်ခြေစွမ်းတွေ ပိုပြီးတိုးတက်လာမယ်ဆိုတာ သံသယ မရှိယုံကြည်ပါတယ်" ဟု ဝဲရှိုင်းယားက အာဆင်နယ်အသင်းဝက်ဘ်ဆိုဒ်မှတစ်ဆင့် ဖွင့်ဟပြောကြားခဲ့သည်။

**နိုင်ယန်ဟောဇင်**

# ဂျိုကိုဗစ်ချ်နှင့်ယှဉ်ပြိုင်ရမည့် ပြင်သစ်အိုးပင်းကွာတားဖိုင်နယ်ပွဲစဉ်မှာ အခက်ခဲဆုံးဖြစ်လာမည်ဟု နာဒဲလ်ဆို





လက်ရှိချန်ပီယံရာဖေးလ်နာဒဲလ်က ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်နဲ့ယှဉ်ပြိုင်ရမယ့်ပြင်သစ် အိုးပင်းကွာတားဖိုင်နယ်ပွဲစဉ်ဟာ သူ့ရဲ့ကစားသမားသက်တမ်းတစ်လျှောက် အခက်ခဲဆုံးသောပြိုင်ပွဲဖြစ်လာလိမ့်မယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ရာဖေးလ်နာဒဲလ်က စတုတ္ထအဆင့် ပွဲစဉ်မှာ ဂျက်ဆော့ကို ၆-၃၊ ၆-၁၊ ၅-၇၊ ၆-၂ဖြင့်အနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာခဲ့တာဖြစ်ပြီး ဒါဟာသူ့အတွက် ပြင်သစ်အိုးပင်းပြိုင်ပွဲမှာ အကြိမ်(၇၀)မြောက်နိုင်တဲ့နိုင်ပွဲလည်း ဖြစ်ခဲ့ပါတယ်။

ဆယ်စုနှစ်တစ်ခုအတွင်း ပြင်သစ်အိုးပင်းကို ကိုးကြိမ်အထိဆွတ်ခူးနိုင်ခဲ့တဲ့နာဒဲလ်က ဒီဂရင်းစလင်းပြိုင်ပွဲမှာ လည်း (၁၀)ကြိမ်မြောက် ဗိုလ်စွဲပြီး မှတ်တမ်းသစ်ရေးထိုးဖို့ကြိုးပမ်းနေတာဖြစ်ပါတယ်။

မနှစ်ကဒီပြင်သစ်အိုးပင်းဗိုလ်လုပွဲမှာပဲ နာဒဲလ်က ၂၆ပွဲဆက်တိုက် ရှုံးပွဲမရှိကစားထားနိုင်ခဲ့တဲ့နိုင်ခြေ အဆင့်(၁) ဂျိုကိုဗစ်ချ်ကို အနိုင်ကစားပြီးလက်ရှိချန်ပီယံဘွဲ့ကိုကာကွယ်နိုင်ခဲ့ပါတယ်။ ပြင်သစ်အိုးပင်းမှာ နာဒဲလ်ကိုယှဉ်နိုင်ဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့ကိစ္စရပ်ဖြစ်ပြီး ဖက်ဒဲရာတောင် သူ့ရဲ့ရွှေရောင်လွှမ်းတဲ့ကာလတွေဖြစ်တဲ့ ၂၀၀၆၊၂၀၀၇၊ ၂၀၀၈၊၂၀၁၁ တွေမှာ နာဒဲလ်နဲ့ ဗိုလ်လုပွဲလေးကြိမ်တွေ့ဆုံခဲ့ရာမှာ အကြိမ်တိုင်းရှုံးနိမ့်ခဲ့ပါတယ်။

နာဒဲလ်က" ခင်ဗျားတို့လည်းသိနေတာပဲ၊ ဒါက ဗိုလ်လုပွဲမှမဟုတ်တာ။ ဒါကကွာတားဖိုင်နယ်ပွဲစဉ်တစ်ခုပဲလေဗျာ။ အခုဆို ကျွန်တော်တို့နှစ်ဦးလုံးအတွက် အကြိုဗိုလ်လုပွဲတက်ဖို့က အင်မတန်ခက်ခဲတဲ့အနေအထားကိုရောက်ရှိသွားပါပြီ" လို့ဆိုခဲ့ပါတယ်။

ဂျိုကိုဗစ်ချ်ကလည်း" နာဒဲလ်လိုကစားသမားမျိုးနဲ့ ကွာတားဖိုင်နယ်မှာရင်ဆိုင်ဖို့က စိတ်ပိုင်းဆိုင်ရာအရ အရင် ပွဲတွေနဲ့မတူညီတဲ့ချဉ်းကပ်ပုံနဲ့ ကျွန်တော်ခရီးဆက်ရတော့မှာပါ။ ဒါကသံသယရှိစရာမလိုတဲ့ကိစ္စရပ်ပါ။ သူက အကောင်းဆုံးချန်ပီယံပါ။ အထူးသဖြင့်မြေစေးကွင်းမှာပေါ့။ ဒါပေမယ့်လည်းကျွန်တော် သူ့ကိုအနိုင်ကစားနိုင်မယ့် အခွင့်အရေးတွေရဖို့ ဘယ်လိုကစားရမလဲဆိုတာသိပါတယ်။ ဒါကကျွန်တော်သူ့ကိုနိုင်မယ်လို့ဆိုလိုတာမဟုတ်ပါဘူး" လို့ ပြောခဲ့ပါတယ်။

**နိုင်ယန်ဟောဇင်**

## အထူးလိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုပါသည်

ဘဝ၏သက်တမ်းတစ်လျှောက်လုံး နိုင်ငံ၏ပညာရေးအကျိုးကို မေတ္တာ၊ စေတနာ၊ သဒ္ဓါရှေးရှုပြဋ္ဌာန်းလျက် စိတ်ရောကိုယ်ပါစွမ်းဆောင်သယ်ပိုးခဲ့သည့်အတွက် ဆရာကြီး ဦးသန်းဦးအား ၂၀၁၅ နှစ်သစ်ဆန်း(၈-၁-၂၀၁၅)တွင် ရန်ကုန်တက္ကသိုလ်မှ "ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့" **Doctor of Letters (Honoris Causa)** အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

တစ်ဖန် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်မှ ၁၆-၅-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် "လူမှုအကျိုးပြုဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့" (**Honorary Doctorate of Humane Letters**)ကိုလည်း အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဉက္ကဋ္ဌ ဆရာကြီး ဒေါက်တာသန်းဦးအား အထူးနှစ်ထောင်းအားရဝမ်းမြောက်ဝမ်းသာဂုဏ်ယူဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**ပညာတန်ဆောင်အဖွဲ့နှင့်**
**ပညာတန်ဆောင်ပရောဂျက်မိသားစု**



# Congratulations

**Our heartiest welcome and warmest congratulations**

**on the successful opening of**

**Bangkok Bank**

**Yangon branch in Myanmar on 2nd June 2015.**

**Wishing you further success and achievements in providing excellent banking services**

**to benefit the dynamic economic development of Myanmar.**

**Chairman**
**and Board of Directors**
**KBZ BANK LTD.**

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာအမျိုးသားလေကြောင်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာအမျိုးသားလေကြောင်းအတွက် Towing Tractor (Push Back) (၁)စီး ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး အုပ်ချုပ်ရေးဌာနသို့ ပေးပို့ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၈၇၇၃၇၄၀၄၁၊ ၀၉-၄၂၀၁၃၇၁၈ သို့ စုံစမ်းနိုင်ပါသည်။ **မြန်မာအမျိုးသားလေကြောင်း**

"ရွှေ တန်းခွဲသစ်များ ဖွင့်ပြီ။"
ဦးရဲမင်းပိုင် [သချ်ာ]
၁၆၅(ပထပ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်) ကျောက်တံတား။
ဖုန်း ၀၉ ၇၃၁၆၁၁၄၀
၈တန်းအင်္ဂလိပ်စာ၊ သချ်ာ (စနေ၊တနင်္ဂနွေ) ဖွင့်ပြီ။
၁၀တန်းဘာသာစုံတသင်ဝိုင်း (သင်၊ကျက်၊စစ်) နေ့စဉ်တက်။
လစဉ် ဘာသာစုံစာမေးပွဲဖြေရမည်
သင်တန်းကြေး ၅၀၀၀၀ကျပ်

### အထည်လုပ်ငန်းရှင်များအတွက် သတင်းကောင်း

Indonisa နိုင်ငံထုတ် ဆင်တံဆိပ် gajah Duduk ပါတိတ်၊ ပုဆိုးများကို ကိုယ်စားလှယ် အမြန်ပေးလိုသည်။ အမြန်ဆက်သွယ်ပေးပါ။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၀၄၆၂၆၊ ၀၉-၄၂၀၀၃၇၄၀**

### အမည်ပြောင်း

ဦးဇင်မင်းထွန်း[၁၁/မအန(နိုင်)၀၂၄၄၀၈] ၏ သမီးဖြစ်သူ အထက(၃)ဗိုလ်တထောင် တတိယတန်း(A)မှ မအေးမြကေခိုင်အား မအေးမြတ်ကေခိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မအေးမြတ်ကေခိုင်**

## သွေးသည် အသက်

# ဆေးပညာသတင်းဆန်းများ(၁၀၀)

**à** ဒေါက်တာကံညွှန့်

တူရကီနိုင်ငံဟာ ဆေးပညာတိုးတက်မှုမှာ ထင်ရှားတဲ့ နိုင်ငံတစ်ခုမဟုတ်ပေမယ့် ခေါင်းပြောင်သူတွေ ဆံပင်ပြန်ပေါက်အောင်ကုပေးနိုင်တဲ့ နိုင်ငံတွေထဲမှာတော့ ထင်ရှားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေပါပြီ။ Medical Tourism ခေါ်တဲ့ ကမ္ဘာလှည့်ဆေးကုသမှုခံယူကြတဲ့ နိုင်ငံတွေထဲမှာ ခေါင်းပြောင်သူတွေအများဆုံး ကုသမှုခံယူတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလုပ်ငန်းကဝင်ငွေဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရှိတယ်လို့ ဆိုပါတယ်။

International Society of Hair Restoration Surgery အဖွဲ့ကြီးရဲ့အဆိုအရ ၂၀၁၀ ခုနှစ်မှာ လူပေါင်းတစ်သန်းခန့်ဟာ ဆံပင်အစားထိုးကုသမှုကို ပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အရှေ့အလယ်ပိုင်းနှင့် အာရှတိုက်ဒေသကလူတွေသာ ဒီလိုကုသမှုခံယူကြမယ်ဆိုရင် ရာခိုင်နှုန်း ၄၀၀ ကျော်လောက် ထပ်တိုးလာနိုင်တယ်လို့လည်း ခန့်မှန်းထားကြပါတယ်။

ယခင်က ခေါင်းပြောင်သူတွေရဲ့ ကုထုံး Follicular Unit Transplant နည်းကိုသုံးခဲ့ကြပြီး ဒီနည်းမှာ အရေပြားကို ခွဲစိတ်ပေးရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ယခုနည်းသစ်ဖြစ်တဲ့ Follicular Unit Extraction Method မှာတော့ အရေပြားကို ခွဲစိတ်စရာမလိုတော့ဘူးလို့ ဆိုပါတယ်။ တူရကီနိုင်ငံကို ဒီကုသမှုခံယူဖို့ သွားကြတာကတော့ ဒီကုသမှုစရိတ်ကုန်ကျငွေဟာ USD 2164 သာရှိပြီး အမေရိကန်နိုင်ငံမှာဆိုရင် USD 7579 ကနေ 11464 ထိ ကုန်ကျတာကြောင့် ဖြစ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ လူတစ်ယောက်ဟာ Seafood ပင်လယ်စာကရတဲ့ Protein ကို များများစားသောက်ခြင်းဟာ Stroke ခေါ် လေဖြတ်ရောဂါကို ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကို တရုတ်နိုင်ငံ Nanjing University School of Medicine က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ လူပေါင်းနှစ်သိန်းငါးသောင်းကျော် ၂၅၄၄၈၉ ဦးကို နေရာခုနစ်နေရာခွဲပြီး လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ Proteint ပါတဲ့အစားအစာကို နေ့စဉ်ပုံမှန်ထက် ၂၀ ဂရမ် ပိုစားသူတွေဟာ Stroke ဖြစ်ဖို့ ၂၆ ရာခိုင်နှုန်း လျော့နည်းသွားနိုင်တယ်လို့ ဆိုပါတယ်။ အများအားဖြင့်ခြုံကြည့်ရင် ပုံမှန် Protein ပိုစားသူတွေဟာ ပုံမှန်ထက်နည်းပြီး စားသုံးသူထက် လေဖြတ်ရောဂါဖြစ်ဖို့ ၂၀ ရာခိုင်နှုန်းလျော့နည်းတာကို တွေ့ရတယ်လို့ ဆိုပါတယ်။

ဒီလေ့လာချက်မှာ Protein စားသူတွေထက် လေဖြတ်ရောဂါဖြစ်ပွားမှုနည်းတယ်။ ဒါကြောင့် လေဖြတ်ရောဂါကို ကာကွယ်ဖို့ သွေးတိုးရောဂါဆီးချိုရောဂါ၊ Cholestrol မြင့်တာ၊ ဆေးလိပ်၊ အရက်သောက်တာနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းတာတွေကို ပြုပြင်ပြီး Seafood ကလာတဲ့ Protein ကို များများစားသင့်ကြောင်း American Academy of Neurologh က ထုတ်ဝေတဲ့ Neurology ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

ယခင်အပတ် ဆေးပညာသတင်းတွေထဲမှာ အဆုပ်ကောင်းအောင် ဘယ်လိုနေထိုင်သင့်တယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။ ယခု ဦးနှောက်စွမ်းအင်ကောင်းအောင် နေ့စဉ်ဘာလုပ်သင့်လဲဆိုတာ တင်ပြပါရစေ။ ပထမဦးဆုံးကတော့ ညာသန်သူတွေဟာ နေ့စဉ် ညာဘက်နှင့် သွားတိုက်မယ့်အစား ဘယ်လက်နှင့် သွားတိုက်ပေးကြည့်ပါ။ ဘယ်သန်သူတွေက ညာဘက်နှင့်တိုက်ပါ။ ဒီလိုလုပ်ခြင်းဖြင့် အသုံးမပြုဘဲထားတဲ့ ဦးနှောက်တစ်ခြမ်းကို အလုပ်ပေးရာရောက်ပြီး ဦးနှောက်ပိုသန်စွမ်းလာနိုင်တယ်လို့ ဆိုပါတယ်။

ဒုတိယအနေနဲ့ကတော့ ရေချိုးခန်းမှာ ရေချိုးစဉ် ရေပန်းဖွင့်ထားတုန်း မျက်စိမှိတ်ထားပြီး ရေချိုးကြည့်ပါ။ ရေပိုက်ခေါင်းဖွင့်ခြင်း၊ ဆပ်ပြာတိုက်ခြင်းတို့ကိုလည်း မျက်စိမှိတ်ပြီး ဆောင်ရွက်ပါ။ ဒါဟာ ဦးနှောက်ထိတွေ့သိရှိနိုင်မှု စွမ်းအားကျမကျသိနိုင်တဲ့ နည်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကိုယ်တွေ့နေကျပစ္စည်းတစ်ခုကို ပုံမှန်မကြည့်ဘဲ အထက်အောက်ပြောင်းပြန်လုပ်ပြီး ကြည့်ကြည့်ပါ။

သူ့အရွယ်၊ အရောင်ပုံသဏ္ဍာန်တို့ကို အတည့်ထားကြည့်သလိုဘဲ မှတ်မိနိုင်တယ်ဆိုရင် ဦးနှောက်စွမ်းရည်မကျပါ။ နောက်တစ်ခုကတော့ တစ်ခါတစ်ရံ ကိုယ်မစားဖူးတဲ့ အစားအစာတစ်ခုခုစားကြည့်ပြီး ဒီအစာရဲ့အနံ့ ကိုယ့်စိတ်အာရုံကို ဘယ်လိုဖြစ်စေလည်းဆိုတာ သိနိုင်ရပါမယ်။ ဒီလိုသိနိုင်ရင် သင့်နှာခေါင်းရဲ့ အာရုံခံ Cell တွေ ဦးနှောက်ထဲက Emotional Centre တွေကောင်းတယ်ဆိုတာ သိနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ လူမှုရေးလုပ်ငန်းမရှိဘဲ၊ လူတွေနဲ့ ကင်းကင်းကွာကွာနေထိုင်တာဟာ မှတ်ဉာဏ်အားကို ကျဆင်းစေတာကြောင့် နေ့စဉ်လူမှုရေးလုပ်ငန်းတစ်ခုခုမှာ ပါဝင်ပြောဆိုနေခြင်းဟာ မှတ်ဉာဏ်အားကို ထက်သန်စေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီအချက်တွေကို စမ်းသပ်လုပ်ကိုင်ပေးခြင်းဖြင့် မိမိဦးနှောက်စွမ်းအား ကျမကျသိနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

ဆေးပညာရောဂါမှာ လူတွေကိုယ်ခန္ဓာထဲမှာ ထည့်သွင်းအသုံးပြုနေကြတဲ့ Scope အမျိုးမျိုး ဥပမာ-လည်ချောင်းကြည့်မှန်ပြောင်း Larnyngoscope၊ အူမကြီးကြည့်မှန်ပြောင်း၊ Colonoscope ကိုယ်ခန္ဓာထဲထည့်ပေးထားရတဲ့ Stents သွေးကြောချဲ့ဒေါက်တိုင်၊ Pacemarkers နှင့် ယာယီသုံးကိရိယာတွေဖြစ်တဲ့ ဆီးချုပိုက်၊ ဝမ်းချုပိုက်စတဲ့ ကိရိယာတွေအားလုံး ပိုးမွှားသန့်စင်မှု၊ အပူအအေးဒဏ်ခံနိုင်မှု၊ ကိုယ်ခန္ဓာရဲ့ tissue နဲ့ သဟဇာတဖြစ်မှု ဖြစ်စေဖို့အတွက် ဒီပစ္စည်းတွေရဲ့အပေါ်ယံမှာ သုတ်လိမ်းထားမယ့် Coating တစ်ခုအကြောင်း တင်ပြချင်ပါတယ်။

ဒါရဲ့နာမည်ကတော့ Parylene-N နှင့် Parylene-e လို့ ခေါ်ပါတယ်။ ဒါကို အင်္ဂလန်နိုင်ငံမှ တီထွင်ခဲ့တာဖြစ်ပြီး ယခုအခါ အမေရိကန်နိုင်ငံ၊အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံတွေမှာ ၂၀၁၀ ခုနှစ်လောက်က စမ်းသပ်အသုံးပြုနေခဲ့ကြတာဖြစ်ပါတယ်။ ဒီ Medical Device Coating နည်းပညာဟာ အောင်မြင်ပြီး သုံးသင့်တဲ့နည်းပညာတစ်ခုအဖြစ် လက်ခံလာကြတာကြောင့် ၂၀၁၃ ခုနှစ်မှာ USD တစ်ဘီလီယံဖိုး အသုံးပြုခဲ့ရာက ၂၀၁၇ ခုနှစ်မှာ ၉ ဘီလီယံဖိုးထိ အသုံးပြုလာလိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။

ဆေးပညာလောကမှာ လူနာတွေအတွက် ဆရာဝန်တွေနေ့စဉ်အသုံးပြုနေရတဲ့ စမ်းသပ်ကိရိယာတွေရဲ့ ပိုးမွှားသန့်စင်မှုဟာ အလွန်အရေးကြီးပါတယ်။ ပိုးမွှားသန့်စင်အောင်လုပ်နိုင်တဲ့ နည်းပညာတွေ အမျိုးမျိုး (ဥပမာ- Autoclave Gama Radiation) စတဲ့ နည်းတွေရှိပေမယ့် ပစ္စည်းကိရိယာတိုင်းဟာ ဒါကိုအသုံးပြုလို့မဖြစ်ပါဘူး။ ဒါကြောင့် ဒီဆေးရည်တစ်မျိုးသုတ်လိမ်းပြီး Coated လုပ်နိုင်တဲ့နည်းပေါ်လာတာကို သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ကိုယ်ဝန်ဆောင်မိခင်တွေမှာဖြစ်တတ်တဲ့ ကိုယ်ဝန်အဆိပ်တက်ရောဂါလို့ လူသိများတဲ့ Eclampsia ရောဂါဟာ Aspirin ဆေးပြားအနည်းငယ်ကို စားသုံးခြင်းဖြင့် တစ်စိတ်တစ်ပိုင်း ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။

ဒီရောဂါဟာ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါနှင့် Autoimmune ရောဂါရှိတဲ့ မိခင်လောင်းတွေမှာ ပိုဖြစ်တတ်တဲ့ရောဂါပါ။ နောက်ပြီး နှစ်မွှာ၊ သုံးမွှာကိုယ်ဝန်သည်တွေနဲ့ ပထမကိုယ်ဝန်မှာ ဒီရောဂါဖြစ်ရင် နောက်ကိုယ်ဝန်မှာလည်း ဖြစ်တတ်ပါတယ်။ ဒီရောဂါဖြစ်လာရင် ဆီးထဲမှာ Protein ဓာတ်ပါလာပြီး သွေးတိုးခြင်း၊ ခေါင်းမူးခြင်း၊ ကိုက်လက်ဖောရောင်ခြင်း၊ မျက်စိအမြင်မှုန်ဝါးခြင်း၊ ဆီးနည်းခြင်းတို့ စတင်ဖြစ်ပေါ်တတ်ပါတယ်။

ဒီရောဂါဟာ ကိုယ်ဝန်ရက်သတ္တပတ် ၂၀ လောက်မှ စဖြစ်ပြီး ကိုယ်ဝန်ရင့်လေ ရောဂါလက္ခဏာပိုဆိုးလာလေဖြစ်ပြီး သတိလစ်ခြင်း၊ ကလေးစောမွေးခြင်း၊ ကလေးကြီးထွားခြင်းကို ထိခိုက်ခြင်းတို့ဖြစ်တတ်ပါတယ်။ အမေရိကန်နိုင်ငံက ယခုလေ့လာချက်တစ်ခုအရ ဒီလိုအခြေအနေဖြစ်လာခြင်းကို မိခင်လောင်း ကိုယ်ဝန် ၁၂ ပတ် လောက်ကစပြီး Aspirin ဆေးပြား Low Dossage ကို သောက်သုံးပေးခြင်းဖြင့်၂၄ ရာခိုင်နှုန်းကာကွယ်နိုင်တယ်လို့ဆိုပါတယ်။

ဒီအကြောင်းကို Annals of Internal Medicine online ဂျာနယ်မှာ ဖော်ပြထားတာပါ။ အမေရိကန်နိုင်ငံက ဝါရင့်ဆေးပညာရှင်တွေနှင့် ဖွဲ့စည်းထားတဲ့ United State Preventative Task Face အဖွဲ့ကြီးကလည်း Aspirin မတည့်တဲ့ အစာအိမ်အနာ၊ သွေးထွက်လွန်ရောဂါမရှိဘူးဆိုရင် ကိုယ်ဝန်ဆောင်တွေကို ကိုယ်ဝန်သက်တမ်း ၁၂ ပတ်ကစပြီး ဒီ Aspirin ဆေးကို သောက်သုံးဖို့ နှိုးဆော်ထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါတော်တော်များမှာ ထိရောက်စွာကုသပေးနိုင်တဲ့ ကင်ဆာဆေးသစ်တစ်မျိုးကို ထုတ်လုပ်နိုင်ပြီဆိုတဲ့ သတင်းပါ။ ဒါကိုပြုလုပ်နိုင်ခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ University of Georgia က သုတေသနပညာရှင်တွေပါ။

Ciplatin ဆိုတဲ့ ဆေးဟာ ကင်ဆာရောဂါတော်တော်များများမှာ အသုံးပြုနေတဲ့ဆေးပါ။ ဒီဆေးကို အဆုတ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ဝေးစေ့ကင်ဆာ၊ အမျိုးသမီးမျိုးဥကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတွေမှာ အသုံးပြုခဲ့ကြတာပါ။ ဒါပေမယ့် တချို့သူတွေမှာ ဒီဆေးယဉ်ပါးလာတာတွေ့ရတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဒီဆေးကိုပဲ ပုံစံတစ်မျိုးပြောင်းပြီး ထုတ်လုပ်လိုက်ကြတာဖြစ်ပါတယ်။ ဒီဆေးသစ်ကို Platin M လို့ အမည်ပေးထားပါတယ်။ ဒီဆေးဟာ Nano နည်းပညာကို အသုံးပြုဖော်စပ်ထားတာဖြစ်ပြီး သူ့အရွယ်အစားဟာ လူ့ဆံပင်ရဲ့ အပုံ ၁၀၀၀ ပုံ တစ်လုံးလောက်သေးငယ်တဲ့ ဆေးမှုန့်တွေနဲ့ ဖော်စပ်ထားတာဖြစ်တယ်။ ဒီဆေးဟာ ကင်ဆာ Cells တွေ အသက်ရှင်ဖို့ အဓိကနေရာဖြစ်တဲ့ Cells ထဲက Mitochondria ကို တိုက်ရိုက်ဝင်ရောက်ဖျက်ဆီးနိုင်စွမ်းရှိတယ်။ ဒါကြောင့် ကင်ဆာရောဂါကုသရာမှာ အလွန်ထိရောက်တဲ့ ဆေးတစ်ခုဖြစ်တယ်ဆိုတာ တင်ပြလိုက်ပါတယ်။ ။


## သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်-၁၅၉(ခ)တွင်နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမီထွန်း[၁၂/ဒလန(နိုင်)၀၆၅၂၆၇]၏ လွှဲအပ်ချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ ဇီဇဝါလမ်း၊ အိမ်အမှတ်(၂၀)၌နေထိုင်သူ မောင်ဟန်လင်းအောင်[၁၂/ဒလန(နိုင်)၀၅၄၈၃၂]တို့ ၂၅-၁၂-၂၀၁၃ ရက်တွင် ဒလမြို့ရှိ ယုဇနမင်္ဂလာခန်းမ၌ မြန်မာ့ဓလေ့ထုံးစံနှင့်အညီ မင်္ဂလာအခမ်းအနား ကျင်းပခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေ လင်မယားမှာ ခင်ပွန်း ဟန်လင်းအောင်၏အိမ်တွင် ယောက္ခမများဖြစ်သည့် ဦးအေးသောင်း၊ ဒေါ်မြင့်မြင့်အေးတို့နှင့်အတူ နေထိုင်လျက်ရှိပါသည်။

ခင်ပွန်း မောင်ဟန်လင်းအောင်မှာ CDC.No-83613 ကို ကိုင်ဆောင်၍ ရုရှားနိုင်ငံပိုင် ငါးဖမ်းသင်္ဘောဖြစ်သော M.V Dalniy VoStok ပေါ်၌ တာဝန်ထမ်းဆောင်နေစဉ် ၂-၄-၂၀၁၅ ရက်တွင် ၎င်းသင်္ဘောနစ်မြုပ်၍ ရုတ်တရက်ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။ ခင်ပွန်းမိဘများ၏ အိမ်၌ နာရေးအတောအတွင်း ကျွန်ုပ်မိတ်ဆွေနှင့်ခင်ပွန်း မောင်ဟန်လင်းအောင်တို့၏ လက်ထပ်စာချုပ်နှင့် မင်္ဂလာအခမ်းအနားကျင်းပခဲ့စဉ် မှတ်တမ်းတင်ရိုက်ထားသော ဓာတ်ပုံများနှင့် ဗီဒီယိုခွေတို့မှာ ရုတ်တရက် ပျောက်ဆုံးသွားခဲ့၍ တွေ့ရှိလက်ဝယ်ထားသူများ ဤကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံလာရောက် တွေ့ဆုံပေးအပ်ရန် ထိုရက်ကျော်လွန်ပြီး မရိုးမဖြောင့်သောသဘောဖြင့် လက်ဝယ်ထားသူများအား တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ကွယ်လွန်သူ မောင်ဟန်လင်းအောင်၏ တရားဝင်ဇနီးမှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမီထွန်း[၁၂/ဒလန(နိုင်)၀၆၅၂၆၇]သာဖြစ်ကြောင်းနှင့် ကွယ်လွန်သူ မောင်ဟန်လင်းအောင်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်ခံခွင့်အခွင့်အရေးရှိသူဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမီထွန်း၏ လွှဲအပ်ချက်အရ
ဦးတင်မောင်ချို **(LL.B)**
တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၆၉၈/၂၀၁၀)

ရုံးလိပ်စာ- တိုက်အမှတ်-၉/၁၁
အခန်း-၃၀၆
စတုတ္ထလွှာ(ယာ)၊ ၃၆-လမ်း(အောက်)
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း-၃၈၈၂၄၄-လိုင်းခွဲ(၃၀၆)

အိမ်-ချိုရတနာလက်ဖက်ရည်ဆိုင်
မင်းရဲကျော်စွာလမ်း
ဗိုလ်ရန်ပြေရပ်ကွက်
ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၆၉၅၈၅၊
၀၉-၄၉၂၇၆၈၇၆



**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး**
**ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**



ရှေးမှုမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါ၊ကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပျူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) မြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွှန့်မြို့နယ်ရန်ကုန်မြို့(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521



**ရှေ့ခံအိမ်အဆင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉)၊ ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်



ကျွန်တော်တို့၏ (Fortune Joyce International Co.,Ltd) မှ ရန်ကုန်မြို့တွင်းရှိ နိုင်ငံတကာအဆင့်မီ အိမ်ခြံမြေဆောက်လုပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှာဖွေနေသောကုမ္ပဏီဖြစ်ပါသည်။ မြေကွက်ဧရိယာအကျယ်အဝန်း အနည်းဆုံး(၁)ဧကနှင့်အထက် ပိုင်ဆိုင်သောမြေရှင်များ သို့မဟုတ် အဖွဲ့များ၊ စိတ်ပါဝင်စားသူများ အတူတကွပူးပေါင်းပြီး အောင်မြင်ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီသည် ငွေကြေးရင်းနှီးမြှုပ်နှံမှုအင်အား တောင့်တင်းပြီး ကျွမ်းကျင်ပညာရှင်များနှင့်ပြည့်စုံကာ အကြီးစားကုန်တိုက်များ၊ အဆင့်မြင့်ဈေးဝယ်စင်တာ၊ စိမ်းလန်းစိုပြေမှုကိုဦးစားပေးတည်ဆောက်သော နိုင်ငံတကာအဆင့် မြင့်ကွန်ဒိုများ၊ နေအိမ်များတည်ဆောက်ခြင်း အတွေ့အကြုံများပြားသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ဝန်ထမ်းအင်အား (၄၀၀)ကျော်ရှိပြီး လက်ရှိ ရန်ကုန်မြို့တစ်မြို့တည်းတွင် အိမ်ခြံမြေ အကောင်အထည်ဖော်တည်ဆောက်နေဆဲ Project က (၄)ခုရှိနေပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုကဏ္ဍပိုင်းတွင် မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ ကျွန်တော်တို့သည် လူကြီးမင်း၏အကောင်းဆုံးလုပ်ဖော်ကိုင်ဖက်အဖြစ်ရပ်တည်လျက် လက်ကမ်းကြိုဆိုနေပါသည်။ လူကြီးမင်း၏ ဆက်သွယ်မှုနှင့်လက်တွဲလုပ်ဆောင်မှုကို စောင့်မျှော်နေပါမည်။

ဆက်သွယ်ရန် - ကိုရန်အောင် 09-43125649
ကိုအောင်မင်းဦး 09-254275066

လိပ်စာ - Yankin Township, Yankin Road, CMA Old Building 3rd Floor

Ps; မြန်မာအင်ဂျင်နီယာ၊ **Hotel Management** နှင့် အိမ်ရာအရောင်းဝန်ထမ်းများကိုလည်း ဖိတ်ခေါ်ပါသည်။ လစာကောင်းမည်။



**ဂျူလီယာ(JULIA)**
**ပညာဒါနစက်ချုပ်သင်တန်းအမှတ်စဉ်(၁၃)**
**သင်တန်းသားများခေါ်ယူခြင်း(အမျိုးသမီးသီးသန့်)**

အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန်၊ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ မြန်မာအမျိုးသမီးများ၏လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်(၃)ရပ်ကို အခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီ အလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှုအစပြု၍ ထမီ၊ ချိတ်ထမီ၊ ဘောင်းဘီနှင့် စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင်စုစုပေါင်း အမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင် ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူမည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲများ

| | | |
|---|---|---|
| တန်းခွဲ (A) | -တနင်္လာ၊ အင်္ဂါ | -ညနေ 4:00 နာရီမှ 6:00နာရီ |
| တန်းခွဲ (B) | -ဗုဒ္ဓဟူး၊ ကြာသပတေး | -ညနေ 4:00 နာရီမှ 6:00နာရီ |
| တန်းခွဲ (C) | -စနေ၊ တနင်္ဂနွေ | -နံနက် 7:00 နာရီမှ 9:00နာရီ |
| တန်းခွဲ (D) | -စနေ၊ တနင်္ဂနွေ | -နံနက် 10:00 နာရီမှ 12:00နာရီ |
| တန်းခွဲ (E) | -စနေ၊ တနင်္ဂနွေ | -မွန်းလွဲ 1:00 နာရီမှ 3:00 နာရီ |
| တန်းခွဲ (F) | -စနေ၊ တနင်္ဂနွေ | -ညနေ 4:00 နာရီမှ 6:00 နာရီ |

*တစ်ပတ်(၂)ရက် (၃)လပြတ်
* ၁-၇-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်။
* လူဦးရေ ကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလျှုငွေ ကျပ်ငါးသောင်း ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၃၀-၆-၂၀၁၅ရက် နောက်ဆုံးထား၍ နံနက် ၈း၀၀နာရီမှ ည ၈း၀၀နာရီအထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ပန်းဆိုးတန်းလမ်းမှတ်တိုင်တွင်ဆင်းပါ)
ဖုန်း-၀၉-၅၀၅၈၇၆၇၊
* သင်တန်းခွဲ၊ နေရာခွဲများ လုံးဝမရှိပါ။

# ကျောက်တန်းမှော်ဝန်းချောင်းကူးတံတားကြီး မကြာမီ ဖွင့်လှစ်မည်



**ကျောက်တန်း ဇွန် ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာနှင့် မှော်ဝန်းချောင်းတစ်ဖက်ကမ်းရှိ ပန်းချောင်းကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်ထားသော ကျောက်တန်းမှော်ဝန်းချောင်းကူးတံတားကြီးမကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

တံတားကြီးကို တံတားအထူးအဖွဲ့(၅)မှ ညွှန်ကြားရေးမှူး(မြို့ပြ) အင်ဂျင်နီယာ ဦးသိန်းမြင့်နှင့် တံတားအထူးအဖွဲ့(၁၆)မှ ဒုတိယညွှန်ကြားရေးမှူး အင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်တို့က ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်က တည်ဆောက်ခဲ့ရာ ၂၀၁၅ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြီးစီးခဲ့သည်။

ယင်းတံတားကြီးမှာ မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးသမျှ ကျေးလက်ဖွံ့ဖြိုးရေးတံတားများတွင် အရှည်ဆုံးဖြစ်ပြီး ပေ ၉၀၀ ရှည်လျား၍ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်တစ်ချက်၌ ၃ ပေ ခွဲရှိသည်။

တံတားကြီးကိုယ်ထည်မှာ RC ကွန်ကရစ်ဖြစ်ပြီး ယာဉ်တစ်စီးချင်းစီ၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေနှင့် အကျယ်ပေ ၉၀ ဖြစ်ကာ တံတားနှင့် ချဉ်းကပ်လမ်းအတွက် ကုန်ကျငွေစုစုပေါင်းမှာ ကျပ်သန်း ၄၄၀၀ ဖြစ်ကြောင်း သိရသည်။

တံတားကြီးဖွင့်လှစ်ပြီးပါက မုတ္တမပင်လယ်ကမ်းရိုးတန်းရှိ ကျေးရွာများမှ ပြည်သူများ ကျောက်တန်းမြို့နှင့် ရန်ကုန်မြို့များသို့ နေ့ည ရာသီမရွေး အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်လာမည်ဖြစ်သည်။

**အောင်ဆွေ(ရွှေတံတား)**

## မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာပေးဟောပြော

**ကျောက်တလုံးကြီး ဇွန် ၂**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မိတ်ဖက်ဌာနများပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစီမံချက်(ယင်းမာ)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးအဖွဲ့ကွင်းဆင်းလှုပ်ရှားမှု ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲတို့ကို မေ ၃၁ ရက်က ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု ကျောင်းထိုကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာစိန်ဝင်း၊ ကျောက်တလုံးကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးရောမင်းနှင့် တောင်ကြီးမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကျောက်တလုံးကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ရွှေရွှေမြင့်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်းကောင်း၊ မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်လွင်ဦးက မြေယာနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း၊ ရပ်စောက်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းနိုင်စိုးက ကူးစက်ရောဂါအကြောင်းသိကောင်းစရာများကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျောက်တလုံးကြီးမြို့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံဦးကျော်လေးက ရှင်းလင်းပြောကြားချက်များကို ပအိုဝ်းတိုင်းရင်းသားဘာသာဖြင့် ပြန်ဆိုရှင်းလင်းပြောကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြည်သူများသိရှိနိုင်ရေး ဆွေးနွေး

**မြင်းမူ ဇွန် ၂**

အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ကြည့်ရှုသိရှိနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားသည့်လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (မြင်းမူမြို့နယ်တာဝန်ခံ) ဦးသိန်းထွန်း (၁)က မြင်းမူမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို လာမည့် ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ၁၄ ရက်ကြာ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် ၎င်းက မဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒရှင်၏ အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်များ မှားယွင်းမှု၊ မပြည့်စုံမှု၊ အမည်စာရင်း မပါရှိမှုများရှိခဲ့ပါက သတ်မှတ်ပုံစံများဖြင့် လျှောက်ထားကြရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ကြည့်ရှုသိရှိနိုင်အောင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် အရပ်ဖက်လူမှုအဖွဲ့အစည်းများက အသိပညာပေးကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်းကို ဆက်လက်ပြောသည်။

မြင်းမူမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ကြည့်ရှုသိရှိနိုင်ရေးအတွက် လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ရပ်ကွက်နှင့် ကျေးရွာများ၏ လူစည်ကားရာနေရာများတွင် ဗီနိုင်းပိုစတာများ ကပ်ထားပေးခြင်း၊ သက်ဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့အစည်းများက အသိပညာပေးကူညီပေးခြင်းတို့ဖြင့် ဆောင်ရွက်ထားရှိပြီး မြင်းမူမြို့နယ်အနေဖြင့် မဲဆန္ဒနယ်အမှတ်(၁)တွင် အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးခွင့်ရှိသူ ၄၂၃၈၈ ဦး၊ မဲဆန္ဒနယ်အမှတ် (၂) တွင် ၄၂၅၃၈ ဦး၊ စုစုပေါင်း မဲပေးခွင့်ရှိသူ ၈၄၉၂၆ ဦး ရှိကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ စစ်ကိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်သည့် ဦးသိန်းထွန်း (၁) နှင့် ဦးသိန်းထွန်း(၂)၊ မြင်းမူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီလေးခုမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဖိုးခါး**

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး ဇွန် ၂**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ ရက်နံနက်၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၊ သစ်တောရပ်ကွက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရှမ်းပြည်နယ်အတွင်းရှိ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ပင်းတယမြို့နယ်၊ ရွှေဥမင်လိုဏ်ဂူအနီးတစ်ဝိုက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်သည့်နေရာအဖြစ်သတ်မှတ်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် South East Asia Tobacco Control Alliance (SEATCA) တို့ သဘောတူထားရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် မေ ၂၀ ရက်မှ ၂၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပခဲ့သော 3rd Regional Meeting on Tobacco Control in ASEAN Countries မှ ကြေညာခဲ့ပြီးဖြစ်သည့်အတွက် မကြာမီတွင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ကို သိရှိရသည့်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ အစွမ်းကုန်ကူညီပေးကြရန် ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၏ သဝဏ်လွှာအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ဖတ်ကြားပေးခဲ့ပြီး ဒုတိယပြည်နယ်ဥပဒေအရာရှိ ဦးကြည်ခင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးနှင့်ပတ်သက်သည့် ဥပဒေများအကြောင်းကို ဧည့်သည်တော်နှင့် ပရိသတ်များအား ရှင်းပြခဲ့သည်။

ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေ၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကြက်ခြေနီအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မြို့ဝင်ကြေးကောက်ခံရေးဂိတ်မှ ယာဉ်ကြောတစ်ဖက်ပိတ်ထားခြင်းကြောင့် အခက်အခဲဖြစ်

**မလှိုင် ဇွန် ၂**

မလှိုင်-မိတ္ထီလာ-မြင်းခြံသွားလမ်းပိုင်းပေါ်ရှိ မလှိုင်မြို့ဝင်ကြေးကောက်ခံရေးဂိတ်၌ နှစ်ဖက်ယာဉ်ကြောသွားလာရန်ရှိသော်လည်း မြို့ဝင်ကြေးကောက်ခံရေးဂိတ်မှ တစ်ဖက်ယာဉ်ကြောကိုပိတ်ထားခြင်းကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားနိုင်ကြောင်း ယင်းလမ်းတွင်မောင်းနှင်နေသည့် ယာဉ်မောင်းများက ပြောသည်။

မလှိုင်မြို့သည် မြို့ပေါ်လေးရပ်ကွက် ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး အဆိုပါလမ်းပိုင်းကို အသုံးပြုနေသူများလည်းဖြစ်သည်။ ယင်းဒေသခံများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ယင်းနယ်ထွက်ကုန်ပစ္စည်းများအား အမြို့မြို့အနယ်နယ်သို့ ပို့ဆောင်ကူးသန်းသွားလာရာတွင် ယင်းလမ်းပိုင်းကို အဓိကအသုံးပြုကြသည်။

"အခုလို အများပြည်သူသွားလာနေတဲ့လမ်းပိုင်းကို စီပွားရေးတစ်ခုထဲကြည့်ပြီး နှစ်ဖက်ယာဉ်ကြောရှိပေမယ့် တစ်ဖက်ကိုပိတ်ထားတာဟာ ကျွန်တော်တို့လို ယာဉ်မောင်းများအတွက် မလိုလားအပ်တဲ့ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားနိုင်ပါတယ်။ ကားများ၊ ဆိုင်ကယ်များဟာ မြို့ဝင်ကြေးဂိတ်ကဖွင့်ထားတဲ့ဘက်ကနေ သွားလာနေကြခြင်းဖြစ်ပါတယ်"ဟု အဆိုပါလမ်းပိုင်းကို နေ့စဉ်အသုံးပြုသွားလာနေသော ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယင်းကြောင့် မလှိုင်မြို့ဝင်ကြေးကောက်ခံရေးဂိတ်အား နှစ်ဖက်ယာဉ်ကြောသွားနိုင်ရန် သက်ဆိုင်ရာများမှ ဖွင့်လှစ်ပေးရန် ခရီးသွားပြည်သူများနှင့် ဒေသခံများက လိုလားလျက်ရှိကြောင်းသိရသည်။

**ကျော်ကျော်(မလှိုင်)**

## မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါး စံကွက်ရိတ်သိမ်း

**သရက် ဇွန် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် တွင်းလည်အုပ်စု တွင်းလည်ကျေးရွာတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသောတောင်သူ ဦးစိုးလွင်၏ ဗီယက်နမ်စပါးမျိုး နွေစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ရာ ယင်းစံကွက်တွင် တစ်ဧကအထွက်နှုန်း ၁၅၄ ဒသမ ၆၉ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ သရက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဇော်အောင်နှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်နိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် တွင်းလည်အုပ်စုမှ တောင်သူ ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



**ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ (၁၈)ရပ်ကွက် လိပ်ဥကုန်းကျိုက္ကမျှမ်ဘုရားပုရိဝုဏ်အတွင်းတွင် မေ ၃၁ ရက် နံနက် ၇ နာရီခွဲက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ အခမ်းအနားသို့ ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ဖျာပုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လိပ်ဥကုန်းကျိုက္ကမျှမ်ဘုရားကြီးမှ ဂေါပကလူကြီးများ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ပါဝင်စုပေါင်းသစ်ပင်များစိုက်ပျိုးပေးကြသည်။ စိုက်ပျိုးကြသည့်စိုက်ပင်များမှာ ပိတောက်၊ မဟော်ဂနီ၊ ယူကလစ်၊ မာလာလူးကား၊ အော်ရေးရှား၊ ခရေနှင့် ပင်လယ်ကဗွီးပင်များဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးပင် ၇၅၀ ဖြစ်ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)

**ပေးစာ**

# လူလေးသို့ပေးစာများ -၁၄

**မြသန်းတင့်**



*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**ဘာ့သ်၊ မတ် ၉ ရက်၊ ၁၇၄၈ ခုနှစ်။**

**လူလေး**

ဖေဖေမကြာခဏ ဆုံးမသွန်သင်ခဲ့တာကို မင်းလိုက်နာဖို့ မကြာခဏပျက်ကွက်ခဲ့တယ်၊ ခုလည်းဒီစကားကိုပဲ ဖေဖေ ထပ်ပြောရဦးမယ်။ အဲဒီစကားကတော့ ယဉ်ကျေးသိမ်မွေ့မှုကို ပူဇော်ပါ"ဆိုတဲ့ စကားပဲ(တစ်နေ့မှာ ဂရိပညာရှိပလေတိုက အမြဲတမ်းသုန်မှုန်ပြီး ယဉ်ကျေးသိမ်မွေ့မှုမရှိတဲ့ ဒဿနဆရာဇီနိုကရေးတီးကိုပြောသတဲ့။ အဲဒီစကားကတော့ အချင်းဇီနိုကရေးတီး၊ ယဉ်ကျေးသိမ်မွေ့မှုကို ပူဇော်လေဆိုတဲ့ စကားဖြစ်သတဲ့။)

ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့စကားနဲ့ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့ အလုပ်က ပေါ်ထွက်လာတဲ့ရလဒ်ဟာယဉ်ကျေးသိမ်မွေ့တဲ့စကားနဲ့ အလုပ်တို့က ပေါ်ထွက်လာတဲ့ရလဒ်နဲ့ မနှိုင်းယှဉ်သာအောင်ကွာခြားတယ်။

ယဉ်ကျေးသိမ်မွေ့တဲ့စကားနဲ့ အလုပ်ဟာ တဖက်သားရဲ့ စိတ်နှလုံးယိုဖိတ်စေတယ်။ စိတ်နှလုံးယိုဖိတ်တာဟာ ကိုယ့်အပေါ်မှာ ချစ်ခင်နားလည်မှုကိုကြီးစွာ အထောက်အကူဖြစ်စေတယ်။ ဒါကြောင့်မို့ ကိုယ့်အကျိုးရှိစေချင်ရင် ယဉ်ကျေးသိမ်မွေ့မှုရှိဖို့လိုတယ်။ မိန်းမတွေ ချစ်စရာကောင်းတာဟာ တခြားကြောင့် မဟုတ်ဘူး။

ယဉ်ကျေးသိမ်မွေ့မှုရှိတဲ့ အတွက်ကြောင့်ပဲ။ မိန်းမတွေ တင်မကဘူး ယောကျ်ားတွေ၊ အတော်ဆုံးဆိုတဲ့ ယောကျ်ားတွေ ချစ်ခင်နှစ်လိုဖွယ်ကောင်းတာဟလည်း အဲဒီ ယဉ်ကျေးသိမ်မွေ့မှုကြောင့်ပဲ။ တစ်ဘက်သားကကိုယ့်ကို ချစ်ခင်နှစ်သက်စေချင်ရင် ယဉ်ကျေးသိမ်မွေ့မှုကို ပြရမယ်။ ပညာရှိ ရိုရှေဖိုးကောက ယဉ်ကျေးသိမ်မွေ့မှုသည် အောင်ကြောင်းတရားဖြစ်၏ လို့ပြောခဲ့ဖူးတယ်။ ဒါကြောင့်မို့ ယဉ်ကျေးသိမ်မွေ့မှုဟာ တစ်ဖက်သားရဲ့ စိတ်နှလုံးကို ဆွဲဆောင်ရာမှာ အရေးကြီးတယ်။

ကိုယ့်မှာတခြားအရည်အချင်းတွေ ဘယ်လောက်ပဲရှိနေနေ ဘယ်လောက်ပဲတော်နေနေ ယဉ်ကျေးသိမ်မွေ့မှု မရှိရင်အချည်းနှီးပဲ။ မင်းမှာ တော်တဲ့ အရည်အချင်းတွေရှိတဲ့အတွက် မင်းကိုအထင်ကြီး ကောင်းကြီးမယ်။ ဒါပေမယ့် ယဉ်ကျေးသိမ်မွေ့မှုမရှိရင် ချစ်ခင်နှစ်သက်မှုကိုတော့ ရမှာမဟုတ်ဘူး။ တစ်နည်းပြောရရင် တစ်ဖက်သားရဲ့နှလုံးသားကိုတော့ ရမှာမဟုတ်ဘူး။ မင်းဟာတစ်ဖက်သားရဲ့ ချစ်ခင်နှစ်သက်မှုကို ရချင်ရင် မင်းရဲ့ပင်ကိုယ်အရည်အချင်းတွေအပြင် သူတစ်ပါးအပေါ်မှာ ယဉ်ကျေးသိမ်မွေ့မှုကိုလည်း ပြရလိမ့်မယ်။

သူ့ကိုကူညီယိုင်းပင်းရမယ်၊ စောင်မရမယ်။ လေးစားရမယ်။ အထင်ကြီးရမယ်။ လိုက်လျောရမယ်။ ဂရုစိုက်ရမယ်။

အဲဒီအလုပ်တွေကို လုပ်တဲ့နေရာမှာ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာကိုပြနိုင်ရင် သူ့နှလုံးသားကို ဖွင့်နိုင်ပြီလို့ အောက်မေ့ပေတော့။

မနှစ်သက်စရာ အမူအရာမျိုးကိုပြတာ၊ စကားကို မထိလေးစားပြောတာ၊ ကိုယ့်ကိုယ့်ကားရားဝတ်စားဆင်ယင်တာ၊ စကားပြောရင် တစ်ဖက်သားကို မလေးမခန့်ပြောတာ၊ သူတပါးပြောတဲ့စကားကို အလေးဂရုမပြုတာတို့ဟာ တစ်ဖက်သားကို မင်းအပေါ်မှာမနှစ်သက်တဲ့ စိတ်ထားကိုအလိုလို ပေါ်ပေါက်လာစေတယ်။ တစ်ဖက်လူက ကိုယ့်ကို ဒီလိုဆက်ဆံလာရင်လည်း သူ့ဖာသာသူ ဘယ်လောက်ပဲတော်နေနေ ဘယ်လောက်ပဲ အရည်အချင်းရှိနေနေ အဲဒီလူအပေါ်မှာမနှစ်သက်တဲ့စိတ်ထား ဖြစ်ပေါ်လာမှာ အမှန်ပဲ။ တကယ်လို့ ကိုယ့်အပေါ်မှာ တရိုတသေ၊ တလေးတစား၊ ပျူပျူငှာငှာဆက်ဆံလာရင် ကိုယ်ကလည်း အဲဒီလူအပေါ်မှာ အလိုလိုချစ်ခင်နှစ်သက်လာတတ်တယ်။ အဲဒါကို မြဲမြဲသတိထားပါ။

မင်းဟာ တစ်ဖက်သားအပေါ်မှာ အဲဒီလို အရည်အချင်းတွေ ရှိလိမ့်မယ်လို့မျှော်လင့်ထားပြီး မျှော်လင့်တဲ့အတိုင်းဖြစ်မလာရင် စိတ်ပျက်မှာပဲ။ အလားတူပဲ တစ်ဖက်သားက ကိုယ့်အပေါ်မှာအရည်အချင်းကောင်းတွေ ရှိလိမ့်မယ်လို့ မျှော်လင့်ထားပြီး ဆက်ဆံလိုက်တာနဲ့ မျှော်လင့်သလို ဖြစ်မလာရင်ကိုယ့်အပေါ်မှာလည်း စိတ်ပျက်သွားမှာပဲ။

တစ်ဖက်သားကို နှစ်သက်ကျေနပ်စေတဲ့ ယဉ်ကျေး သိမ်မွေ့မှုဆိုတဲ့ စကားလုံးထဲမှာ အသေးအဖွဲ့အရာကလေးတွေ ထောင်ပေါင်းများစွာ ပါဝင်တယ်။ အဲဒါတွေကို တစ်ခုချင်း လိုက်ပြောနေလို့ ဖြစ်တာမဟုတ်ဘူး။

လူတစ်ယောက်ဟာ သနရုပ္ပလည်းဖြစ်တယ်၊ အနေအထိုင်လည်း နူးညံ့သိမ်မွေ့တယ်၊ အဝတ်အစားကိုလည်း အထိုက်အလျောက်တင့်တယ်ပြေပြစ်အောင် ဝတ်တတ်တယ်၊ အသံကလည်းချိုတယ်၊ မျက်နှာထားကလည်း ရယ်မောခြင်းမရှိ ရွှင်လန်းပြီးပွင့်လင်းတယ်။ စကားအပြောဆိုမှာလည်း ပီသရှင်းလင်းပြီးယဉ်ကျေးတယ်။ ဒီအရာတွေ အားလုံးနဲ့ အခြားအရာများစွာတို့ဟာ ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတဲ့ အထဲမှာ အကုန်ပါနေတယ်။

ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတာ ဘာလဲလို့ တိတိကျကျ သတ်မှတ်လို့ မရပေမယ့်လူတိုင်းရဲ့ စိတ်ထဲမှာတော့အလိုလို သိနေကြတယ်။ ဒီတော့ တစ်ဖက်သားနဲ့ ဆက်ဆံရာမှာ မင်း ဘာကိုသဘောကျသလဲ၊ ဘာကိုသဘောမကျသလဲဆိုတာကို သေသေချာချာ စဉ်းစားပါ။ အဲဒီအခါမှာ တစ်ဖက်သားက ကိုယ့်အပေါ်မှာ ဘာကို သဘောကျသလဲဘာကို သဘောမကျသလဲ ဆိုတာကိုလည်းအလိုလို သိလာလိမ့်မယ်။ စောစောက ရယ်တဲ့အကြောင်းကို ဖေဖေပြောခဲ့တယ်။ ဒီနေရာမှာ အရယ်မသန်ဖို့ ဖေဖေ မင်းကို အထူးသတိပေးချင်ပေးတယ်။ ဖေဖေ့ သဘောကို ပြောရရင်မင်းတစ်သက်လုံး ပြုံးတာကို ဖေဖေမြင်ချင်တယ်။ ဒါပေမယ့် ရယ်သံကို ဖေဖေမကြားချင်ဘူး။

မကြာခဏကျယ်လောင်စွာ ရယ်ခြင်းဟာ မိုက်မဲမှုနဲ့ ရိုင်းပြမှုရဲ့ လက္ခဏာချက်တွေဖြစ်တယ်။ ကျယ်လောင်စွာ ရယ်ခြင်းဟာ ရူးနှမ်းတဲ့ အရာတွေကို ရူးနှမ်းတဲ့ပျော်ရွှင်မှုနဲ့ ပြသတတ်တဲ့လူဖျင်းလူညံ့တို့ရဲ့ အမူအရာဖြစ်တယ်။

ဖေဖေ့အထင်မှာတော့ ကျယ်ကျယ်လောင်လောင် ရယ်မောတာလောက် ရိုင်းပြတဲ့ မယဉ်ကျေးတဲ့ အမူအရာရယ်လို့ မရှိဘူးလို့တောင်ထင်တယ်။ တကယ့်ဇဝနဉာဏ်၊ တကယ့်ဟာသဉာဏ်ဆိုတာတစ်ဖက်သားကို ကျယ်ကျယ်လောင်လောင်ရယ်အောင် ဘယ်တော့မှ ကလိမထိုးဘူး၊ တကယ့်ဇဝနဉာဏ်၊ တကယ့်ဟာသဉာဏ်ဆိုတာ အဲဒီအရာတွေရဲ့ အထက်မှာရှိတယ်၊ တကယ့်ဟာသဉာဏ်ဆိုတာ စိတ်ကို ရွှင်ပြုံးစေပြီး မျက်နှာကိုကြည်လင်ရွှင်လန်းစေတယ်။ အောက်တန်းကျတဲ့ ပြက်လုံး၊ ရူးနှမ်းတဲ့အဖြစ်အပျက်တို့ ကသာလျှင်တစ်ဖက်သားကို ကျယ်ကျယ်လောင်လောင် ရယ်မောစေတတ်တာဖြစ်တယ်။ အဆင့်အတန်းရှိပြီး ဉာဏ်အမြော်အမြင်ရှိတဲ့ လူများဟာအဲဒီလို အောက်တန်းကျတဲ့ ပြက်လုံးတွေရဲ့ အထက်မှာရှိသင့်တယ်။

လူတစ်ယောက်ဟာ သူ့နောက်မှာ ကုလားထိုင်ရှိတယ် အထင်နဲ့ ထိုင်ချလိုက်တယ်။ အဲဒီမှာတင် ဖင်ထိုင်လျက် ကျသွားတယ်။ ဒီမှာတင် အားလုံးက တဟားဟားတဟီးဟီး ဝိုင်းရယ်ကြတယ်၊ ဒါပေမယ့်တကယ့်ဟာသဉာဏ်ရှိသူ၊ တကယ့်ဉာဏ်အမြော်အမြင်ရှိသူကတော့ ရယ်လိမ့်မယ် မထင်ဘူး။

ဒီလိုရယ်ခြင်းမျိုးကတော့ တော်တော်အောက်တန်းကျပြီး တော်တော်ရိုင်းစိုင်းတဲ့ ရယ်ခြင်းမျိုးပဲ။ ရယ်ချင်စိတ်ဟာစဉ်းစားဉာဏ်နဲ့ ချုပ်တည်းလိုက်ရင် ချုပ်တည်းလို့လွယ်ပါတယ်။ ဒါပေမယ့် ရယ်တယ်ဆိုတာ ပျော်ရွှင်တာနဲ့ ယေဘုယျအားဖြင့်ဆက်စပ်နေလေတော့ ရယ်ခြင်းရဲ့ အနှစ်မရှိပုံကို လူတွေတော်တော်နဲ့ သဘောမပေါက်နိုင်ပဲဖြစ်နေကြတယ်။ ဖေဖေ ဟာစိတ်ညစ်ညူးတတ်တဲ့ လူတစ်ယောက်မဟုတ်ဘူး။

တစ်ဖက်သားကို လှောင်ပြောင်အထင်သေးတတ်တဲ့ လူမဟုတ်ပါဘူး။ တစ်ခြားလူတွေလိုပဲကြည်နူးသာယာချင်တဲ့လူမျိုးပါ။ ဒါပေမယ့် ဖေဖေဟာစဉ်းစားဉာဏ်ကို ကောင်းစွာအသုံးပြုခဲ့တဲ့အတွက်ဖေဖေ့အသိုင်းအဝိုင်းမှာ ဖေဖေ့ရယ်သံကိုကြားဖူးတဲ့သူ တစ်ယောက်မှမရှိဘူးလို့ ထင်တယ်။

လူတော်တော်များများဟာ ပထမအနေရခက်လို့ နောက်တော့ အကျင့်ပါလာလို့လားအသိဘူး။ စကားပြောရင် ရယ်ရယ်ပြီး ပြောတတ်တယ်။ ဒီလိုရယ်ရယ်ပြီး စကားပြောတာဟာ တော်တော်မနှစ်သက်စရာကောင်းပြီး တော်တော် ရူးနှမ်းတဲ့ အကျင့်လို့ဖေဖေထင်တယ်။ မစ္စတာဝေါလားဆိုတဲ့ တော်တော်ဉာဏ်ပညာအမြော်အမြင်မရှိတဲ့ လူတစ်ယောက်ကို ဖေဖေ တွေ့ဖူးတယ်။

ဘယ်လောက်ပဲမထူးဆန်းတဲ့အကြောင်းအရာကလေး တစ်ခုကို ပြောတာပဲဖြစ်ဖြစ် ရယ်ရယ်ပြီးပြောလေ့ရှိတယ်။

မရယ်ဘဲနဲ့ သူစကားပြောတဲ့အခါရယ်လို့ ဖေဖေတစ်ခါမှ မတွေ့ဖူးသေးဘူး။ ဒီတော့ အကြောင်းမသိတဲ့သူတွေက သူရယ်ပြီး စကားပြောတာကိုမြင်တော့ အူတူတူလူပဲလို့ ပထမထင်သွားကြတာချည်းပဲ။ နောက်တော့သာ အကြောင်းသိသွားကြတာ။ ဒီအလေ့အထနဲ့ အလားတူ မနှစ်သက်စရာကောင်းတဲ့ အလေ့အထများဟာ လူ့လောကကြီးထဲကိုစတင်ဝင်ရောက်ခဲ့ကြတုန်းက ယောင်တီးယောင်တ၊ ခွကျကျဖြစ်ခဲ့ရာက အစပြုခဲ့တာချည်းပဲ။ အဲဒီလူမျိုးတွေဟာလူတောထဲ ဝင်ရမှာကိုရှက်ကြတယ်။ လူတောထဲရောက်တော့ အိုးနင်းခွက်နင်းမနေတတ်မထိုင်တတ်တွေဖြစ်ကုန်ပြီး ကိုယ်ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်ကုန်ကြတယ်။ ဣန္ဒြေရအောင်ဆိုပြီး နည်းအမျိုးမျိုးကို သုံးကြတယ်။ ဒီလိုနဲ့ အဲဒီနည်းတွေဟာ နောင်မှာလုပ်ဖန်များလာတော့ အလေ့အထဖြစ်သွားတော့တာပဲ။ တစ်ချို့က နှာခေါင်းကိုနှိုက်တယ်။

တစ်ချို့ကခေါင်းကုတ်တယ်။ တစ်ချို့က ဦးထုပ်ကို လက်ထဲမှာကိုင်ပြီးလှည့်တယ်။ အတိုချုပ်ပြောရရင်တော့ မှန်ရည်ယဉ်ကျေးမှုမရှိ ခွကျကျလူတိုင်းဟာ အဲဒီနည်းတွေကိုသုံးကြတာပဲ။ ဒီလို အလေ့အထတွေဟာရာဇဝတ်မှုတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် အဲဒီအလေ့အထတွေဟာ တစ်ဖက်သားရဲ့ စိတ်နှလုံးကိုကြည်နူးနှစ်သက်အောင်လုပ်ရာမှာ အတားအဆီးဖြစ်တဲ့အတွက် သတိထားပြီးရှောင်သင့်တာတော့အမှန်ပဲ။

တစ်ဖက်သားကို ကျေနပ်အောင်လုပ်တယ်ဆိုတာ တစ်ဖက်သားအပေါ်မှာ အောင်နိုင်အောင်လုပ်တယ်ဆိုတာသတိပြုပါ။ ဒါမှမဟုတ် တစ်ဖက်သားကိုအောင်နိုင်အောင်လုပ်ရာမှာ အရေးကြီးတဲ့ခြေလှမ်းတစ်ခုဆိုတာ သတိပြုပါ။ အထူးသဖြင့် ရှေ့ဘဝတက်လမ်းကိုရှာမယ့် မင်းအဖို့ အဲဒီအတတ်ပညာကို သေသေချာချာ လေ့လာပါ။ အင်္ဂလန်ထွက်သွားတုန်းက မင်းမှာအနေအထိုင်နဲ့ ပတ်သတ်လို့ ဆောင်ရန်၊ ရှောင်ရန်တွေကို သင်ကြားမသွားရသေးဘူး။ အင်္ဂလန်မှာတော့ ဒီလိုမျိုး သင်ကြားလေ့မရှိကြပဲကိုး။

ဒါပေမယ့်မင်းဟာ အကင်းပါးတဲ့ လူတစ်ယောက်ပီပီ၊ နိုင်ငံခြားမှာတော့ အနေထိုင်တွေကိုသင်ကြားပေးလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ မင်းဟာလောကကြီးမှာတင့်တင့်တယ်တယ်ဖြစ်ချင်ရင်၊ လူတစ်လုံးသူတစ်လုံးဖြစ်ချင်ရင် (ဖြစ်ချင်တယ်လို့လည်းဖေဖေယုံတယ်) ကိုယ်ထူကိုယ်ထဆိုသလို ကိုယ်တိုင်လုပ်မှရတယ်။ လောကကြီးအလယ်မှာ မင်းလူတစ်လုံး သူတစ်လုံးလုပ်တဲ့အချိန်လောက်မှာဆိုရင် ဖေဖေဟာ ဒီလောကကြီးက ထွက်ခွာသွားပြီးသားဖြစ်ချင်ဖြစ်နေတော့မှာ။ လူ့လောကကြီးမှာ လူတစ်လုံးသူတစ်လုံးဖြစ်ချင်ရင် မင်းရဲ့ဉာဏ်အဆင့်အတန်းတွေနဲ့ မင်းရဲ့ စည်းစိမ်ဥစ္စာတွေကဘာမှ ပံ့ပိုးကူညီနိုင်မှာမဟုတ်ဘူး။ မင်းရဲ့ အရည်အချင်းနဲ့ အနေအထိုင်ကသာလျှင်မင်းကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြီးပွားချမ်းသာအောင် လုပ်ပေးနိုင်မှာ။ ဖေဖေကတော့မင်းကို ပညာသင်ပေးခြင်းဖြင့် အဲဒီအရာတွေကိုရဖို့ အုတ်မြစ်ချပေးလိုက်ပြီ။ အဆောက်အဦးကိုတော့ မင်းကိုယ်တိုင် ဆောက်ရလိမ့်မယ်။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# သာသန ဝေပုလ္လဓမ္မာရုံကြီး တည်ဆောက်လျက်ရှိ

**ရမည်သင်း ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်သင်းမြို့နယ် ကံသာအေးကျေးရွာ ကံသာအေးကျောင်းတိုက်အတွင်း အလျားပေ ၈၀၊ အနံပေ ၄၀၊ အမြင့် ၂၈ ပေရှိသာသန ဝေပုလ္လဓမ္မာရုံသစ်ကြီး တည်ဆောက်ရန်အတွက် ကျောင်းထိုင်ဆရာတော် ဦးဝိဇယနှင့် ဒေသခံရွာသူ ရွာသားများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကံသာအေးကျောင်းတိုက်သည် ကန်ဦးကျေးရွာ၏ အနောက်ဘက် လေးမိုင်ခန့်အကွာတွင်တည်ရှိပြီး အိမ်ခြေ ၉၅ အိမ်သာရှိသောလူသူအရောက်ပေါက်လည်း အလွန်နည်းသည်။ ယခုအခါ တရားပေးသူ၊ တရားနာသူ၊ ဝေယျာဝစ္စပြုလုပ်သူများ နေထိုင်နိုင်ရန်အတွက် ဓမ္မာရုံဆောက်လုပ်ရန်လိုအပ်လာရာ ငွေကြေးအင်အားမတတ်နိုင်သဖြင့်ပြီးစီးအောင် မဆောင်ရွက်နိုင်သေးသည့်အတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

**(အေးအေးမြင့်)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# အယ်ဒီတာထံပေးစာ

**မီးပွိုင့်ကြောင့် လမ်းပိတ်ဆို့မှုများ ဆိုးရွားစွာ ဖြစ်ပေါ်နေ**

ရန်ကုန်မြို့ အနော်ရထာလမ်းမကြီး တစ်လျှောက်နှင့် မင်္ဂလာဈေး ယုဇနပလာဇာ ဝန်းကျင်တွင်နေ့စဉ် ယာဉ်ပိတ်ဆို့မှုများဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

လမ်း ၅၀ မှ ဘုန်းကြီးလမ်းထိ ၁၅ မိနစ်သာ ကြာရမည့် ဘတ်စ်ကားခရီးမှာ ယခုအခါ တစ်နာရီကျော်ကြာမြင့် နေပါသည်။ အလားတူ ပလာဇာသို့သွားရန် မဆလာမှတ်တိုင်အကျော်မှ ၁၂၄ လမ်းမှတ်တိုင်နှင့် မီးပွိုင့်တွင် မိနစ် ၂၀ မှ နာရီဝက်ထိ အချိန်ကုန်လေ့ရှိရာ သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**လမ်းမတော်သား**

**ဈေးနှုန်းကြောင့်အခက်ကြုံ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် မြန်အောင်မြို့နယ်အတွင်းရှိ အမဲသားလိုင်စင်စီ၊ ဆိတ်သားလိုင်စင်စီများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ပေးထားသော ရောင်းဈေးနှုန်းထက်ပိုမိုရောင်းချနေသောကြောင့် စားသုံးသူများ အခက်ကြုံနေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ **(စားသုံးသူများ)**

**ရေမြောင်းဧရိယာအားကျူးကျော်**

ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် စပယ်လမ်းမှ အိမ်တစ်အိမ်ကို ကန်ထရိုက်ပေးဆောက်လုပ်ရာတွင် လက်ရှိမြေဧရိယာ ပေ ၂၀×ပေ ၆၀ ထိသာ တရားဝင်သော်လည်း အောင်သပြေလမ်းပိုင် ရေမြောင်းဧရိယာ ၄ပေ×၆၀ပေထိ တရားမဝင်ကျူးကျော်ဆောက်လုပ်နေပါသဖြင့်သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(အောင်သပြေလမ်းသူလမ်းသားများ)**

**လောင်းကစားဝိုင်းများ ဖယ်ရှားပေးစေလို**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂) ကနောင်မင်းသားကြီးလမ်းနှင့် ဦးထွန်းညိုလမ်းထောင့်ရှိ ကျူး ကျော်အရက်ဆိုင်များ၊လောင်းကစားဝိုင်းများကြောင့် စက်ရုံအတွင်းရှိ ဝန်ထမ်းများအကျင့်စာရိတ္တပျက်ပြားနေပါသည်။ ထို့အပြင် ဦးထွန်းညိုလမ်းမပေါ်ရှိဝက်ခြံမှအနံ့ဆိုးများနှင့်စွန့်ပစ်ဝက်စာများကြောင့်ရေမြောင်းများ ပိတ်ဆို့ခြင်းနှင့် အနံ့ဆိုးများကြောင့်ကျန်းမာရေး ထိခိုက်နိုင်ပါသဖြင့်သက်ဆိုင်ရာမှ အရက်ဆိုင်များ၊ လောင်းကစားဝိုင်းများ၊ ဝက်ခြံများကို ကြပ်မတ်ဆောင်ရွက်ဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

**အကျင့်စာရိတ္တကောင်းမွန်စေလိုသူ**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ကျွန်တော့်နောက်ပါးတွင် လှိုင်သည် ခြေစုံလေး ရပ်လျက်ရှိ၏။ လှိုင့်လက်နှစ်ဖက်က လင်ပန်းတစ်ချပ်ကို ကိုင်မ,ထားသည်။ လင်ပန်းထက်၌ ဖျော်ရည်အပြည့်နှင့် ဖန်ခွက်တစ်လုံးရှိ၏။ လှိုင်က ပြုံးလဲ့လဲ့ကလေး ဆိုသည်။

" မမခိုင် သတိရနေပါပြီ . . .။ ကိုကိုမောင်လည်း ပင်ပန်းလာတယ် မဟုတ်လား။ မမမြိုင် ဖျော်ပေးတာနဲ့ လှိုင်ယူလာခဲ့တာ။ ဖရက်(ရှ်)လိုင်း(မ်) သံပုရာဖျော်ရည်လေ။ သောက်နော် ကိုကိုမောင် "

ဆောင်း၏ မိုးပြင်သည် ပြာလဲ့နေ၏။ နေဝင်စဖြစ်သဖြင့် မလင်းလှသော်လည်း မမှောင်သေး။ ငွေလဝန်းကို မမြင်ရလင့်ကစား ကြယ်ဖူးကြယ်ပွင့်တို့ အေးမြတောက်ပနေသည်။ အပြစ်ကင်းစင်သော လှိုင်၏ မျက်နှာကလေးသည် ဆောင်းမိုးပြင်သို့ ကြည်လင်ရွှန်းလက်နေသည်။

ထာဝစဉ် ပြုံးလဲ့လဲ့နိုင်သော လှိုင့်မျက်လုံးလေးများကလည်း ကြယ်ပွင့်များပမာ တဖျတ်ဖျတ် အေးမြတောက်ပနေ၏။

ကျွန်တော်သည် သက်ပြင်းရှိုက်လျက်ပြုံးရင်း လှိုင်ပေးလေသော သံပုရာဖျော်ရည်ကို လှမ်းယူမိပါ သတည်း။

**(၂၅) သူ့အတွက် တစ်ရွက်တစ်လွှာ**

ဆက်လက်လိုက်ပါလာသောနှစ်များကို ကြေကွဲဖွယ်ကောင်းသောနှစ်များအဖြစ် မှတ်တမ်းတင်ရပါမည်။

ငြိမ်းမောင်သည် ဒဏ်ရာကြောင့် ဆေးရုံ၌ သုံးလကြာအောင် နေခဲ့ရသည်။

ငြိမ်းမောင်အပေါ် ဘယ်တုန်းကမှ ကြင်နာမှုမရှိခဲ့သော သူ၏ ဦးလေးနှင့် အဒေါ်သည် ငြိမ်းမောင်ဆေးရုံကြီးထက်လဲနေစဉ်အတွင်း၌ နှလုံးသား ပိုမိုခက်မာခဲ့ကြသည်။ ကျွန်တော် အမှတ်ပြုမိသမျှ သူတို့သည် သုံးလကျော်အတွင်း ငြိမ်းမောင်ထံ သုံးလေးခေါက်သာ လာ၍ သတင်းမေးခဲ့သည်။ သူတို့၏ မျက်နှာထား၊ သူတို့၏ ဟန်ပန်အမူအယာများသည် လူနာကို လာ၍ သတင်းမေးသောသဘောထက် လာရန်တွေ့သော သဘော ပိုမိုသက်ရောက်စေကြောင်း သတိထားမိခဲ့၏။

လူနာငြိမ်းမောင်က သူတို့အား တုံ့ပြန်ပုံမှာလည်း အံ့ဩဖွယ်ပင်ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်သည် နှလုံးအေးချမ်းသူဖြစ်ကြောင်း ကျွန်တော် အကြိမ်ကြိမ် ဖော်ပြခဲ့ပြီးပြီ။ ကျွန်တော် ခွင့်မလွှတ်နိုင်သော တင်မောင်ညွန့်အပေါ်ပင် သူက သဘောထားကြီးစွာ ဖော်ဖော်ရွေရွေ ဆက်လက်ဆက်ဆံ နိုင်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် သူ့ဦးလေးနှင့် အဒေါ်ကို ဆက်ဆံသော ငြိမ်းမောင်သည် ကျွန်တော် နားလည်ထားသော ငြိမ်းမောင်နှင့် တခြားစီ ဖြစ်နေ၏။

ယခင်က ငြိမ်းမောင်သည် သူ့ဦးလေးနှင့် အဒေါ်ရှေ့တွင် စကားကျယ်ကျယ် မပြောဝံ့အောင် ညွတ်ကျိုးနှိမ့်ချရသူဖြစ်ခဲ့သည်။ ယခုမူ မေတ္တာတရားကင်းမဲ့သော အေးစက်စိမ်းကားလှသည့် သူ့ဦးလေးနှင့် အဒေါ်တို့ကို ငြိမ်းမောင်သည် မတင်းမာသည့်တိုင်စေ၊ ညွတ်ကျိုးနှိမ့်ချမှုကင်းသော ပကတိခန့်ညားတည်ငြိမ်ခြင်း အပြည့်နှင့် ပြန်လည်ဆက်ဆံ၏။ သူ့အစား ကြားထဲမှ အားနာမိသူ ကျွန်တော်က ဤယစ်ထုပ်ကြီးနှင့် သူ၏ ပြူစူသော ဇနီးအိုကို ချိုချိုသာသာ ပျူပျူငှာငှာ မျက်နှာသာပေးအရေးတယူပြုခဲ့ရသည်။

ဆေးရုံတက်စတွင် ငြိမ်းမောင်သည် တတိယတန်းအခန်း၌ နေရသည်။ ဤမျှ ကုန်ကျစရိတ်ကိုပင် ခိုင်တို့အိမ်က စိုက်ထုတ်ပေးသည်။ ကိုကိုနှင့် မြိုင် လာကြည့်ပြီးသောနောက်ပိုင်း၌ ငြိမ်းမောင်သည် ပိုက်ဆံခန်းခေါ် အထူးခန်းသို့ ရွှေ့ပြောင်းခဲ့ရပါ၏။

ငြိမ်းမောင်၏ ဖခင်မှာ ပန်းနာရောဂါကြောင့် အိပ်ရာ၌လဲနေသူ ဝေဒနာရှင်ဖြစ်သဖြင့် ငြိမ်းမောင်ကိုလာသတင်း မမေးနိုင်ရှာ။ ငြိမ်းမောင်၏ မိခင်လည်း မရှိပြီ။ ငြိမ်းမောင်၏ ဖခင် ဓာတ်ပုံတိုက်ကို အမျိုးသမီးဓာတ်ပုံတိုက်ဟု အမည်ပြောင်း၍ ဆက်လက်လုပ်ကိုင်နေရရှာသူ အစ်မနှစ်ဦးသည်သာ တစ်ပတ်တစ်ခါ သန်လျင်မှ လာကြည့်ကြရှာသည်။

ငြိမ်းမောင် ဆေးရုံမှ မဆင်းမီ တစ်ပတ်ခန့်တွင် တစ်ညနေ၌ သူ့အစ်မများနှင့် ဦးလေး၊ အဒေါ်တို့ကိုမော်တော်ကားဆိပ်သို့ ကျွန်တော် လိုက်ပို့သည်။

ငြိမ်းမောင်၏ ဦးလေးသည် အပုပ်ချိန်ဖြစ်၍ လေသာတဝေ့ဝေ့ တက်နေတတ်သည်။ ဘာကိုမျှ အမှုထားဟန်မတူ။ ငြိမ်းမောင်၏ အဒေါ်ကသာ မညာမတာဆိုသည်။

" မင်းသူငယ်ချင်း ငြိမ်းမောင်က အင်မတန် . . . ကိုယ့်ဝမ်းနာ ကိုယ်မသိတဲ့လူပဲ။ ကြည့်စမ်းပါဦးတော် . . . အစ်မတွေ . . . အဒေါ်တွေ . . . ဦးလေးတွေက မရှိမဲ့ရှိမဲ့ ပညာပေးတယ် . . .။ သူက သေလုမျောပါး ဖြစ်အောင် အလေလိုက်တယ် "

ငြိမ်းမောင်၏ အစ်မနှစ်ဦးက ခေါင်းငုံ့၍သာ လမ်းလျှောက်လာနေသည်။ ဘာမျှ ဝင်မပြော။

စိတ်တွင်း၌ မခံချင် ဖြစ်မိသော်လည်း ယဉ်ကျေးစွာပင် ကျွန်တော်က ရှင်းပြရသည်။

" ငြိမ်းမောင်ဟာ . . . အလေလိုက်ခဲ့တာ မဟုတ်ပါဘူး ဒေါ်ဒေါ်။ အလေလိုက်တတ်တဲ့ လူငယ်တစ်ဦးလည်း မဟုတ်ပါဘူး။ အကျင့်စာရိတ္တကောင်းမွန်ပြီး တစ်ဖက်သားအတွက် အနစ်နာခံတတ်တဲ့ မြင့်မြတ်တဲ့ လူငယ်တစ်ဦးပါ . . . "

အဒေါ်ကြီးသည် လမ်းလျှောက်ခြင်းကို ရပ်လိုက်ပြီး မဲ့ကာရွဲ့ကာနှင့် ဆို၏။

" ငြိမ်းမောင်ဟာ မြင့်မြတ်တယ်၊ အနစ်နာခံတတ်တယ် ဟုတ်လား။ သူ့အစ်မတွေ မိန်းကလေးတန်မဲ့ အလုပ်လုပ်နေရတယ်။ ဒီအဒေါ်နဲ့ ဦးလေးကလည်း ထမင်းလုတ်ကိုခွဲပြီး အနစ်နာခံ စာသင်ပေးနေရတယ်။ သူ့အဖေအားတိုင်း မွေးထားတဲ့ ညီ၊ ညီမတွေကလည်း တစ်ပြုံကြီးပဲ . . .။ အဲဒါတွေအတွက်တော့ ထည့်မစဉ်းစားဘူး။ ဒီခိုင်ဆိုတဲ့ ကောင်မလေး အတွက် အနစ်နာခံနိုင်သပေါ့ . . . ဟုတ်လား "

ကျွန်တော်က ဘာပြန်ဖြေရမှန်း မသိ။ ငြိမ်းမောင် အစ်မနှစ်ဦးကသာ ခေါင်းငုံ့လျက်ရှိရာမှ အားနာဟန် ကျွန်တော့်ကို လှမ်းကြည့်ကြသည်။

" နေပါဦး မောင်ရင်ရဲ့ . . .။ မေးလိုက်ဦးမယ် မောင်ရင်တို့၊ ဒီ ခိုင်ဆိုတဲ့ ကောင်မလေးတို့က မျက်နှာကြီးမျိုးရိုးတွေပဲ။ ငြိမ်းမောင်က ဒီကောင်မလေးကို ဒီလောက် တစ်ဖက်သတ်ကြိုက်ပြီး အနစ်နာခံ နေရအောင် ဒီကောင်မလေးက ငြိမ်းမောင်လိုကောင်ကို ယူမှာမို့လား ဖြေစမ်းပါဦး . . . "

ဤအကြိမ်တွင်မူ ကျွန်တော် သည်းမခံနိုင်တော့ . . .။ အသံမာမာနှင့် ပြန်ဖြေရသည်။

"ဒေါ်ဒေါ် ဘာစကားတွေ ပြောနေတာလဲ . . . ငြိမ်းမောင်ဟာ ခိုင့်ကို ကြိုက်နေတယ်လို့ ဘာကြောင့်စွပ်စွဲရသလဲ . . .။ ထားပါတော့ ကြိုက်နေတယ်ပဲ ဆိုပါစို့။ ခိုင်က ငြိမ်းမောင်ကို ဘာလို့ ပြန်မကြိုက်နိုင်ရမှာလဲ . . .။ ဘာလို့ကော မယူနိုင်ရမှာလဲ . . .။ မျက်နှာကြီးတာ မျက်နှာငယ်တာ ကျန်တဲ့လူတွေအတွက်တော့မဆိုနိုင်ဘူး . . .။ ငြိမ်းမောင်နဲ့ ကျွန်တော်နဲ့ ခိုင့်အတွက်တော့ အဲဒါတွေကို မသိဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေဟာ သူငယ်ချင်းတွေ ဖြစ်လို့ပဲ။ ငယ်သူငယ်ချင်းတွေ ဖြစ်လို့ပဲ။ ကျွန်တော်ပြောတာ ရှင်းရဲ့လား ဒေါ်ဒေါ် . . . "

ကျွန်တော့်စကားကြောင့် အဒေါ်ကြီး ရုတ်တရက် ပြန်မဖြေနိုင်။ ပါးစပ်ကြီးဟ,၍သာ ကြည့်နေ၏။

ကားဆိပ်သို့ ရောက်ခဲ့ကြပြီဖြစ်သည်။ ငြိမ်းမောင် ဦးလေးက သူ့ဇနီးကို လှမ်းအော်သည်။

" မင်းက ဘာတွေ သောက်စကားရှည်နေတာလဲ . . .၊ ကိုယ့်တာဝန် ကိုယ်ကျေ ပြီးရောပေါ့ . . .။

လူမှန်ရင်လည်း ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ၊ ကိုယ်မိုက်ရင် ကိုယ်ခံပေါ့။ ဘာမှ အပိုတွေ ပြောနေစရာ မလိုဘူး။ အလကားမိန်းမ လျှာကို ရှည်တယ် . . . "

အဒေါ်ကြီး ငြိမ်သွားသည်။ ထိုစဉ် ကားဆိုက်လာသဖြင့် ငြိမ်းမောင်၏ အစ်မနှစ်ဦးက တိုးတိုးညင်သာ ကျွန်တော့်ကို နှုတ်ဆက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**













# ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မမီကလေးများအား လက်ခံသင်ကြားပေးသည့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေးမြို့)တွင် ဖွင့်လှစ်

**မန္တလေး ဇွန် ၂**

ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မမီကလေးများအား လက်ခံသင်ကြားပေးနေသည့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေးမြို့) ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အား အခြေခံပညာကျောင်းများနည်းတူ ဇွန် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ယခုနှစ် ပညာသင်နှစ်တွင် သင်တန်းသား ၅၇ ဦး၊ သင်တန်းသူ ၃၃ ဦး စုစုပေါင်း ၉၀ တက်ရောက်ပညာသင်ယူနေကြပြီး ဆရာ၊ ဆရာမအင်အား ခုနစ်ဦးဖြင့် သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းမှ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်းရှိ ဒေါင်းစ်ဆင်ဒရုန်း၊ ဉာဏ်ရည်မီ၊ သူငယ်နာအကြောတင်း၊ အော်တစ်စင်၊ ခြေမစုံ၊ လက်မစုံ၊ အတက်ရောဂါ အစရှိသည့် ကိုယ်အင်္ဂါ မသန်စွမ်းနှင့် ဉာဏ်ရည်မမီကလေးများကို လက်ခံသင်ကြားပေးသည်။

"ဒီမှာကျောင်းတက်တဲ့ကလေးတွေက များသောအားဖြင့် ဉာဏ်ရည်မမီတာကများပါတယ်။ သူတို့ရဲ့ နေ့စဉ်လုပ်ဆောင်မှုကစပြီး သင်ရတာ။ အဲဒါပြီးပြီဆိုမှ တစ်ဆင့်ချင်း စာသင်လို့ရတဲ့ ကလေးကိုစာသင်ပေးတယ်။ သူတို့ကို အထူးပညာရေးစနစ်နဲ့သင်ကြားပေးတာ။ တချို့တွေကို စာကိုတိုက်ရိုက်သင်တာမျိုးမဟုတ်ဘဲ သူတို့သိနိုင်တဲ့ နည်းလမ်းတွေနဲ့ သင်ကြားပေးရတာမျိုးရှိတယ်။ သင်ထောက်ကူပစ္စည်းတွေနဲ့လည်း သင်ရတယ်။ ကလေးတွေ အိမ်မှာ နေ့စဉ်လုပ်နေရတဲ့ ထမင်းစားတာ၊ အကျီဝတ်တာကစလို့ သင်ပေးတယ်။ နည်းနည်းကြီးလာရင် အလုပ်ခွင်သင်တန်းမျိုးတွေထိ သင်ကြားပေးပါတယ်" ဟု ယင်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျေဆင်သားက ပြောသည်။

အဆိုပါသင်တန်းကျောင်းတွင် ကလေးများကို လေ့လာဆန်းစစ်ပြီး ၎င်းတို့နှင့် သင့်လျော်မည့် ဉာဏ်ရည်တူ အုပ်စုများအလိုက် အတန်းများခွဲကာ သင်ကြားပေးလျက်ရှိပြီး ကိုယ်အင်္ဂါ မသန်စွမ်းသော်လည်း ဉာဏ်ရည်မီသော ကလေးများကို အခြေခံပညာမူလတန်းစာများ စတင်သင်ကြား ပေးလျက်ရှိသည်။

အခြေခံအရေးအဖတ်အတွက် ပညာများအား အထူးပညာရေးစနစ်ဖြင့် သင်ကြားပေးနေကာ ကလေးတိုင်း မိမိဘာသာ ရပ်တည်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးပြီး စာပေပညာသင်ကြားခြင်းအပြင် ဘက်စုံဖွံ့ဖြိုးရေးအတွက် အက၊ ပန်းချီ၊ လက်မှု၊ ပုံပြော၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ကစားခြင်းတို့ကိုလည်း သင်ကြားပေးနေကြောင်းသိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေးမြို့) သည် ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်က မသန်စွမ်းအမျိုးမျိုးရှိသော ကလေး ၆၃ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အနာဂတ်တွင် ကလေးများသည် အမှီအခိုကင်းမဲ့စွာ လူမှုဘဝအတွင်းတွင် ရပ်တည်နိုင်ရန်၊ ဝင်ငွေရှာဖွေနိုင်သူများ ဖြစ်လာစေရန်၊ မသန်းစွမ်းသူများအတွက် လိုအပ်ချက်များ တင်ပြဆွေးနွေးတောင်းဆိုလာနိုင်ရန်၊ ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရန် မျှော်မှန်းချက်များထားကြောင်း သိရသည်။

**(၀၀၂)**

# မင်းကြီးလမ်းဘက်လမ်းဆုံပြီးစီးပါက ပထမဆုံးခွဲထွက်မောင်းရသည့် လက်တက်တံတားတစ်စင်းဖြစ်လာမည်

**ရန်ကုန် ဇွန် ၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသော အင်းစိန်ရထားလမ်း ခုံးကျော်တံတားအသစ်စီမံကိန်း၏ မင်းကြီးလမ်းဘက်လမ်းဆုံပြီးစီးပါက အင်းစိန်ပန်းခြံလမ်းဆုံသည် လုံးဝယာဉ်ကြောကျပ်တည်းမှုရှိတော့မည်မဟုတ်ဘဲ ယာဉ်မောင်းများအတွက် ရန်ကုန်မြို့ပေါ်တွင် ပထမဦးဆုံးခွဲထွက်မောင်း၍ရသော လက်တက်တံတားတစ်စင်းဖြစ်လာတော့မည် ဖြစ်သည်။

အဆိုပါ အင်းစိန်ရထားလမ်းခုံးကျော်တံတားအသစ်စီမံကိန်း၏ မင်းကြီးလမ်းဘက်လမ်းဆုံပြီးစီးပါက တံတားသစ်ပေါ်မှ ဖြတ်သန်းသွားလာကြသော ယာဉ်များမှာ ယာဉ်လမ်းကြောင်းအား တည့်တည့်၊ ဘယ်ချိုး၊ ညာချိုး၊ သုံးမျိုးရွေးချယ်နိုင်မည်ဖြစ်ပြီး ယာဉ်မောင်းများအတွက် ယာဉ်လမ်းကြောင်းရွေးချယ်ခွင့် အကောင်းဆုံးပေးနိုင်မည်ဖြစ်သော တံတားဖြစ်လာတော့မည်ဖြစ်ကြောင်းနှင့် အင်းစိန်ရထားလမ်းခုံးကျော်တံတားအသစ်တည်ဆောက်မှုမှာ မြန်မာ့မီးရထား၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၅ စင်းမြောက်တံတား ဖြစ်လာကြောင်း သိရသည်။

မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးဇော်ထူးက "လှိုင်မြစ်လမ်းနှင့် အင်းစိန်ပန်းခြံလမ်းဆုံကို ကျော်လိုက်တာက နှစ်လမ်းသွားနဲ့ ပင်မတံတား၊ ပြီးတော့ ဘောလုံးကွင်း (ဗဟိုလမ်း)က ချိုးလိုက်တဲ့ လက်တက်တံတားက Phase 1 ပေါ့။ မင်းကြီးလမ်းဘက်ကတော့ Phase 2 ပေါ့နော်။ ဒီ Phase 2 ကတော့ ဘတ်ဂျက်အပေါ်မူတည်ပါတယ်။ အပိုင်းကတော့ နှစ်ပိုင်းခွဲဆောင်ရွက်တာပေါ့။ Phase 1 ဘက်ကနေလုပ်ဆောင်လို့ပြီးသွားရင်ပဲ လမ်းကြောက တော်တော်သိသာသွားပါပြီ။ လမ်းဆုံဘက်က ယာဉ်ကြောကြပ်တဲ့ပြဿနာက တော်တော်ရှင်းသွားမှာပါ။ ပြဿနာရှိနိုင်တာက လှိုင်မြစ်လမ်းဘက်က မင်းကြီးလမ်းဘက်ကို ယာဉ်တွေက ချိုးကွေ့မောင်းချင်တယ်ဆိုရင် ပင်မတံတားအပေါ်က ဖြတ်သန်းသွားရမယ်။ လမ်းသစ်လမ်းပေါ်ရောက်ရင်တော့ 'ဂ' ကွေ့ပြီးပြန်သွားရမယ့်အနေအထားတော့ရှိတာပေါ့။ 'ဂ' ကွေ့ပြီး ပြန်သွားရမယ့်အနေအထားမှာလည်း ယာဉ်ကြောထောက်နိုင်တဲ့အနေအထားတော့ ရှိနေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က Phase 2 အနေနဲ့ မင်းကြီးလမ်းဘက်ကတံတားကို လုပ်ဆောင်လိုက်ပြီဆို အဲဒီပြဿနာရှင်းသွားမှာပါ။ ဒီဇင်ဘာဖြည့်စွက်ဘတ်ဂျက်မှာရရင် လေးလအတွင်း အဲဒီလမ်းခွဲဘက်ကလုပ်ဆောင်ပြီးစီးသွားမှာပါ။ တံတားအရှည်ကလည်း အဲဒီဘက်ကို ပေ ၅၂၂ ပေပဲရှိပါတယ်" ဟု ရှင်းပြသည်။

တံတားအသစ်ဆောက်လုပ်ပြီးစီးပြီဆိုလျှင် ၁၉၈၉ ခုနှစ်ကဆောက်လုပ်ခဲ့သော ၂၅ နှစ်ကြာသက်တမ်းရှိ ခုံးကျော်တံတားဟောင်းအား ရန်ကုန်မြို့ဘက်မှ မောင်းနှင်ဝင်လာသောယာဉ်များအား လက်ခံမည်ဖြစ်ပြီး ဇူလိုင်လအတွင်းပြီးစီးမည့် ခုံးကျော်တံတားအသစ်တွင်မူ ရန်ကုန်မြို့ဘက်သို့ ဖြတ်သန်းမောင်းနှင်ကြမည့်ယာဉ်များအတွက် ဆောင်ရွက်သွားမည်ဖြစ်ရာ တံတားတစ်ခုစီတွင် One Direction စနစ်၊ တစ်လမ်းမောင်းစနစ်များဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့သော ယာဉ်လမ်းကြောင်းများအတွက် တံတားတစ်ခုစီအား တစ်လမ်းမောင်းစနစ်ဖြင့် ခွဲထုတ်ဆောင်ရွက်သွားခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများအတွက် အထိုက်အလျောက်လျော့နည်းလာစရာရှိနိုင်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(စိုးဝင်း-MLA)**










# အခန်းပိုင်ဘဝသို့ချက်ချင်းပြောင်းလဲပေးမည့်

# iGREEN

## လစဉ်(၄)သိန်းခန့်အတိုးပေးရန်မလို

# ၁၀နှစ်

# ငွေချေစနစ်

**သိန်း(၆၀၀)**
**တန် အခန်း**

## မြေပိုင်မြေ(၁.၅)ဧက ပေါ်တွင်ဆောက်လုပ်မည်

iHOME
APARTMENT

ဘုံပိုင်မြေစနစ်၊ Swimming Pool & GYM, (၁)ခန်းလျှင်ကားပါကင်(၁)နေရာရမည်

## မြေရှင် - iGREEN DEVELOPER - iGREEN CONSTRUCTION - iGREEN

**iGREEN Head Office -** 30၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
**iGREEN Show Room -** 82/A၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့။

ဇွန်( 6 )၊( 7 ) Junction Square တွင်ရောင်းမည့်


# သိန်း( ၂၀ )ယူပြီး တန်းစီမှ အခန်းရဖို့သေချာမယ်နော်

iHOME
APARTMENT





## ၁၀၀ ခန်းတွက် ဝယ်ခွင့် iGREEN မှတာဝန်ယူမည်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရမည် မှတ်ပုံတင် သန်းခေါင်စာရင်းမိတ္တူပါရမည်




လစဉ် ၄ သိန်းခန့် ပေးရုံဖြင့်အခန်း ပိုင်နိုင်မည့် အခွင့်အရေး




**Site** လေ့လာသူများအတွက် ဇွန်လ( 1 )ရက်နေ့မှ( 5 )ရက်နေ့ထိ

**Location Map** မှ မြားတစ်လျှောက်တွင် **iGREEN** မှဝန်ထမ်းများကြိုဆိုပြီးလိုက်လံပြသပေးပါမည်

# ကြော်ငြာ

## ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
## ဦးတင့်ဆွေ (၇၅)နှစ်
### (အထပြ၊ငြိမ်း)၊ရွှေဘို/ညောင်တုန်း

ညောင်တုန်းမြို့၊ (၃)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၃)နေ (ဦးဘထွန်း-ဒေါ်နန်းနွယ်)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်သန်းနွဲ့(အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြတ်ကေခိုင်(ရာ/၂၁၇၅) (သရုပ်ပြ-ရှုပဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ မယုဝေလိုင်တို့၏ဖခင်၊ ဦးလှထွန်း(ဂုံလျှော်-ငြိမ်း)-ဒေါ်ခင်သိန်းနွဲ့(စာရင်းစစ်-ငြိမ်း)၊ ဦးအေးကို(မြေစာရင်း-ငြိမ်း)တို့၏အစ်ကိုကြီးသည်၃၀-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ရက်တွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခိုင်ဆွေဝင်း
## အသက်(၄၉)နှစ်
### လူမှုဖူလုံရေး(ရုံးချုပ်)
### ဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၃၈) ပထမထပ်နေ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏နာယကကြီး ဒေါ်မြင့်မြင့်သန်း၏သမီး ဒေါ်ခိုင်ဆွေဝင်းသည် ၃၁-၅-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွေး (၆၇)နှစ်
### အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးတင်ထွေး(၆၇)နှစ် သည် ၂-၆-၂၀၁၅ (အင်္ဂါနေ့) တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်**
**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွေး (၆၇)နှစ်
### အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင် အဖွဲ့ဝင် ဦးတင်ထွေး(၆၇)နှစ်သည် ၂-၆-၂၀၁၅ (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**
**ပြည်သူ့လွှတ်တော်**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## သရေစည်သူဦးသိန်းထိုက်
### ပြည်ထောင်စုစာရင်းစစ်ချုပ်
### ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)

မိသားစုနှင့်ခွဲခွာကွယ်လွန်ခဲ့သည်မှာ ဒီနေ့ ၃-၆-၂၀၁၅ ရက်နေ့တွင် (၁)လပြည့်ခဲ့ပါပြီ။ မိသားစုအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် စောင့်ရှောက်ပြီး အေးချမ်းသော အရိပ်အာဝါသပေးခဲ့သည့် ချစ်ခင်ပွန်း၏ ကျေးဇူးတရားများအား နေ့စဉ် သတိရလျက်ပါ။

ယနေ့ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းခဲဖွယ်ဘောစဉ်နှင့်ပစ္စည်းလေးပါး လှူဒါန်းခြင်း၊ သက်ရှိထင်ရှားရှိစဉ်ကပင် လစဉ်မပြတ်လှူဒါန်းခဲ့သော ပျဉ်းမနား ဘိုး၊ ဘွားရိပ်သာနှင့် သီလရှင်ဆရာလေးများအား ဒါနအစုစုကို ရည်စူးလှူဒါန်းပါသည်။ ပြုခဲ့သမျှသော ကောင်းမှုအားလုံးကို အမျှပေးဝေပါသည်။ အမျှရရှိ၍ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပြီးလျှင် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရှိမျက်မှောက်ပြုနိုင်ပါစေလို့ဆုတောင်း မေတ္တာပို့သလိုက်ပါသည်။

**ဖေဖေရေ - အမျှ---အမျှ---အမျှ**
**လွမ်းဆွတ်ကြေကွဲခြင်းများစွာဖြင့်**
**ချစ်ဇနီး 'မြ'**
**ချစ်သမီးကြီး**
**ချစ်သမီးငယ်**
**ချစ်သားငယ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်
## အသက်(၇၆)နှစ်

ဆေးဝန်ထမ်းညွှန်ကြားရေးမှူး(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း) (ဗိုလ်မှူးချုပ်ကျော်ဝင်း) (ငြိမ်း)၏ဇနီး ဒေါ်ကြည်ကြည်သည် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ၁-၆-၂၀၁၅(တနင်္လာနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အ တူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့်အရာရှိ/အရာခံ/အကြပ်စစ်သည်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစိန်လင်း(ငြိမ်း)
## အသက်(၈၆)နှစ်

ဒုဗိုလ်မှူးကြီးကိုကိုလင်း(ငြိမ်း) (ဌာနမှူး၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ YCDC)-ဒေါ်ငုဝါကြိုင် ၏ ဖခင်ဖြစ်သူ ဗိုလ်မှူးစိန်လင်း(ငြိမ်း)သည် ၂၂-၅-၂၀၁၅ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညီညီအောင်-ဒေါ်ဆုဆုစံ**
**ဖူးပွင့်စံကုမ္ပဏီလီမိတက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောရွှေ(ပဲခူးမြို့) (၈၄)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) သမဝါယမဦးစီးဌာန

သူငယ်ချင်းဖြစ်သူဗိုလ်မှူးသိန်းဝင်းရွှေ(ငြိမ်း) လေယာဉ်မှူးကြီး(Air KBZ)-ဒေါ်မြဝင်းသာ တို့၏ ဖခင် ဦးစောရွှေ(၈၄)နှစ်သည် ၃၁-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

# အနိစ္စ

## ဦးခင်ဝင်း (၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ကွက်သစ်(၁)လမ်း၊ အမှတ်(၁၄)နေ (ဦးမောင်ကြိုင်-ဒေါ်ရင်ဟုန်)တို့၏သား၊ ဒေါ်အေးအေးမော်၊ ဒေါ်တင်တင်၊ ဦးဌေးဝင်း-ဒေါ်ကြူကြူ၊ ဦးဝင်းစိန်-ဒေါ်စန်းမြင့်၊ ဦးဝင်းသိန်း-ဒေါ်ခင်သန်းဝင်း၊ [ဦးဝင်းတင်(ခ) ဦးသြဘာ]၊ ဦးချစ်လှ-ဒေါ်ခင်သိန်းတို့၏ညီ/မောင်၊ ဦးမောင်ကြီး-ဒေါ်ဌေးဌေးဝင်း၊ (ကိုမောင်ငယ်)၊ ဒေါ်လှလှ၊ ဦးကျော်ကျော်-ဒေါ်ခင်ရွှေ၊ ဦးသိန်းရွှေ-ဒေါ်ခင်သက်လျာအေး တို့၏ အစ်ကို၊ ဒေါ်ထွေးထွေးအောင်၏ ခင်ပွန်း၊ မောင်ဖြိုးဟန်ကျော်၏ဖခင်၊ အမှတ်(၂၄)၊ နတ်ချောင်း ကွက်သစ်(၁)လမ်းနေ ဦးခင်ဝင်းသည် ၂-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဇော်လွင်မျိုး (၅၁)နှစ်
### (နေခြည်စားသောက်ဆိုင်)
### (တိုက်ကြီးမြို့နယ်အသင်းဝင်)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ ဒေါ်ကျင်သန်း(ရွှေအုန်းသီး-ရွှေထီးသက်န်းဆိုင်)၏တူ/သား၊ (ဦးရွှေသီး)-ဒေါ်ကျင်တီတို့၏ဒုတိယသား၊ ရန်ကုန်မြို့နေ ဦးခေတ်လာ-ဒေါ်စွက်တီတို့၏ သားသမက်၊ တိုက်ကြီးမြို့နေ ဦးကိုနိုင်-ဒေါ်ကြည်ကြည်အေး(မော်ဒါန်စားသောက်ဆိုင်)တို့၏ညီ၊ ဦးကျောက်ကျော်မိုး-ဒေါ်ဇင်မာအောင်တို့၏အစ်ကို၊ ကိုဖြိုးလင်းဇော်-မပြုံးသီရိညွန့်၊ မနှင်းဇာခြည်လွင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ပိုင်မျိုးဇော်၏အဘိုး၊ ဒေါ်မာမာလွင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၆-၂၀၁၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းနု (၄၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၁) ဖိနပ်စက်ရုံဝန်ထမ်းအိမ်ရာနေ ဦးဌေးလွင်-ဒေါ်အုန်းမြင့်တို့၏သမီး၊ ဒေါ်နီနီဝင်း၊ ဦးရဲလင်းအောင် - ဒေါ်ဆွေဇင်ဝင်း၊ ဦးမိုးကျော်သူ-ဒေါ်ခင်လှလှ၊ ဦးအောင်သူ-ဒေါ်မြတ်စုဝင်း၊ ဦးမြတ်မင်းဇော်-ဒေါ်ခင်ဌေးဌေးကျော် တို့၏ အစ်မ၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၆)လမ်း၊ အမှတ်(၂၁)နေ (ဦးစိုးလှိုင်)-ဒေါ်မြသင်တို့၏သမီးချွေးမ၊ ဦးမောင်မောင်ဇော်(ရိုးမဘဏ်)-ဒေါ်ဌေးဌေးရီ (က/မ၊ ငြိမ်း)၊ ဗိုလ်မှူးသိန်းထွန်း(မြဝတီစာပေတိုက်) - ဒေါ်မြင့်မြင့်ဦးတို့၏ညီမ၊ ဦးကျင်ငြိမ်း-ဒေါ်ရီရီစိုး(ကျန်းမာရေးဓာတ်ခွဲ)၊ ဦးလှမျိုး (ရိုးမဘဏ်)-ဒေါ်အမာကြည်တို့၏အစ်မ၊ (မောင်အောင်ကိုကို)၏ မိခင်၊ ဦးအောင်သူ၏ ချစ်လှစွာသော ဇနီးသည် ၃၁-၅-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။) (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၆-၂၀၁၅ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ဘုရား၊ သံဃာ အစရှိသော ပင့်သံဃာ အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါသောကြောင့်လှိုင်မြို့နယ်(၁၆)ရပ်ကွက်၊မာလာမြိုင် (၆)လမ်း၊ အမှတ်(၂၁) နေအိမ်သို့ ရက် လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မအေးသူဇာမိုး (၁၇)နှစ်
### ပထမနှစ်ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တုံးတင်ကန်တောင်ကျေးရွာနေ (ဦးလှမြင့်-ဒေါ်အုံးကြိုင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူးမြို့နယ်၊သခွတ်ပင်ကျေးရွာနေ (ဦးအေးကြူ-ဒေါ်ခင်ဝင်း)တို့၏ မြေး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ (၇၁/၅)နေ ဦးဌေးဝင်း-ဒေါ်နီလာအေး [(ထင်လင်းအောင်) အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး] တို့၏ ချစ်လှစွာသောသမီး မအေးသူဇာမိုးသည် ၃၁-၅-၂၀၁၅(တနင်္ဂနွေနေ့) တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဂန္ဓကုဋီတိုက် ဒါယကာကြီး
## ဦးတင်ရှိန်(ဖျာပုံ)
## အသက်(၉၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ ရွှေနတ်ကူဘုရားလမ်း၊ အမှတ်(၆)နေ (ဦးကျင်-ဒေါ်သိန်းရှင်)(ဒေါ်ကြည်)တို့၏သားကြီး၊ ဒေါ်နွယ်နွယ်(စီမံကိန်း)-ဦးကျော်ရှင်၊ ဒေါ်စန်းစန်းကြည်-(ဦးဝင်းလွင်)၊ ဒေါ်လှလှမြင့်-ဒုမှူးကြီး(ငြိမ်း) ကျော်ဝင်း၊ ဒေါ်ခင်ဝင်းသော်-ဦးဝင်း အောင်(PGI၊ ဒေါ်ပုံ)၊ ဦးတင်လွင်(အာရှမယ်)-ဒေါ်ခင်လှဝင်း၊ ဒေါ်ချိုချိုရှိန်-ဦးမြင့်သန်း(ပါရမီ)၊ ဦးလှိုင်ထွန်းတို့၏ ဖခင်ကြီး၊ မြေး၁၈ယောက်၊ မြစ်၁၁ယောက် တို့၏အဘိုး၊ (ဒေါ်မြသန်း)၏ခင်ပွန်း ဦးတင်ရှိန်သည် ၂-၆-၂၀၁၅(အင်္ဂါနေ့)မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆- ၂၀၁၅(စနေနေ့)မွန်းလွဲ ၁ နာရီတွင် လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးသန်းရွှေ အသက်(၈၀)
### (အငြိမ်းစားမြို့နယ်ပညာရေးမှူး)

တိုက်အမှတ်(၂၅၈)၊ အခန်း(၁၁)၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၆)နေ ဒေါ်ညွန့်ညွန့်ရွှေ(အငြိမ်းစားဆရာမ)၏ ခင်ပွန်း၊ ဒေါက်တာသီတာညွန့်သန်း(ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ထွန်းညွန့်သန်း(ခ)ဖိုးချိုတို့၏ဖခင်သည် ၂-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၅ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်း(အဖျောက်) (၇၈)နှစ်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၇၂)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၃၀၂)နေ (ဦးသူတော်-ဒေါ်လှရှိန်)တို့၏သမီးလတ်၊ (ဦးသီ-ဒေါ်အေးချယ်)တို့၏သမီးချွေးမ၊ (ဒေါ်စောမြ)၊ (ဦးတင်မောင်)-ဒေါ်သန်းမြတို့၏ညီမ၊ (ဦးဝင်းဇော်)-ဒေါ်မြမြလှိုင်၊ (ဦးကျော်ညွန့်)-ဒေါ်အေးအေးလှိုင်တို့၏အစ်မ၊ (ဦးမျိုးမင်းထိုက်)-ဒေါ်မြင့်မြင့်စန်းတို့၏မိခင်၊ တူ/တူမ ၂၂ယောက်တို့၏အဒေါ်၊ မြေး ၁၈ယောက်၊ မြစ်ငါးယောက်တို့၏အဘွား၊ ဦးစံငွေ၏ ချစ်လှစွာသောဇနီးသည် ၂-၆-၂၀၁၅ရက် နံနက် ၃း၅၅နာရီတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်(အမိန်) စစ်တွေ (၆၈)နှစ်

စစ်တွေမြို့၊ ရှုပတောင်ရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(၁၅၅)နေ (ဦးအလောင်)-ဒေါ်ငွေခိုင် တို့၏သားကြီး၊ ဦးစိုးနိုင်-ဒေါ်ဝေဝေလွင်တို့၏မောင်၊ ဒေါ်မေလွင်၊ ဒေါ်ခင်လွင်၊ ဦးအောင် သန်း-ဒေါ်ရီလွင်၊ (ဦးရုပ်အွင်)-ဒေါ်ထွေးလွင်၊ ဦးမြင့်သိန်း၊ ဒေါ်မီမီလွင်၊ ဦးအောင် ခင်-ဒေါ်ခိုင်ခိုင်လွင် တို့၏အစ်ကိုကြီး၊ ဒေါ်တင်တင်မြ(အ. ထ. က-၂စစ်တွေ) ၏ခင်ပွန်း ဦးအောင်မြင့်သည် ၃၁-၅-၂၀၁၅(တနင်္ဂနွေနေ့)နံနက် ၁၀း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီ တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ [တိုက်(၁၁-က)၊ အခန်း(၃၂)၊ (၆)ရပ် ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁ နာရီ တွင် ထွက်ပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၅(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းအမ၊ အလှူ့ဒါယိကာမ၊ ငါန်းဇွန်မြို့နယ် သားကြင်ကျေးရွာ တိုက်နယ်ဆေးရုံအလှူရှင်
## ဒေါ်ညွန့်ညွန့်အောင်(ခ)ဒေါ်မာဂျရီအောင်ခင် (၆၇)နှစ်
### စိန့်ဖလိုးကျောင်းသူဟောင်း B.Sc (Chemistry) ကျောင်းဆရာမ(ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း(၁၃၉/က)နေ (ဦးမြ-ဒေါ်အုံးစိန်)တို့၏ မြေး၊ (ဦးအောင်ခင်-ဒေါ်ညွန့်မေ)တို့၏ သမီး၊ (အထောက်တော်လှအောင်)-ဒေါ်ကြည်ကြည်မြင့်တို့၏ သမီး၊ ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သန်း-ဒေါ်မေသင်းအောင်၊ (ဦးကိုကိုအောင်)-ဒေါ်ခင်ကြူ တို့၏ ညီမ၊ ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)-ဒေါ်သန္တာအောင်တို့၏ အစ်မ၊ ကိုဇော်ရဲနောင်(ဖိုးသား)-မခိုင်ဝါအောင် တို့၏ မွေးစားမိခင်၊ မဖြူသန့်စင်၊ မသဇင်ဖေချစ်၊ မရွှန်းလဲ့ကိုကို၊ မဝင်းလဲ့ကိုကို၊ မဝေလဲ့ကိုကို၊ မရှိန်းလဲ့ကိုကို၊ ကိုကျော်သက်အောင်၊ မဟန်စုတင် တို့၏ အဒေါ်သည် ၂-၆-၂၀၁၅ ရက် နံနက် ၁၁ နာရီတွင် အောင်ရတနာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးဌေးမော် (၄၉)နှစ်
### (TTC ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်း၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၃၄/၈)နေ (ဦးမောင်မောင်ကြီး)-ဒေါ်ညွန့်ညွန့်ခင်တို့၏သမီးငယ်၊ (ဦးတင်အောင်-ဒေါ်လှသန်း)တို့၏သမီးချွေးမ၊ ဦးကျော်ဆန်း(Golden Rain Enterprise)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်လောင်းသုထက်ထွန်း( 1st year,DSTA)၊ မောင်လင်းဝေယံအောင် (Grade 8 E, TTC)တို့၏ချစ်လှစွာသောမိခင်၊ ဦးမြတ်ကျော်၊ ဒေါ်စန်းစန်းဝေ(ဒု/ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးကျော်ဇောတို့၏ညီမ၊ ဦးညီညီနိုင်-ဒေါ်နီနီရွှေ၊ ဦးမောင်မောင်ခိုင်-ဒေါ်ရည်မွန်အောင်တို့၏အစ်မ ဒေါ်ဌေးဌေးမော်သည် ၃၁-၅-၂၀၁၅ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
## ဦးဘုန်းမြင့် WILLIAM TIN
### ST,FRANCIS BOY'S SCHOOL
### BA (Phyco)
## အသက်(၆၇)နှစ်

ကန်တော်ကြီးသန်းဆုဌာန၊ သစ္စာပန်းမသိန်းဆေးလိပ်ရုံ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်း၊ (၃၅)နေ ဒေါ်ကျော့ကျော့ခင်၏ ခင်ပွန်း၊ ဒေါက်တာထွန်းနန္ဒ-ဒေါ်ဖုံဖုံမြင့်တို့၏ဖခင်၊ ကိုရဲလင်းထွတ်-မဝါဝါသူဇာ၊ ကိုသူရိန်ကျော်ဇော-မသရဖီ၊ ကိုမင်းသန့်ဇော်၊ ကိုယ၊ မခင်နှင်းစုတို့၏ဦးလေး၊ မောင်ဝေမင်းပိုင်၊ မဇာယာသူဇာထွတ်၊ မသာယာသူဇာထွတ်တို့၏ ဘိုးဘိုး ကိတ္တိမသားရှင်အပါး(၁၀၀)၏ ဒါယကာကြီးသည် ၃၀-၅-၂၀၁၅(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၅ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွေး (၅၄)နှစ်

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ ပိတောက်လမ်း၊ အမှတ်(၂၉)နေ ဦးတင်ဝင်း-(ဒေါ်တင်လှိုင်)တို့၏ဒုတိယသား၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်နေ ဦးစိုင်းဆမ်-ဒေါ်နန်းဆိုင်မွန်တို့၏ သားသမက်၊ ဒေါ်မွန်မွန်ခိုင်၏ ခင်ပွန်း၊ မခင်ရွှန်းလဲ့ဝေ၊ မခင်ငြိမ်းလဲ့ဝေတို့၏ဖခင်၊ ဟဲဟိုးမြို့နေ ဦးတင့်လွင်ဦး-ဒေါ်ကြင်ကြင်ဝိုင်၊ ရန်ကုန်မြို့နေ ဦးကျော်ဝင်း၊ ဒေါ်မြင့်မြင့်ကြည်၊ တောင်ကြီးမြို့နေ ဦးလှတင်-ဒေါ်သန်းသန်းစီ၊ ဦးသောင်းဌေး-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးစန်းလှိုင်)-ဒေါ်သန်းသန်းရီတို့၏ညီ/မောင်၊ ရန်ကုန်မြို့နေ ဦးဝင်းလှိုင်ထွန်း-ဒေါ်နန်းရီထွေး၊ တောင်ကြီးမြို့နေ ဒေါက်တာဒေါ်ဥမ္မာဝင်းတို့၏အစ်ကို၊ တူ/တူမ ၁၆ ယောက်တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုးလေး ဦးခင်မောင်ထွေးသည် ၂-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၃း၁၅နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ (၆)မိုင်ဟုတ်ကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဉာဏဝရ (သာသနဓဇဓမ္မာစရိယ)
## သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ နတ်စောင့်ကျေးရွာအုပ်စု၊ ကူရွာလေသာကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဝရသည် (၁၃၇၇ခုနှစ်၊ နယုန်လဆန်း ၈ရက်) ၂၅-၅-၂၀၁၅(တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ပထမဝါဆိုလဆန်း(၁၁၊ ၁၂၊ ၁၃)ရက်၊ (၂၇၊ ၂၈၊ ၂၉-၆-၂၀၁၅)ရက်နေ့များတွင် အဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကော်မတီ

## ဒေါ်အမာကြည် (၇၈)နှစ်
### အထက်တန်းပြဆရာမ(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်အမှတ်(၃၀၇)၊ အခန်း (၅)နေ [ဗိုလ်မှူးမောင်မောင်(ငြိမ်း)]၏ဇနီး၊ (ဦးအေးဖေ)-ဒေါ်တင်လှိုင်၊ ဒေါက်တာ အေးမောင်-ဒေါ်စီစီ၊ (ဦးတင့်လှိုင်)-ဒေါ်ထားထားတို့၏ ညီမ၊ ဒေါ်ညိုညို၊ (ဦးခင်မောင်ကြည်)-ဒေါ်ချိုချို၊ ဦးမြင့်အောင်-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ ဦးဝင်းဇင်ထွန်း -ဒေါ်သက်သက်ဝင်း၊ ဦးအောင်မွန်-ဒေါ်သက်သက်နွယ်၊ ဒုတိယဗိုလ်မှူးကြီးသောင်းထိုက် မဆရ(၁၄)-ဒေါ်ခင်စန္ဒာမြင့်တို့၏မိခင်၊ မောင်အောင်သီဟ၊ မအေးစုရည်မွန်၊ မောင်ကောင်းထိုက်အောင်တို့၏အဘွားသည် ၂-၆-၂၀၁၅ ရက် ၆း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည် (၇၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ ခြံအမှတ်(၇၄)စီနေ (အငြိမ်းစားသံအမတ်ကြီးဒေါက်တာကျော်ဝင်း)၏ချစ်လှစွာသောဇနီး၊ (ဦးချစ်မောင်-ဒေါ်သန်းမြင့်)တို့၏သမီး၊ (ဦးဖိုးစ-ဒေါ်ခင်လေး)တို့၏သမီးချွေးမ၊ ဒေါက်တာထွဋ်မှူးကျော်ဝင်း(ခေတ္တ-USA)၊ ဒေါ်အေးစန္ဒာကျော်ဝင်း (ခေတ္တ-UK)-ဦးအောင်ကျော်စိုး၊ ဦးအောင်ကျော်ဝင်း-ဒေါ်ကြည်ကြည်စန်းတို့၏ ချစ်လှစွာသောမိခင်၊ မသံသာကျော်စိုး (ခေတ္တ-UK)၊ မဆုနဒီကျော်ဝင်းတို့၏ ချစ်လှစွာသော အဘွား ဒေါ်ကြည်ကြည်သည် ၁-၆-၂၀၁၅ (တနင်္လာနေ့) ည ၇း၁၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၅ (သောကြာနေ့) ညနေ၃နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ငွေရီ(ပုသိမ်) (၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၄)လမ်း၊ အမှတ်(၇၄၀)နေ (ဦးဘဌေး-ဒေါ်မယ်လှ)တို့၏သမီးအငယ်ဆုံး၊ (ဦးမောင်ကျင်)၏ဇနီး၊ (ဦးသိန်းဟန်-ဒေါ်မြင့်မြင့်)၊ ဦးကြည်စိန်-ဒေါ်ခင်အေးကြူ၊ ဒေါက်တာဦးအုန်းသွင် (ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဝဲချောင်းရွာ၊ ပုသိမ်အရှေ့နေ ဦးအောင်မြိုင်-ဒေါ်အေးကြူတို့၏ အချစ်ဆုံးဒေါ်လေး၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏အဘွားလေးသည် ၁-၆-၂၀၁၅(တနင်္လာနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးမြင့်ဦး(ငြိမ်း) OTS (38) အသက်(၇၃)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)(မြိတ်)
### စက်မှု(၁)(ကြွေ/မြေ)

မြိတ်မြို့နေ (ဦးမဲငယ်-ဒေါ်ထွေးခင်)တို့၏သားကြီး၊ (ဦးဘသက်-ဒေါ်နုခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂၀)၊ ကွက်သစ်လမ်း၊ ရေကျော်ရပ်ကွက်နေ ဒေါ်ခင်မြဝင်း (အ. ထ. ပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစည်သူမောင်၊ ကိုစည်သူအောင်-မလီလီနိုင်၊ ကိုဖြိုးဇော်သိန်း-မမေသူခင်တို့၏ချစ်လှစွာသောဖခင်၊ မမြဒါလီအောင်၊ မဟန်နီလေးတို့၏ချစ်လှစွာသောအဘိုးသည် ၂-၆-၂၀၁၅(အင်္ဂါနေ့)မွန်းလွဲ ၁၂း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၈- ၆-၂၀၁၅ (တနင်္လာနေ့)နံနက်၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးဌေးမော် (၄၉)နှစ်
### (TTC ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်း၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၃၄/၈)နေ (ဦးမောင်မောင်ကြီး)-ဒေါ်ညွန့်ညွန့်ခင်တို့၏သမီးငယ်၊ (ဦးတင်အောင်ဦး-ဒေါ်လှသန်း)တို့၏သမီးချွေးမ၊ ဦးကျော်ဆန်း(Golden Rain Enterprise)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်လောင်းယုထက်ထွန်း(1st year,DSTA)၊ မောင်လင်းဝေယံအောင်(Grade VIII E, TTC)တို့၏ချစ်လှစွာ သောမိခင်၊ ဒေါက်တာဌေးအောင်-ဒေါ်အေးအေးမော်(နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)တို့၏ညီမ၊ ဦးသက်နိုင်မော်(ဦးစီးအရာရှိ၊ စစစ၊ ချင်းပြည်နယ်)-ဒေါ်သိမ့်သိမ့်တို့၏အစ်မ ဒေါ်ဌေးဌေးမော်သည် ၃၁-၅-၂၀၁၅ရက် နံနက် ၃နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်နွယ်
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ် (9)A နေ (ဦးကျင်မောင်-ဒေါ်ငွေမိုး)တို့၏သမီး၊ (ဦးဝိုရား-ဒေါ်ကျောက်တီ)တို့၏သမီးချွေးမ၊ (ဦးစိန်ဝင်း)၏ဇနီး၊ American နိုင်ငံ Sanfarn-cisco မြို့နေ Jhon Wong-ဒေါ်ဝင်းပပမျိုး၊ ဦးကျော်မိုးရှိန်-ဒေါ်ဇင်မာဝင်း၊ ဦးသန်းဇော်ဝင်း-ဒေါ်သီဂီအောင်တို့၏ ချစ်လှစွာသောမိခင်၊ မခိုင်ကျော်ဇင်သော်၊ မယွန်းပြည့်မွန်(MISY)၊ မောင်ထူးမြတ်ဘုန်းရှိန်၊ Brian Wong၊ မပိုးနှင်းဖြူ တို့၏အဘွား ဒေါ်တင်တင်နွယ်သည် ၂-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၃နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်အောင်ကိုကို(ခ)ဖိုးလပြည့်
## အသက်(၁၈)နှစ်

မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ဖိနပ်စက်ရုံဝန်ထမ်း အိမ်ရာနေ ဦးဌေးလွင် -ဒေါ်အုန်းမြင့်၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၂၁)နေ (ဦးစိုးလှိုင်)-ဒေါ်မြသင်တို့၏မြေး၊ ဦးအောင်သူ-(ဒေါ်စန်းစန်းနု)တို့၏ချစ်လှစွာသော သားသည် ၁-၆-၂၀၁၅ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍၇-၆-၂၀၁၅(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၂၁) နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။] ကျန်ရစ်သူမိသားစု

Hot Line No-0930500100

"ကမ္ဘာ့အဆင့်ကို စကန်တာမို့ ရှုံးသွားလည်း ရှုံးရကျိုးနပ်တယ်၊ အတွေ့အကြုံရတယ်ဆိုတဲ့ အနေအထားနဲ့ ကျေနပ်လက်ခံပါတယ်"

ဦးထွန်းအောင်(လမ်းမတော်မြို့နယ်)



## မြန်မာအသင်းမှာ ရှုံးသော်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ခဲ့ နိုင်ငံတော်သမ္မတကြီးနှင့် အတူ တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်အားပေးသွားမည်

**ဖန်ဂရေး ဇွန် ၂**

၂၀၁၅ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နယူးဇီလန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာယူ-၂၀ အသင်းသည် ယူကရိန်း ယူ-၂၀အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းမှာ ရှုံးသော်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြောင်း တွေ့မြင်ရသည့်အတွက် နိုင်ငံတော်သမ္မတကြီးနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးကဆက်လက်အားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဖွင့်ပွဲတွင် အမေရိကန်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သည့် မြန်မာယူ-၂၀အသင်းမှာ ယခုပွဲတွင်လည်း ဥရောပနာမည်ကြီး ယူကရိန်းအသင်းထံမှ အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် မမျှော်လင့်ဘဲ ဂိုးများဆက်တိုက်ပေးခဲ့ရသောကြောင့် ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ အတွေ့အကြုံနုနယ်သေးသည့် မြန်မာအသင်းအတွက် သင်ခန်းစာတစ်ခုဖြစ်ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲဖြစ်သည့် အိမ်ရှင် နယူးဇီလန်အသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ခြေရည်တူကစားနိုင်ခဲ့ပြီး စာမျက်နှာ ၉ ကော်လံ ၁ သို့●

### တွေ့ဆုံမေးမြန်း - ကြေးမုံသတင်းအဖွဲ့

U-20 WORLD CUP NEW ZEALAND 2015

မြန်မာ့ဘောလုံးသမိုင်းတွင် မြန်မာယူ-၂၀ အသင်းအနေဖြင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ယူ-၂၀ ကမ္ဘာ့ဖလားကျင်းပသည့် နယူးဇီလန်နိုင်ငံတွင် ပွဲဦးထွက်အနေဖြင့် မေ ၃၀ ရက်က မြန်မာယူ-၂၀ အသင်းနှင့် အမေရိကန်ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ထိုပွဲတွင် မြန်မာယူ-၂၀ အသင်းအနေဖြင့် အမေရိကန်ယူ-၂၀ အသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း အတွေ့အကြုံအားနည်းမှု၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုတို့တွင် မယှဉ်နိုင်သောကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဇွန် ၂ ရက်ကလည်း မြန်မာယူ-၂၀ အသင်းမှာ ယူကရိန်းယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ခြောက်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး အုပ်စုမှတက်ရန် မျှော်လင့်ချက်မှာ မှေးမှိန်ခဲ့ရသည်။ အုပ်စုမှတက်ရန် မျှော်လင့်ချက်မှေးမှိန်ခဲ့သော်လည်း မြန်မာပြည်သူလူထု၏ အသည်းနှလုံးတွင်မူ ရှုံးနိမ့်မှုကို ပဓာနမထားဘဲ ပြိုင်ပွဲဝင်အားကစားစိတ်ဓာတ်ဖြင့် ရေကုန်ရေခန်းကစားခဲ့သည့် မြန်မာယူ-၂၀ အသင်းကို လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြသည်ကို နေရာတိုင်းတွင် တွေ့ရှိရသည်။ မြန်မာယူ-၂၀ အသင်းနှင့်ပတ်သက်၍ မြန်မာဘောလုံးပရိသတ်အချို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးထွန်းအောင်(လမ်းမတော်မြို့နယ်)**

ဂုဏ်ယူစရာပါပဲ၊ မြန်မာက ကမ္ဘာ့အဆင့်နဲ့ အလှမ်းဝေးနေတာတော်တော်ကြာပြီ။ ကမ္ဘာ့အဆင့်မဝင်တာ နှစ် ၅၀ ကျော်လောက်ရှိပြီ။ တဖြည်းဖြည်း စာမျက်နှာ ၉ ကော်လံ ၁ သို့☆

## ဖလွိုက်မေဝယ်သာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် အမီယာခန်မျှော်လင့်



အင်္ဂလန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အမီယာခန်။

အင်္ဂလန်လက်ဝှေ့ကျော် အမီယာခန်သည် ရှုံးပွဲမရှိ စံချိန်တင် အမေရိကန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဖလွိုက်မေဝယ်သာနှင့် စက်တင်ဘာလအတွင်း ထိုးသတ်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဖလွိုက်မေဝယ်သာသည် လက်ရှိတွင် အင်္ဂလန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အမီယာခန်က စက်တင်ဘာလအတွင်း ထိုးသတ်ရန်ရည်ရွယ်ထားခြင်းခံထားရသည့်အပြင် လွန်ခဲ့သည့်ခြောက်နှစ်က မေဝယ်သာအား ရှုံးပွဲကြုံထားသည့် ဂျူအန်မားကွက်ဇ်ကလည်း မေဝယ်သာနှင့် မကျေပွဲပြန်လည်ထိုးသတ်ရန်ရှိနေသည်။

လက်ရှိအချိန်တွင် ဖလွိုက်မေဝယ်သာသည် အမီယာခန်နှင့် ထိုးသတ်မည်လား သို့မဟုတ် ဂျူအန်မားကွက်ဇ်နှင့် ထိုးသတ်မည်လားဆိုသည်ကို ကွဲကွဲပြားပြားမသိရသေးသော်လည်း ဖလွိုက်မေဝယ်သာ၏ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝမှ အနားမယူမီကာလအတွင်း နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်မည့်ပွဲလည်း ဖြစ်လာမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့■



အမေရိကန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဖလွိုက်မေဝယ်သာ။


ယန်စီမြစ်အတွင်း ခရီးသည်တင်သင်္ဘောနစ်မြုပ် ကယ်ဆယ်ရေးလုပ်ငန်း ဝန်ကြီးချုပ်လီ ကြီးကြပ်
စာမျက်နှာ - ၄

ရခိုင်ပြည်နယ် အလုံးစုံ ဖွံ့ဖြိုးတိုးတက်ရေးကသာလျှင် အဖြေဖြစ်ပါသည်
စာမျက်နှာ - ၆

အဲကွန်းမြို့ပတ်ရထား အကောင်းဆုံးစီးဖို့
စာမျက်နှာ - ၁၀


themirror.npt@gmail.com
www.facebook.com/themirrordaily